မြန်မာ့အလင်း

အတွဲ (၅၃) အမှတ် (၁၅၆)

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၇၅ ခုနှစ်၊ တပေါင်းလဆန်း ၅ ရက် ၂၀၁၄ ခုနှစ်၊ မတ် ၅ ရက်၊ ဗုဒ္ဓဟူးနေ့။

ဒို့တာဝန်အရေး (၃) ပါး

- ❒ ပြည်ထောင်စု မပြိုကွဲရေး။
- ❒ တိုင်းရင်းသား စည်းလုံး ညီညွတ်မှု မပြိုကွဲရေး။
- ❒ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။

ပူးပေါင်းဆောင်ရွက်မှုနယ်ပယ်တွင် တိုးတက်မှုရရှိအောင်ဆောင်ရွက်ရေး အလေးထားဆောင်ရွက်နေ

နေပြည်တော် မတ် ၄

တတိယအကြိမ် ဘင်းမ်စတက်ထိပ်သီးအစည်းအဝေးဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(MICC)၌ ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တက်ရောက်၍ နှုတ်ခွန်းဆက်မိန့်ခွန်းပြောကြားသည်။

ဖွင့်ပွဲအခမ်းအနားသို့ ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများဖြစ်ကြသည့် ဘင်္ဂလားဒေ့ရှ်နိုင်ငံဝန်ကြီးချုပ် ရှိတ်ဟာဆီနာ၊ ဘူတန်နိုင်ငံဝန်ကြီးချုပ် မစ္စတာ တီရှားရင်းတော့ဂေး၊ အိန္ဒိယသမ္မတနိုင်ငံဝန်ကြီးချုပ် ဒေါက်တာ မန်မိုဟန်ဆင်း၊ နီပေါနိုင်ငံဝန်ကြီးချုပ် မစ္စတာဆူရှီးကွိုင်ရာလာ၊ သီရိလင်္ကာဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံသမ္မတ မစ္စတာ မဟိန္ဒာရာဂျပက်ဆာ၊ ထိုင်းနိုင်ငံဝန်ကြီးချုပ်၏ အထူးကိုယ်စားလှယ်အမြဲတမ်းအတွင်းဝန် Mr.Sihasak Phuangketkeow၊ ပြည်ထောင်စုဝန်ကြီးများ၊ ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံခြားရေးနှင့် ပြည်ပရေးရာဝန်ကြီးများ၊ အဆင့်မြင့်အရာရှိကြီးများ၊ အာရှဖွံ့ဖြိုးရေးဘဏ်မှ မြန်မာနိုင်ငံကိုယ်စားလှယ်ရုံး အကြီးအကဲ Mr.Putu Kamayana၊ ဘင်းမ်စတက်နိုင်ငံများမှ သံအမတ်ကြီးများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် တတိယအကြိမ် ဘင်းမ်စတက်ထိပ်သီးအစည်းအဝေးဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသည့် ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများမှ ခေါင်းဆောင်များအား မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန အဝင်ခန်းမကြီး၌ ရင်းနှီးခင်မင်စွာ ကြိုဆိုနှုတ်ဆက်သည်။ ***စာမျက်နှာ ၈ ကော်လံ ၁*** ✳

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တတိယအကြိမ် ဘင်းမ်စတက်ထိပ်သီးအစည်းအဝေးဖွင့်ပွဲအခမ်းအနားတွင် နှုတ်ခွန်းဆက်မိန့်ခွန်းပြောကြားစဉ်။ (သတင်းစဉ်)

ယနေ့ မာတိကာ

အမေရိကန် နျူကလီးယား ရေငုပ်သင်္ဘော တောင်ကိုရီးယားသို့ ရောက်ရှိလာဟုဆို စာ » ၄

ရှစ်ထပ်တိုက်ဆောက်ရန် မြေတူးရာ အနီးဝန်းကျင်မှ နေအိမ်နှင့် အုတ်တံတိုင်းပြိုကျ စာ » ၁၂

ကြော်ငြာအချပ်ပို လေးမျက်နှာပါရှိ

ယနေ့ထုတ် မြန်မာ့အလင်း သတင်းစာတွင် ကြော်ငြာအချပ်ပို လေးမျက်နှာ ပါရှိပါသည်။

ရန်ကုန်-ကူမင်း-ချန်ဒူး ခရီးစဉ် Air China က ပြေးဆွဲပျံသန်းမည်

ရန်ကုန် မတ် ၄

ပြုပြင်ပြောင်းလဲမှုများနှင့်အတူ နိုင်ငံတကာနှင့် ရင်းနှီးနွေးထွေးစွာ ဆက်ဆံလျက်ရှိသည့် မြန်မာနိုင်ငံအား ကမ္ဘာ့နိုင်ငံများက စိတ်ဝင်စားနေသဖြင့် လာရောက်လည်ပတ်လေ့လာလိုသူများ တိုးပွားလာမှုကြောင့် လေကြောင်းလိုင်း တိုးချဲ့ပြေးဆွဲမှုများ စီစဉ်နေလျက်ရှိရာ Air China လေကြောင်းလိုင်းက လေကြောင်းခရီးစဉ်သစ် တစ်လိုင်းကို လာမည့်ဧပြီလဆန်းမှ စတင်ကာ ပြေးဆွဲရန် စီစဉ်နေပြီဖြစ်သည်။

အဆိုပါ လေကြောင်းခရီးစဉ်သစ်မှာ ရန်ကုန်-ကူမင်း-ချန်ဒူးခရီးစဉ်

သတင်း-မောင်မောင်မြင့်ဆွေ ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

လိုင်းဖြစ်ပြီး နေ့စဉ်ပြေးဆွဲမည့်ခရီးစဉ်လည်းဖြစ်သည်။ အသစ်ပြေးဆွဲမည့် ခရီးစဉ်လိုင်းသည် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ နေ့စဉ်မွန်းလွဲ ၁၂ နာရီ ၁၅ မိနစ်မှ စတင်ကာ ထွက်ခွာမည်ဖြစ်သည်။

ရန်ကုန်မှမွန်းလွဲ ၁၂ နာရီ ၁၅ မိနစ်၌ စတင်ထွက်ခွာမည့်Air China လေယာဉ်သည် တရုတ်နိုင်ငံကူမင်းမြို့သို့ ညနေ ၃ နာရီ ၄၅မိနစ်တွင် ရောက်ရှိမည်ဖြစ်သည်။ ကူမင်းလေဆိပ်မှ ညနေ ၄ နာရီ ၅၅ မိနစ်တွင် ထွက်ခွာကာ တရုတ်နိုင်ငံ ချန်ဒူးလေဆိပ်သို့ ညနေ ၆ နာရီ ၁၅ မိနစ်၌ ဆိုက်ရောက်မည်ဖြစ်သည်။ အဆိုပါခရီးစဉ်ကို ဧပြီလဆန်းမှ စတင်ကာ နေ့စဉ်ပြေးဆွဲပေးတော့မည်ဖြစ်သည်။

Air China လေကြောင်းလိုင်းသည် ယခင်ပြေးဆွဲနေသော ရန်ကုန်-ပေကျင်း-ရန်ကုန်ခရီးစဉ်ကို ညပိုင်းသို့ ပြောင်းလဲပြေးဆွဲသွားမည်ဖြစ်သည်။ လက်ရှိပြေးဆွဲပျံသန်းနေသော Air China လေကြောင်းလိုင်းမှ ၇၃၇/၇၀၀ လေယာဉ်သည် ရန်ကုန်မှ ပေကျင်းသို့ အပတ်စဉ် တနင်္လာ၊ ဗုဒ္ဓဟူး၊ သောကြာနှင့် တနင်္ဂနွေနေ့များတွင် ပျံသန်းပေးလျက်ရှိသည်။

ယင်းခရီးစဉ်ဖြစ်သည့် ရန်ကုန်-ပေကျင်း ရန်ကုန်လေကြောင်းခရီးစဉ်သည် ***စာမျက်နှာ ၅ ကော်လံ ၆*** ✳



မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

မြန်မာအတွက် ဘင်းမ်စတက်

ကမ္ဘာပေါ်ရှိ တိုင်းနိုင်ငံအသီးသီးတို့သည် ပထဝီအနေအထား ပေါ်မူတည်ပြီး နိုင်ငံနှင့်ဒေသ၏ အကျိုးစီးပွားအလို့ငှာ အဖွဲ့အစည်းများ ဖွဲ့စည်းထူထောင်ခဲ့ကြလေသည်။ အရှေ့တောင်အာရှဒေသကို အကြောင်းပြုပြီး အာဆီယံပေါ်ပေါက်ခဲ့သည်။ မဲခေါင်မြစ်ကို အစွဲပြုပြီး မဟာမဲခေါင်ဒေသခွဲနိုင်ငံများဟု ပေါ်ပေါက်ခဲ့သည်။ အလားတူ ဘင်းမ်စတက်အဖွဲ့သည်လည်း ဘင်္ဂလားပင်လယ်အော်ကိုအကြောင်းပြုပြီး ပေါ်ပေါက်ခဲ့ရပေသည်။ မည်သို့ပင်ရှိစေကာမူ ဤအဖွဲ့အစည်းအားလုံးသည် ဒေသတွင်းပြည်သူအားလုံး၏ အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ရန်နှင့် အပြန်အလှန် ဖေးမကူညီပြီး ကြီးပွားတိုးတက်စေရန် ဖွဲ့စည်းပေါ်ပေါက်လာခြင်း ဖြစ်သည်။

ဤသည်တို့အနက် ဘင်းမ်စတက်အဖွဲ့အစည်းကို ပေါ်ပေါက်လာစေရန် တွန်းအားပေးပံ့ဖော်ခဲ့သော အဓိကနိုင်ငံများမှာ ထိုင်းနှင့် အိန္ဒိယနိုင်ငံတို့ ဖြစ်ပါသည်။ ဤအဖွဲ့အစည်းသည်ကား အနောက်ဘက်အိမ်နီးချင်း အာရှနိုင်ငံများနှင့် စီးပွားရေးတိုးချဲ့လုပ်ကိုင်လိုသော ထိုင်းနိုင်ငံနှင့် အရှေ့တောင်အာရှနိုင်ငံများနှင့် စီးပွားရေးအရ ပိုမိုနီးကပ်စွာ ဆက်သွယ်ဆောင်ရွက်လိုသော တောင်အာရှနိုင်ငံများ ပေါင်းစပ်မှုရလဒ်တစ်ခုပင် ဖြစ်ပါသည်။ ဤသို့ဖြင့် ဘင်းမ်စတက်အဖွဲ့ကို ၁၉၉၇ ခုနှစ် ဇွန်လ ၆ ရက်နေ့တွင် ဘင်္ဂလားဒေ့ရှ်၊ သီရိလင်္ကာ၊ အိန္ဒိယနှင့် ထိုင်းနိုင်ငံတို့ဖြင့် ဖွဲ့စည်းခဲ့ပါသည်။ မြန်မာနိုင်ငံက ထိုနှစ် ဒီဇင်ဘာလတွင် ဘင်းမ်စတက်အဖွဲ့ဝင်အဖြစ် ဝင်ရောက်ခဲ့ပါသည်။ ဘူတန်နှင့် နီပေါတို့က ၂၀၀၄ ခုနှစ်တွင် အဖွဲ့ဝင်နိုင်ငံသစ်များအဖြစ် ဝင်ရောက်ခဲ့ကြသည်။

ပထမအကြိမ် ထိပ်သီးအစည်းအဝေးကို ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ၂၀၀၄ ခုနှစ် ဇူလိုင် ၃၁ ရက်တွင်လည်းကောင်း၊ ဒုတိယအကြိမ် ထိပ်သီးအစည်းအဝေးကို အိန္ဒိယနိုင်ငံ နယူးဒေလီမြို့၌ ၂၀၀၈ ခုနှစ် နိုဝင်ဘာ ၁၁ ရက်မှ ၁၃ ရက်အထိလည်းကောင်း ကျင်းပနိုင်ခဲ့ပါသည်။ ယခု တတိယအကြိမ် ထိပ်သီးအစည်းအဝေးကို မြန်မာနိုင်ငံ မြို့တော်နေပြည်တော်၌ မတ် ၁ ရက်မှ ၄ ရက်အထိ ကျင်းပခဲ့ပါသည်။

ဘင်းမ်စတက်အဖွဲ့ဝင် နိုင်ငံ့ခေါင်းဆောင်များ တက်ရောက်လာသော ဤထိပ်သီးအစည်းအဝေးကို မြန်မာနိုင်ငံက အိမ်ရှင်ဥက္ကဋ္ဌတာဝန်ယူပြီး ကျင်းပနိုင်ခြင်းမှာ မြန်မာပြည်သူများအတွက် အကျိုးကျေးဇူးများ ရရှိလိမ့်မည်ဟု ယုံကြည်ရပေသည်။ အထူးသဖြင့် နည်းပညာအကူအညီ၊ ရင်းနှီးမြှုပ်နှံမှု၊ ကုန်သွယ်မှုမြှင့်တင်ရေး အစရှိသည်တို့ တိုးတက်ဖြစ်ထွန်းလာနိုင်သည်။ ဤဘင်းမ်စတက်အဖွဲ့ကြီးတွင် ကဏ္ဍ(၁၄)ခု သတ်မှတ်ပြီး ဆောင်ရွက်လျက်ရှိရာ မြန်မာနိုင်ငံက စိုက်ပျိုးရေးနှင့် စွမ်းအင်ကဏ္ဍတို့၌ ဦးဆောင်နိုင်ငံအဖြစ် ဖော်ဆောင်ပေးလျက်ရှိပါသည်။

မြန်မာနိုင်ငံအတွက် ဤထိပ်သီးအစည်းအဝေးကို အိမ်ရှင်အဖြစ် လက်ခံကျင်းပနိုင်ခြင်းမှာ အလွန်ပင်ထူးခြားသည်ဟု ဆိုရပေလိမ့်မည်။ အကြောင်းသည်ကား အာဆီယံအလှည့်ကျ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်နေချိန်နှင့် တိုက်တိုက်ဆိုင်ဆိုင် ကြုံနေခြင်းကြောင့်ပင်ဖြစ်ပါသည်။ ထို့ကြောင့် ဤ၂၀၁၄ ခုနှစ်သည် မြန်မာနိုင်ငံအတွက် အခွင့်အလမ်းကောင်းများစွာ ဖန်တီးနိုင်မည့်နှစ်ဆိုလျှင် မှားမည်မဟုတ်ပါ။ အမှန်အားဖြင့် ကျွန်ုပ်တို့နိုင်ငံသည် ပထဝီအနေအထားအရ ဘင်းမ်စတက်နိုင်ငံများနှင့် အာဆီယံနိုင်ငံများ၏ အလယ်ဗဟိုတွင် ပေါင်းကူးတံတားသဖွယ် တည်ရှိနေခြင်းကပင် ထူးခြားသော အကျိုးကျေးဇူးများ ဖန်တီးနိုင်မည့်အနေအထား ဖြစ်ပါသည်။ ထိုအခွင့်အလမ်းကောင်းများကို အမိအရ အသုံးချသွားနိုင်မည်ဆိုလျှင် ကျွန်ုပ်တို့နိုင်ငံသည် အမြန်ဆုံး ကြီးပွားတိုးတက်လာမည်ဖြစ်ပါကြောင်း။ ။

ပြည်တွင်းသတင်း

နည်းပညာအကူအညီပေးရေးဆိုင်ရာ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုး

နေပြည်တော် မတ် ၄

လျှပ်စစ်စွမ်းအား ဝန်ကြီးဌာနနှင့်နော်ဝေနိုင်ငံ Norwegian Water Resources and Energy Directorate (NVE)တို့အကြား နည်းပညာ အကူအညီပေးရေးဆိုင်ရာ နားလည်မှုစာချွန်လွှာ (Memorandun of Understanding) လက်မှတ်ရေးထိုးပွဲ အခမ်းအနားကို မတ် ၃ ရက် မွန်းလွဲ ၁ နာရီခွဲက နေပြည်တော်ရှိ လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးဦးခင်မောင်စိုးက လက်ရှိအခြေအနေတွင် မြန်မာတစ်နိုင်ငံလုံးရှိ စုစုပေါင်း ၃၀ ရာခိုင်နှုန်းသာ လျှပ်စစ်ဓာတ်အား သုံးစွဲမှုအခြေအနေနှင့်လျှပ်စစ်ဓာတ်အား တိုးတက်ဖြန့်ဖြူးပေးနိုင်ရန် ရေတို/ရေရှည် အစီအမံများ ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံ၏ လျှပ်စစ်စွမ်းအားကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်ရေး (Sustainable Development)အတွက် မှန်ကန်သည့် Generation Mix ကို အခြေခံ၍ လျှပ်စစ်ဓာတ်အား ထုတ်လုပ်နိုင်ရေးအတွက် မရှိမဖြစ်လိုအပ်သည့် အမျိုးသားစွမ်းအင်စီမံချက် (National Electricity Plan)ကိုလည်း ဂျပန်နိုင်ငံရှိ JICA အဖွဲ့အစည်းနှင့် ပူးပေါင်းရေးဆွဲလျက်ရှိပြီး မကြာမီပြီးစီးတော့မည်ဖြစ်ကြောင်း၊ နည်းပညာအကူအညီပေးရေးဆိုင်ရာ နားလည်မှုစာချွန်လွှာမှ နှစ်ဖက်အကျိုးဖြစ်ထွန်းစေမည့် နယ်ပယ်ငါးခုဖြစ်သည့် ရေအားလျှပ်စစ်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများဆောင်ရွက်ခြင်း၊ အရည်အသွေးမြှင့်မွမ်းမံသင်တန်းများ ဖွင့်လှစ်သင်ကြားပေးခြင်း၊ လျှပ်စစ်ဥပဒေနှင့် နည်းဥပဒေရေးဆွဲခြင်း၊ ရေအားလျှပ်စစ်ဆိုင်ရာစံများ သတ်မှတ်ခြင်း၊ မိုးလေဝသနှင့်ဇလဗေဒဆိုင်ရာ Data Base တည်ဆောက်ခြင်းများကို ပူးပေါင်းဆောင်ရွက်ရန် အတိအလင်း ဖော်ပြထားကြောင်း။

နော်ဝေနိုင်ငံသည် ကမ္ဘာပေါ်တွင် ရေအားလျှပ်စစ်နည်းပညာ အဖွံ့ဖြိုးဆုံးနိုင်ငံများအနက် တစ်နိုင်ငံအပါအဝင်ဖြစ်ပြီး Norwegian Water Resources and Energy Directorate(NVE)၏ ရေအားလျှပ်စစ်ကဏ္ဍဆိုင်ရာ ဆောင်ရွက်ချက်များသည် ဝန်ကြီးဌာနအတွက် စံနမူနာကောင်းများ ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ နော်ဝေနိုင်ငံသံအမတ်ကြီး Mrs.Ann Ollestad နှင့် နော်ဝေနိုင်ငံ Norwegian Water Resources and Energy Directorate (NVE) မှ Director General Mr.Per Sanderud တို့က နည်းပညာအကူအညီပေးရေးဆိုင်ရာ လုပ်ငန်းများနှင့်ပတ်သက်၍ ပူးပေါင်းဆောင်ရွက်မည့် အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ရေအားလျှပ်စစ် အကောင်အထည်ဖော်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းဟန်နှင့် နော်ဝေနိုင်ငံ (NVE) မှ Director General Mr.Per Sanderud တို့က နားလည်မှုစာချွန်လွှာ (Memorandun of Understanding)များကို လက်မှတ်ရေးထိုးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ခရီးသွားများဘေးကင်းရန် အန္တရာယ်တံတားပြုပြင်ပေးပါ

ထင်သာမြင်သာ ပြုပြင်စရာ

ပင်လယ်ကမ်းရိုးတန်း လုံခြုံရေးနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ရန်ကုန်တောင်ပိုင်းခရိုင် ကျောက်တန်းမြို့နယ်အတွင်းရှိ ပင်လယ်ကမ်းရိုးတန်း ကျေးရွာများ အချင်းချင်းဆက်စပ် မြေသားလမ်းများကို ၁၉၉၁ ခုနှစ်တွင် နိုင်ငံတော်၏ အစီအစဉ်ဖြင့် စတင်ဆောင်ရွက်ခဲ့ပြီး ၁၉၉၄ ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက် (၄၇) နှစ်မြောက် ပြည်ထောင်စုနေ့တွင် မြေသားလမ်းသစ်များ ဖွင့်ပွဲကျင်းပခဲ့သည်။

အဆိုပါ လမ်းသစ်များတွင် မော်တော်ယာဉ်များ ပြေးဆွဲနိုင်ခြင်းကြောင့် ပင်လယ်ကမ်းရိုးတန်းဒေသ ကျေးရွာနေပြည်သူများ၏ ဒေသထွက်ကုန်ပစ္စည်းများကို ကျောက်တန်း၊ ပန်းတောဆိပ်ကမ်းမှတစ်ဆင့် မြန်မာနိုင်ငံ အနယ်နယ်အရပ်ရပ်သို့ ပို့ဆောင်နိုင်သည့်အပြင် လူမှုရေးနှင့် ကျန်းမာရေး လုပ်ငန်းများလည်း တိုးတက်မှုရှိသည်။ အထူးသဖြင့် ဇွဲဘာကုန်းတန်း၊ မီးပြနှင့် ချောင်းဝကျေးရွာတို့မှ ရေထွက်ကုန်ပစ္စည်းများကို အချိန်မီတင်ပို့နိုင်သည့် အကျိုးကျေးဇူးများ ရရှိစေသည်။

နိုင်ငံတော်မှ အဆိုပါကျေးရွာချင်းဆက်လမ်းများကို မြေသားလမ်းမှ ကျောက်ခင်းလမ်း၊ ကတ္တရာလမ်း အဖြစ် အဆင့်ဆင့်တိုးမြှင့်ပေးပြီး ချောင်းကူးတံတားများကိုလည်း သစ်သားတံတားမှ သံပေါင်ကွန်ကရစ်တံတားအဖြစ် တည်ဆောက်ပေးခြင်းကြောင့် မော်တော်ယာဉ်ကြီးများပင် ဖြတ်သန်းမောင်းနှင်နေကြပြီ ဖြစ်ပါသည်။

ယခင် ဆောက်လုပ်ထားသည့် ပန်းတောစံပြကျေးရွာမှ မီးပြစံပြကျေးရွာသွား မော်တော်ကားလမ်းပေါ်ရှိ အင်ူချောင်းကူးတံတားမှာမူ လွန်ခဲ့သော သုံးလခန့်က ခါးလယ်ရက်မတန်း နိမ့်ကျပျက်စီးသွားသောကြောင့် ပုံပါအတိုင်း သစ်ငယ်များဖြင့်သာ ယာယီပြုပြင်ထားခြင်း၊ ပုံသေးတွင်တွေ့ရသည့် ထောက်တိုင်အဆက်များ ပျက်စီးနေခြင်း၊ တိုင်များတွင် ရေပိုး (အရပ်အခေါ်-ဒီပိုး)စား၍ ပျက်စီးခြင်းစသည်တို့ကြောင့် တံတားပေါ်မှ ဖြတ်သန်းသွားလာကြသည့် ယာဉ်နှင့်ခရီးသည်များ အန္တရာယ်ဖြစ်နိုင်သည့် အနေအထားသို့ ရောက်ရှိနေပါသည်။

သို့ပါ၍ ကျောက်တန်းမြို့နယ် ပန်းတော-မီးပြလမ်းရှိ အင်ူချောင်းကူးတံတားကို သံမဏိ၊ သံပေါင်ကွန်ကရစ်အမျိုးအစား တံတားအဖြစ် အမြန်ဆုံး ဆောင်ရွက်ပေးပါရန် ကျေးရွာပြည်သူတို့၏ ဆန္ဒနှင့်အညီ တင်ပြရပေသည်။

(ဝ၁၉)

ပြည်တွင်းသတင်း

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် သီရိလင်္ကာနိုင်ငံသမ္မတအား လက်ခံတွေ့ဆုံ

နိုင်ငံတော်သမ္မတဦးသိန်းစိန် သီရိလင်္ကာနိုင်ငံသမ္မတ မစ္စတာ မဟိန္ဒာရာဂျပက်ဆာအား နိုင်ငံတော်သမ္မတ အိမ်တော်သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

နေပြည်တော် မတ် ၄

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် သီရိလင်္ကာနိုင်ငံသမ္မတ မစ္စတာ မဟိန္ဒာရာဂျပက်ဆာ ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့အား ယနေ့မွန်းလွဲ ၂ နာရီခွဲတွင် နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ယင်းသို့တွေ့ဆုံစဉ် ဘင်းမ်စတက်အဖွဲ့အတွင်း ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး၊ နိုင်ငံတကာမျက်နှာစာတွင် နှစ်နိုင်ငံ ပိုမိုပူးပေါင်းဆောင်ရွက်နိုင်ရေး၊ ပြည်သူအချင်းချင်း ဆက်ဆံမှုမြှင့်တင်ရေး၊ နှစ်နိုင်ငံအကြား လေကြောင်းဆက်သွယ်မှုထူထောင်ရေး၊ လယ်ယာကဏ္ဍပူးပေါင်းဆောင်ရွက်ရေးနှင့် ပဋိပက္ခဖြေရှင်းဆောင်ရွက်မှုအတွေ့အကြုံများကို ဆွေးနွေးခဲ့ကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်သမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ ဦးစိုးသိန်း၊ ဒေါက်တာကံဇော်၊ ဒေါက်တာကိုကိုဦး၊ ဒုတိယဝန်ကြီး ဦးရဲထွဋ်၊ သီရိလင်္ကာနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးမင်းသိန်းဇံနှင့် တာဝန်ရှိသူများတက်ရောက်ကြပြီး ဧည့်သည်တော် သီရိလင်္ကာနိုင်ငံသမ္မတနှင့်အတူ နိုင်ငံခြားရေးဝန်ကြီး၊ အဆင့်မြင့်အရာရှိကြီးများနှင့် မြန်မာနိုင်ငံဆိုင်ရာ သီရိလင်္ကာနိုင်ငံသံအမတ်ကြီးတို့ တက်ရောက်ကြသည်။

မြန်မာနိုင်ငံနှင့်သီရိလင်္ကာနိုင်ငံတို့သည် ၁၉၄၉ ခုနှစ်က သံတမန်ဆက်သွယ်မှုစတင်ခဲ့သည်။

သီရိလင်္ကာနိုင်ငံသမ္မတ မစ္စတာ မဟိန္ဒာရာဂျပက်ဆာသည် မြန်မာနိုင်ငံသို့ ၂၀၀၄ ခုနှစ် ဝန်ကြီးချုပ်အဖြစ် တာဝန်ယူစဉ်က တစ်ကြိမ်နှင့် ၂၀၀၉ ခုနှစ် သမ္မတတာဝန်ယူချိန်တွင် တစ်ကြိမ် ရောက်ရှိခဲ့ပြီး ယခုခရီးစဉ်သည် တတိယအကြိမ်ဖြစ်သည်။ **(သတင်းစဉ်)**

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် နီပေါနိုင်ငံဝန်ကြီးချုပ်အား လက်ခံတွေ့ဆုံ

နေပြည်တော် မတ် ၄

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် နီပေါနိုင်ငံဝန်ကြီးချုပ် H.E.Mr.Sushil Koirala ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့အား ယနေ့ညနေ ၄ နာရီတွင် နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

တွေ့ဆုံစဉ် ဗုဒ္ဓဖွားမြင်ရာ လုမ္ဗိနီဥယျာဉ်ဖွံ့ဖြိုးတိုးတက်ရေး၊ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူချင်းဆက်ဆံမှုတိုးမြှင့်ရေး၊ ရေအားလျှပ်စစ်ထုတ်လုပ်မှုနှင့်ပတ်သက်၍ အတွေ့အကြုံများဖလှယ်ရေး၊ နှစ်နိုင်ငံတိုက်ရိုက်လေကြောင်း ဆက်သွယ်ပျံသန်းနိုင်မည့်အလားအလာများ၊ ငြိမ်းချမ်းရေးတည်ဆောက်မှုအတွေ့အကြုံများနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

ယင်းတွေ့ဆုံပွဲသို့ နိုင်ငံတော်သမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ ဦးစိုးသိန်း၊ ဦးမြင့်လှိုင်၊ ဦးဝင်းမြင့်၊ ဒုတိယဝန်ကြီး ဦးရဲထွဋ်နှင့် တာဝန်ရှိသူများတက်ရောက်ကြပြီး ဧည့်သည်တော် နီပေါနိုင်ငံဝန်ကြီးချုပ်နှင့်အတူ နိုင်ငံခြားရေးဝန်ကြီး၊ အဆင့်မြင့်အရာရှိကြီးများနှင့် မြန်မာနိုင်ငံဆိုင်ရာ နီပေါနိုင်ငံသံအမတ်ကြီးတို့ တက်ရောက်ကြသည်။

မြန်မာနိုင်ငံနှင့်နီပေါနိုင်ငံတို့သည် ၁၉၆၀ ပြည့်နှစ်က သံတမန်ဆက်ဆံမှုစတင်ခဲ့ရာ ယခုအခါ သံတမန်သက်တမ်း ၅၄ နှစ်ရှိပြီဖြစ်ပြီး ယခုခရီးစဉ်သည် နီပေါဝန်ကြီးချုပ်တစ်ဦးအနေဖြင့် မြန်မာနိုင်ငံသို့ ပထမဆုံးအကြိမ် လာရောက်ခြင်းဖြစ်သည်။ **(သတင်းစဉ်)**

ဘင်းမ်စတက် ထိပ်သီးအစည်းအဝေး၏ စာချွန်လွှာများလက်မှတ်ရေးထိုးပွဲကျင်းပ

နေပြည်တော် မတ် ၄

တတိယအကြိမ် ဘင်းမ်စတက်ထိပ်သီးအစည်းအဝေး၏စာချွန်လွှာများ လက်မှတ်ရေးထိုးပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန၌ ကျင်းပသည်။

လက်မှတ်ရေးထိုး

အခမ်းအနားတွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများမှအကြီးအကဲများ၏ရှေ့မှောက်၌ ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများဖြစ်ကြသည့် ဘင်္ဂလားဒေ့ရှ်၊ ဘူတန်၊ အိန္ဒိယ၊ မြန်မာ၊ နီပေါနှင့် သီရိလင်္ကာနိုင်ငံတို့မှ နိုင်ငံခြားရေးဝန်ကြီးများနှင့် ထိုင်းနိုင်ငံမှ အထူးသံတမန်တို့က ဘင်းမ်စတက် အမြဲတမ်းအတွင်းရေးမှူးချုပ်ရုံး တည်ထောင်ရေးဆိုင်ရာ သဘောတူစာချွန်လွှာ၊ မိုးလေဝသနှင့် ရာသီဥတုဌာနထူထောင်ရေးအတွက် ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများအကြား သဘောတူစာချွန်လွှာနှင့် ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများ၏ ယဉ်ကျေးမှုလုပ်ငန်းများကော်မရှင်နှင့် ယဉ်ကျေးမှုလုပ်ငန်းများ လေ့လာရေးဌာန တည်ထောင်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာတို့ကို လက်မှတ်ရေးထိုးကြသည်။ **(ဝဲပုံ)**

ထို့နောက် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်က လက်မှတ်ရေးထိုးပြီးသည့် စာချွန်လွှာများကို ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံခြားရေးဝန်ကြီးများနှင့် အထူးသံတမန်တို့ထံ ပေးအပ်သည်။

(သတင်းစဉ်)

စီးပွားရေးဆိုင်ရာ ဟောပြောပွဲ ပြောင်းလဲ၍ ကျင်းပမည်

ရန်ကုန် မတ် ၄

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီးရုံး ကမ်းနားလမ်း ပန်းဘဲတန်းမြို့နယ်ရှိ အပြည်ပြည်ဆိုင်ရာကုန်သွယ်မှုသင်တန်းကျောင်း၌ စီးပွားရေးဆိုင်ရာဟောပြောပွဲကို မတ် ၆ ရက်(ကြာသပတေးနေ့) နံနက် ၉ နာရီခွဲတွင် နိုင်ငံတော်သမ္မတ၏စီးပွားရေးအကြံပေး **ဒေါက်တာအောင်ထွန်းသက်က “စီးပွားရေးပတ်ဝန်းကျင်ကောင်းဖန်တီးခြင်း (Creation of Conducive Business Environment)**”ခေါင်းစဉ်ဖြင့် ဟောပြောဆွေးနွေးမည့်**(အစား)** စီးပွားရေးပညာရှင် **ဦးငွေသိန်း(ကုမ္ပဏီလမ်းညွှန်)က “စီးပွားရေးလုပ်ငန်းတွင် ပွင့်လင်းမြင်သာမှု၏အကျိုးသက်ရောက်မှု (Candour Effects in Business)**” ခေါင်းစဉ်ဖြင့် တိုင်းဒေသကြီးရုံး ပဉ္စမထပ်ရှိ ညီလာခံခန်းမ၌ပြောင်းလဲ၍ ဟောပြောဆွေးနွေးမည်ဖြစ်ရာ မည်သူမဆို တက်ရောက်နိုင်ကြောင်းနှင့် ဖုန်း-၀၁-၂၅၀၈၇၁ နှင့် ၃၇၁၂၀၄ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန ကုန်သွယ်မှုသင်တန်းကျောင်းမှ သတင်းထပ်မံရရှိသည်။

(သတင်းစဉ်)

နိုင်ငံဘက်စုံ တည်ဆောက်စို့ မှန်မှန်ကန်ကန် အခွန်ပေးစို့

နိုင်ငံတကာသတင်း

ဖြုတ်ချခံရသော ယူကရိန်းသမ္မတ ရုရှားထံမှ တပ်အကူအညီတောင်းဆို

မော်စကို မတ် ၄

ဖြုတ်ချခံရသော ယူကရိန်းသမ္မတ ယာနူကိုဗစ်ချ်က အရပ်သားများကို ကာကွယ်ရန် နယ်စပ်သို့တပ်များ စေလွှတ်ပေးရန် ရုရှားထံမှတောင်းဆိုထားကြောင်း ကုလသမဂ္ဂဆိုင်ရာ ရုရှားသံတမန်က ပြောကြားသည်။

မစ္စတာ ယာနူကိုဗစ်ချ်က စနေနေ့တွင် ရုရှားသမ္မတဗလာဒီမာပူတင်ထံ စာရေးသားတောင်းဆိုခဲ့ ခြင်းကို အဆိုပါသံတမန် ဗစ်တာလီချူကင်းက လုံခြုံရေးကောင်စီသို့ ပြောကြားသည်။

ထောင်ပေါင်းများစွာသော ရုရှားတပ်ဖွဲ့ဝင်များသည် ယူကရိန်း ခရိုင်းမီးယားသို့ အလုံးအရင်းဖြင့် ဝင်ရောက် ဖြန့်ကြက်ထားသည်။ ရုရှားတပ်များသည် ယူကရိန်း နယ်စပ်အနီး၌လည်း စစ်ရေးလေ့ကျင့်မှုပြုလုပ်လျက်ရှိသည်။ သို့သော် မစ္စတာပူတင်က ယင်းတို့အား အခြေစိုက်စခန်းသို့ပြန်လာရန် အမိန့်ထုတ်ပြန်ထားကြောင်း ကရင်မလင်က ပြောကြားသည်။

ရုရှားနိုင်ငံက တပ်ဖွဲ့ဝင် ၁၆၀၀၀ ခန့် ဝင်ရောက်တပ်ဖြန့်ထားကြောင်း ကုလသမဂ္ဂဆိုင်ရာ ယူကရိန်းသံတမန် ယူရီဆာဂျီယက်က ပြောသည်။

ရုရှားက ယင်းတို့၏ တပ်ဖွဲ့ဝင်များ ဆုတ်ခွာခြင်းမရှိဘဲ ဆက်လက်တပ်စွဲသွားမည်ဟုဆိုသည်။ ထိုအတောအတွင်း ယူကရိန်းတပ်များကလည်း စစ်ပွဲအတွက် အသင့်ပြင်ထားသည်။ **(ဘီဘီစီ)**

အိန္ဒိယရေလုပ်သား ၃၂ ဦး သီရိလင်္ကာဖမ်းဆီး

ကိုလံဘို မတ် ၄

သီရိလင်္ကာရေတပ်သည် အိန္ဒိယရေလုပ်သား ၃၂ ဦးကို အပြည်ပြည်ဆိုင်ရာရေကြောင်း နယ်နိမိတ်ဖြတ်ကျော်ခြင်းနှင့် သီရိလင်္ကာရေပိုင်နက်အတွင်း ငါးဖမ်းခြင်းတို့ကြောင့် ဖမ်းဆီးခဲ့သည်ဟု သီရိလင်္ကာရေတပ်က မတ် ၄ ရက်တွင် ပြောကြားခဲ့သည်။

၎င်းရေလုပ်သားများကို သီရိလင်္ကာအစိုးရပိုင် ကျွန်းတစ်ကျွန်းဖြစ်သော ဒပ်ဖ်ကျွန်း၌ ဖမ်းဆီးခဲ့ခြင်းဖြစ်သည်။ ၎င်းတို့ကို နောက်ကြောင်း ပြန်လှည့်ရန် ပြောဆိုခဲ့သော်လည်း လိုက်နာခြင်းမရှိသဖြင့် ၎င်းရေလုပ်သားများကို ဖမ်းဆီးခဲ့ပြီး ၎င်းတို့၏ လှေရှစ်စင်းကို သိမ်းဆည်းခဲ့ခြင်းဖြစ်သည်။

နှစ်နိုင်ငံ ရေလုပ်သားများအနေဖြင့် ကိုလံဘို၌ ယခုလကုန်တွင် ဒုတိယအကြိမ်မြောက် ဆွေးနွေးမှုများပြုလုပ်ရန်ပြင်ဆင်နေချိန်၌ ယခုကဲ့သို့ဖမ်းဆီးမှု ဖြစ်ပေါ်ခဲ့ခြင်းဖြစ်သည်။

အိန္ဒိယနိုင်ငံနှင့် သီရိလင်္ကာနိုင်ငံမှ ရေလုပ်သားများသည် နှစ်နိုင်ငံ နယ်နိမိတ်အတွင်း ငါးဖမ်းခြင်းနှင့်ပတ်သက်၍ နှစ်ပေါင်းများစွာကတည်းက အငြင်းပွားမှုများရှိနေခဲ့သည်။ ၎င်းနှစ်နိုင်ငံမှ ရေလုပ်သားအများစုကို ရေကြောင်းဥပဒေချိုးဖောက်ခြင်းကြောင့် ဖမ်းဆီးထောင်ချမှုများ ရှိခဲ့သော်လည်း နှစ်နိုင်ငံအကြား ဆွေးနွေးမှုများပြုလုပ်ခြင်းဖြင့် သဘောတူညီမှု ရယူကာ အများစုကိုလွှတ်ပေးခဲ့သည်။

သို့သော်လည်း ပထမဆွေးနွေးပွဲပြုလုပ်ပြီးနောက် အိန္ဒိယရေလုပ်သား ၁၀၀ ကျော်ကို ဖမ်းဆီးခဲ့ပြီး ၎င်းရေပိုက်နက်အတွင်း ကျူးကျော်သူများကို ဖမ်းဆီးမှုများ ဆက်လက်ပြုလုပ်မည်ဖြစ်ကြောင်း သီရိလင်္ကာနိုင်ငံက ပြောခဲ့သည်။

အိန္ဒိယနိုင်ငံနှင့် သီရိလင်္ကာနိုင်ငံခေါင်းဆောင်များ အနေဖြင့် မြန်မာနိုင်ငံ၌ကျင်းပနေသော ထိပ်သီးအစည်းအဝေး၌ သီရိလင်္ကာ တမီလ်လူမျိုးရေးကိစ္စများနှင့် ၎င်းရေလုပ်သားများ အရေးကိစ္စနှင့် ပတ်သက်၍ သီးခြားထည့်သွင်း ဆွေးနွေးမှုပြုလုပ်နိုင်ရန်လည်း မျှော်လင့်နေကြသည်။ **(ဆင်ဟွာ)**

အမေရိကန်၏ စစ်ရေးခြိမ်းခြောက်မှု အီရန်တုံ့ပြန်ရန် အသင့်ဟုဆို

တီဟီရန် မတ် ၄

အမေရိကန်၏ မကြာသေးမီက စစ်ရေးခြိမ်းခြောက်မှုအပေါ် အီရန်က ဝါရှင်တန်အနေဖြင့် စစ်ရေးကို ရွေးချယ်မည်ဆိုလျှင် လက်တုံ့ပြန်ရန် အသင့်ရှိကြောင်း အီရန်ထိပ်တန်းအမတ်တစ်ဦးက ပြောကြားလိုက်သည်။

မိမိတို့အနေဖြင့် အမေရိကန်၏ စစ်ရေးခြိမ်းခြောက်မှုအပေါ် ပြင်ဆင်ထားကြောင်း အီရန်လွှတ်တော်ပြောရေးဆိုခွင့်ရှိသူ မာဂျလစ်မိုဟာမက်ရေဇာဘာဟိုနာက ပြောကြားသည်။

အီရန်နျူကလီးယား အစီအစဉ်နှင့်ပတ်သက်ပြီး ဝါရှင်တန်က ရွေးချယ်ရန် အခွင့်အလမ်းများ ရှိနေဆဲဖြစ်ကြောင်း သမ္မတ အိုဘားမားက ဘလွန်းဘတ်သတင်းနှင့် တနင်္လာနေ့က အင်တာဗျူးရာတွင် ပြောကြားခဲ့သည်။ ယင်းနေ့မှာပင် အီရန်နိုင်ငံခြားရေးဝန်ကြီးက အမေရိကန်၏ ခြိမ်းခြောက်မှုအပေါ် တုံ့ပြန်ရန်အသင့်ရှိကြောင်း ပြောကြားလိုက်သည်။ **(ပရက်စ်တီဗွီ)**

တရုတ်နိုင်ငံ၌ အကျင့်ပျက်ခြစားမှုဖြင့် တရားသူကြီးများနှင့် တရားရုံးဝန်ထမ်း ၈၂၉ ဦး ပြစ်ဒဏ်ပေးခံရ

ပေကျင်း မတ် ၄

တရုတ်နိုင်ငံ၌ အကျင့်ပျက်ခြစားမှုများ တိုးလာခဲ့ရာ ၂၀၁၃ ခုနှစ်အတွင်း ၎င်းအကျင့်ပျက်ခြစားမှုနှင့် ပတ်သက်ပြီး စုံစမ်းစစ်ဆေးမှုများပြုလုပ်ရန် တရားသူကြီးများနှင့် အခြားတရားရုံးဝန်ထမ်း ၈၂၉ ဦးကို ပြစ်ဒဏ်ပေးခဲ့ကြောင်း ပြည်သူ့တရားရုံးချုပ် (SPC) က ပြောကြားခဲ့သည်။

၎င်းတရားရုံးဝန်ထမ်း ၈၂၉ ဦးအနက် ၂၉၄ ဦးကို ပါတီစည်းကမ်းချိုးဖောက်ခြင်းဖြင့်လည်းကောင်း၊ ၅၃၁ ဦးကို အစိုးရစည်းကမ်းချိုးဖောက်ခြင်းဖြင့်လည်းကောင်း ပြစ်ဒဏ်များပေးခဲ့ပြီး ၁၅၇ ဦးကို တရားစွဲဆိုရန်အတွက် တရားရေးအဖွဲ့အစည်းသို့ လွှဲပြောင်းပေးခဲ့သည်။

တရားသူကြီးများနှင့် တရားရုံးဝန်ထမ်း ၆၈၃ ဦး၏ ၂၀၁၃ ခုနှစ်အတွင်း အကျင့်ပျက်ခြစားမှုတန်ဖိုးမှာ ငွေသားစတော့ရှယ်ယာ လက်မှတ်များနှင့် ငွေပေးချေခြင်း စာချုပ်စာတမ်းများအပါအဝင် တရားမဝင်အမြတ်အစွန်း ယွမ် ၃ ဒသမ ၃၂ သန်း (အမေရိကန်ဒေါ်လာ ၅၄၀၀၀၀)ရှိကြောင်း SPC က ဖော်ပြခဲ့သည်။

ဒေသအာဏာပိုင်များအနေဖြင့် ဥပဒေကို ဆန့်ကျင်သော အကျင့်ပျက်ခြစားတိုက်ဖျက်ရေးလုပ်ငန်းများကို ဆက်လက်လုပ်ဆောင်နေမည် ဖြစ်ကြောင်း ဖော်ပြသည်။ **(ဆင်ဟွာ)**

ယူကရိန်းအကျပ်အတည်းပါဝင်သည့် ရုရှားအား အမေရိကန်က စစ်ရေးဆက်ဆံမှုဆိုင်းငံ့

ယူကရိန်း မတ် ၄

ယူကရိန်းအကျပ်အတည်းတွင် ရုရှားပါဝင်နေခြင်းအပေါ် အမေရိကန်က ရုရှားနှင့် စစ်ရေးဆက်ဆံမှု ရပ်ဆိုင်းလိုက်ပြီဖြစ်ကြောင်း အမေရိကန် ကာကွယ်ရေးဝန်ကြီးဌာနက ပြောသည်။

မိမိတို့အနေဖြင့် ရုရှားတပ်များ ခရိုင်းမီးယားမှ ဆုတ်ခွာရန်ဆော်ဩထားပြီးဖြစ်ကြောင်း၊ နှစ်နိုင်ငံသဘောတူညီချက်အရ ရုရှားတပ်များ ခရိုင်းမီးယားမှ ဆုတ်ခွာပေးရန် လိုအပ်ကြောင်း ပင်တဂွန်ပြောရေးဆိုခွင့်ရှိသူ ရေတပ်ဗိုလ်ချုပ်ကြီး ဂျွန်ကာဘိုင်က တနင်္လာနေ့တွင် ပြောသည်။

အမေရိကန် စစ်တပ်အနေဖြင့် နှစ်နိုင်ငံ အစည်းအဝေးများ အပြန်အလှန် သွားရောက်လည်ပတ်မှုများနှင့် စီမံကိန်းကွန်ဖရင့်များ အပါအဝင် စစ်တပ်အချင်းချင်း ဆက်ဆံမှုကို ရပ်ဆိုင်းထားကြောင်း ကာဘိုင်က ပြောသည်။

အိုဘားမားအစိုးရက ကရင်မလင်ကို ယူကရိန်းနိုင်ငံအတွက် စစ်ရေးအရ ကျူးကျော်ဝင်ရောက်ရန် စီစဉ်နေသည်ဟု စွပ်စွဲလိုက်ပြီးနောက် ဝါရှင်တန်နှင့် မော်စကိုအကြား တင်းမာမှုများမြင့်တက်လာသည်။

ထိုအတောအတွင်း ဝါရှင်တန်နှင့် ၎င်း၏ အနောက်မဟာမိတ်များက ရုရှားကို အရေးယူရန် စဉ်းစားနေကြောင်း ပြောကြားလိုက်သည်။

(ပရက်စ်တီဗွီ)

ဂျွန်ကယ်ရီ ယူကရိန်းသွားမည်

ကီယက်ဗ် မတ် ၄

အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဂျွန်ကယ်ရီသည် ယူကရိန်း၌ နိုင်ငံရေးတင်းမာမှု မြင့်တက်နေချိန် သွားရောက်လည်ပတ်ရန် စီစဉ်လျက်ရှိသည်။ ဂျွန်ကယ်ရီသည် ယူကရိန်းအစိုးရကို ထောက်ခံအားပေးရန်အတွက် ယူကရိန်းသို့ သွားရောက်လည်ပတ်လိမ့်မည်ဖြစ်ကြောင်း အမေရိကန်ထိပ်တန်းတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်ကို ကိုးကားပြီး နယူးယောက်တိုင်း(မ်)တွင် ဖော်ပြသည်။ ဂျွန်ကယ်ရီက ရုရှားကို သတိပေးလိုက်ပြီးနောက် အဆိုပါကြေညာချက် ထွက်ပေါ်လာသည်။

(ပရက်စ်တီဗွီ)

အမေရိကန် နျူကလီးယားရေငုပ်သင်္ဘော တောင်ကိုရီးယားသို့ ရောက်ရှိလာဟုဆို

ဆိုးလ် မတ် ၄

အမေရိကန်နျူကလီးယားစွမ်းအင်သုံး ရေငုပ်သင်္ဘောတစ်စင်း တောင်ကိုရီးယားနိုင်ငံ ဘူဆန်မြို့ဆိပ်ကမ်းသို့ တနင်္လာနေ့တွင် ရောက်ရှိလာသည်။

ယင်းရေငုပ်သင်္ဘောသည် အနောက်ပစိဖိတ်ရေလမ်းခရီးစဉ်၏ အစိတ်အပိုင်းအဖြစ် လာရောက်ခြင်းဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦးက ပြောသည်။

USS Columbus ရေငုပ်သင်္ဘောသည် တနင်္လာနေ့ နံနက်ပိုင်းက ဆိုးလ်မြို့အရှေ့တောင်ဘက် ကီလိုမီတာ ၄၅၀ အကွာ ဘူဆန်ဆိပ်ကမ်းသို့ရောက်ရှိလာကြောင်း တာဝန်ရှိသူတစ်ဦးက ပြောသည်။

(ဆင်ဟွာ)

ကူမင်းဘူတာ ဓားကိုင်တိုက်ခိုက်မှု သံသယရှိသူ သုံးဦးကိုဖမ်းဆီး

ကူမင်း မတ် ၄

စနေနေ့က ကူမင်းမြို့၌ ဓားကိုင်တိုက်ခိုက်ခဲ့သော ကျန်ရှိ သံသယရှိသူသုံးဦးကို ဖမ်းဆီးလိုက်ကြောင်း နိုင်ငံပိုင်မီဒီယာက သတင်းဖော်ပြသည်။

ဓားကိုင် တိုက်ခိုက်ရေးသမားရှစ်ဦးသည် ကူမင်းမြို့အနောက်တောင်ပိုင်းရှိ ဘူတာအတွင်း ဝင်ရောက်ကာ ဓားကိုင်တိုက်ခိုက်ခဲ့၍ ၂၉ ဦး သေဆုံးပြီး ၁၃၀ ကျော် ဒဏ်ရာရရှိခဲ့သည်။

တိုက်ခိုက်ရေးသမားလေးဦးအား ရဲတပ်ဖွဲ့က အခင်းဖြစ်နေရာ၌ သေနတ်ဖြင့် ပစ်သတ်ခဲ့သည်။ ဒဏ်ရာရအမျိုးသမီး သံသယရှိသူတစ်ဦးကိုလည်း ဖမ်းဆီးနိုင်ခဲ့သည်ဟု ဆိုသည်။

အဆိုပါ တိုက်ခိုက်ရေးသမားများသည် စင်ကျန်းဒေသမှ စစ်သွေးကြွများဖြစ်သည်ဟု အာဏာပိုင်များက အပြစ်ပြောဆိုလျက်ရှိသည်။ ယင်းတိုက်ခိုက်မှုတွင် အမျိုးသားခြောက်ဦးနှင့် အမျိုးသမီးနှစ်ဦး ပါဝင်ခဲ့သည်ဟု ပြည်သူ့လုံခြုံရေးဝန်ကြီးဌာနကို ကိုးကားလျက် ဆင်ဟွာသတင်းအေဂျင်စီက သတင်းထုတ်ပြန်သည်။ သို့သော် ဖမ်းဆီးထားသူများ မည်သူမည်ဝါဖြစ်ကြောင်း အသေးစိတ်ထုတ်ဖော်ပြောကြားခြင်းမရှိပေ။ **(ဘီဘီစီ)**

တတိယအကြိမ် ဘင်းမ်စတက်ထိပ်သီးအစည်းအဝေးသို့ တက်ရောက်လာကြသည့်ခေါင်းဆောင်များ သီးခြားစီတွေ့ဆုံဆွေးနွေး

နေပြည်တော် မတ် ၄

နေပြည်တော်၌ ကျင်းပခဲ့သည့် တတိယအကြိမ် ဘင်းမ်စတက်ထိပ်သီးအစည်းအဝေးသို့ တက်ရောက်လာကြသည့် ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများမှ ခေါင်းဆောင်များသည် ယနေ့အစည်းအဝေးအပြီးတွင် မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန၌ သီးခြားစီတွေ့ဆုံဆွေးနွေးခဲ့ကြသည်။

အိန္ဒိယနိုင်ငံ ဝန်ကြီးချုပ် ဒေါက်တာမန်မိုဟန်ဆင်းသည် မွန်းလွဲ ၁ နာရီတွင် သီရိလင်္ကာ ဒီမိုကရက်တစ်ဆိုရှယ်လစ်နိုင်ငံသမ္မတ မစ္စတာ မဟိန္ဒာရာဂျပက်ဆာနှင့်လည်းကောင်း၊ မွန်းလွဲပိုင်းတွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံဝန်ကြီးချုပ် ရှိတ်ဟာဆီနာနှင့်လည်းကောင်း၊ သီရိလင်္ကာဒီမိုကရက်တစ်ဆိုရှယ်လစ်နိုင်ငံ သမ္မတ မစ္စတာမဟိန္ဒာရာဂျပက်ဆာသည် ညနေ ၃ နာရီခွဲတွင် နီပေါနိုင်ငံ ဝန်ကြီးချုပ်မစ္စတာ ဆူရှီးကွိုင်ရာလာနှင့်လည်းကောင်း၊ ညနေ ၄ နာရီခွဲတွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံဝန်ကြီးချုပ် ရှိတ်ဟာဆီနာနှင့်လည်းကောင်း၊ ညနေ ၅ နာရီတွင် နီပေါနိုင်ငံဝန်ကြီးချုပ် မစ္စတာ ဆူရှီးကွိုင်ရာလာနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံဝန်ကြီးချုပ် ရှိတ်ဟာဆီနာတို့သည်လည်းကောင်း တွေ့ဆုံဆွေးနွေးခဲ့ကြသည်။

(သတင်းစဉ်)

ပြည်တွင်းသတင်း

❀ ကျောက်ဖုံးမှ

မန္တလေးမြို့တော် မဟာသင်္ကြန်ပွဲတော်တွင် နိုင်ငံတစ်ဝန်းမှ သင်္ကြန်ပွဲတော်ဆင်နွဲကြသူများအပြင် ပြည်ပနိုင်ငံခြားသား ကမ္ဘာလှည့်ခရီးသည်များလည်း လာရောက်ပါဝင်ဆင်နွဲပျော်ကြသူများဖြင့် အထူးစည်ကားစွာ နှစ်စဉ် တွေ့ရှိရသည်။ မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်မန်းသင်္ကြန်ပွဲ ဆင်နွဲပျော်ရာ ရောင်စုံခတ်ပုံပြိုင်ပွဲ၊ သင်္ကြန်အလှပြယာဉ်များကလည်း ခရိုင်အလိုက် ပြိုင်ပွဲဝင်ယှဉ်ပြိုင်ကြမည် ဖြစ်သည့်အပြင် သင်္ကြန်အလှပြမဏ္ဍပ်များ၊ ရေကစားမဏ္ဍပ်များကလည်းသင်္ကြန် အဆိုအကအလှများဖြင့် ပါဝင်ယှဉ်ပြိုင်ဆင်နွဲကြမည်ဖြစ်ရာ မန္တလေးမြို့တော်ဝန် မဟာသင်္ကြန်ဗဟိုမဏ္ဍပ်မှ ပြိုင်ပွဲဆုရရှိသူများကို ဆုများ ထိုက်ထိုက်တန်တန် ပေးအပ်ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

တင်မောင်(မန္တလေး)

❋ ကျောက်ဖုံးမှ

နည်းပညာ ကုမ္ပဏီပိုင်ရှင်များသည် ကမ္ဘာ့အချမ်းသာဆုံးစာရင်းတွင် ပါဝင်ခဲ့ရာဖေ့စ်ဘွတ်ခ် တည်ထောင်သူ မတ်ဇူကာဘတ်သည်လည်း ပါဝင်လာသည်။ Whats App တည်ထောင်သူ ဂျန်ကွမ်းနှင့် ဘရိုင်ယန်အက်တမ်တို့လည်း အချမ်းသာဆုံးစာရင်းတွင် ပါဝင်လာသည်။

ကမ္ဘာ့စီးပွားရေး အင်အားအကြီးဆုံး အမေရိကန်သည် ဘီလီယံသူဌေး ၄၉၂ ဦးဖြင့် အချမ်းသာဆုံးနိုင်ငံအဖြစ် ဆက်လက် ရပ်တည်လျက်ရှိသည်။ ဒေသအားဖြင့် ဥရောပသည် အမေရိကန်ပြီးလျှင် အချမ်းသာဆုံးဒေသဖြစ်ပြီး ဘီလီယံသူဌေး ၄၆၈ ဦးရှိသည်။ ယင်းနောက်တွင် အာရှက ဘီလီယံနာသူဌေး ၄၄၄ ဦးဖြင့် တတိယလိုက်သည်။ နိုင်ဂျီးရီးယားသူဌေးအလီကိုဒန်ကိုတေးဆိုသူသည် အာဖရိက၏ အချမ်းသာဆုံးပုဂ္ဂိုလ်ဖြစ်လာသည်။ ၄င်းသည် အမေရိကန်ဒေါ်လာ ၂၅ ဘီလီယံ ပိုင်ဆိုင်ထားသည်။

(ဘီဘီစီ)

✷ ရှေ့ဖုံးမှ

ရန်ကုန်မှ မွန်းလွဲ ၂ နာရီ ၁၅ မိနစ်မှ စတင်ထွက်ခွာပြီး တရုတ်နိုင်ငံ ပေကျင်းသို့ ယင်းနေ့ ည ၁၀ နာရီ မိနစ် ၅၀ ခန့်၌ ဆိုက်ရောက်လျက်ရှိသည်။ အဆိုပါခရီးစဉ်ကို ညပိုင်းသို့ ပြောင်းလဲမည်ဖြစ်သည်။ Air China သည် ရန်ကုန်-ကူမင်း-ချန်ဒူး ခရီးစဉ်နှင့် ရန်ကုန်- ပေကျင်း- ရန်ကုန်ခရီးစဉ်ကို ခရီးသည် ၁၂၅ ဦး ဆံ့သည့် ၇၃၇-၇၀၀ လေယာဉ်ဖြင့် ပြေးဆွဲနေခြင်းဖြစ်သည်။

(မြန်မာ့အလင်း)

အပူပိုင်းဒေသ စိမ်းစိုဖို့ သစ်တောသစ်ပင်တွေ ထိန်းသိမ်းစို့

ဘင်းမ်စတက် မိုးလေဝသနှင့် ရာသီဥတုဌာနထူထောင်မှု သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုကို ထိရောက်စေနိုင်

ကျော်သဲအိမ် (သတင်းစဉ်)

နေပြည်တော် မတ် ၄

အားကောင်းမောင်းသန် ဒေသဆိုင်ရာအဖွဲ့အစည်းတစ်ရပ်အဖြစ် ရပ်တည်နိုင်ရန် ခြေလှမ်းပြင်နေကြသော ဘင်းမ်စတက်အဖွဲ့သည် လုံခြုံရေး၊ စွမ်းအင်၊ စီးပွားရေး၊ ဒေသတွင်းနိုင်ငံများရှိ ပြည်သူများအချင်းချင်း ကူးလူးဆက်ဆံမှု စသည့်နယ်ပယ်များတွင် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်လျက်ရှိသည်။

ဒေသတွင်းနိုင်ငံများအချင်းချင်း ပူးပေါင်းဆောင်ရွက်ကြရာတွင် ဦးစားပေးအဆင့်သတ်မှတ်ထားသော နယ်ပယ်ကဏ္ဍများ၌ တိုးတက်မှုများ ရရှိလာသည်ကို အထင်အရှားတွေ့မြင်ကြရသည်။

မိတ်ဖက်ပြုဆောင်ရွက်မှုပိုပြင်လာစေရန်နှင့် အခြေခံအဆောက်အအုံဆိုင်ရာ တည်ဆောက်မှုခိုင်မာလာစေရန် ကြိုးပမ်းနေကြချိန်တွင် ဒေသတွင်းနိုင်ငံများမှ ခေါင်းဆောင်များ ထူးထူးခြားခြားတွေ့ဆုံမှုအဖြစ် တတိယအကြိမ် ဘင်းမ်စတက်ထိပ်သီးအစည်းအဝေးကို နေပြည်တော်၌ ကျင်းပနိုင်ခဲ့ပြီဖြစ်သည်။

တောင်အာရှဒေသနှင့် အရှေ့တောင်အာရှဒေသတို့အကြား ပေါင်းကူးပေးနေသော ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများ၏ အစည်းအဝေးများသို့ တက်ရောက်လာသည့် အိန္ဒိယအစိုးရအဖွဲ့မှ ပြည်ပရေးရာဝန်ကြီး H.E.Mr. Salman Khurshid အား မြန်မာ့သတင်းစဉ် သတင်းအဖွဲ့က တွေ့ဆုံမေးမြန်းခွင့်ရရှိခဲ့သည်။

မေး။ ဘင်းမ်စတက် မိုးလေဝသနှင့် ရာသီဥတုဌာနကို အိန္ဒိယနိုင်ငံမှာ တည်ဆောက်မယ်လို့သိရပါတယ်။ အဲဒီမိုးလေဝသနှင့် ရာသီဥတုဌာနဟာ မြန်မာနိုင်ငံအပါအဝင် ဒေသအတွင်းမှာရှိတဲ့ နိုင်ငံတွေကို ဘယ်လောက်အကျိုးပြုနိုင်မလဲဆိုတာ သိလိုပါတယ်ခင်ဗျာ။

ဖြေ။ ရာသီဥတုပြောင်းလဲမှုဒဏ်ကို မြန်မာနိုင်ငံသာမက နိုင်ငံတိုင်းလိုလို ခံစားနေရတာပါ။ အထူးသဖြင့် ကမ်းရိုးတန်းနဲ့နီးတဲ့နိုင်ငံတွေမှာ မုန်တိုင်းဒဏ်၊ ဆူနာမီရေလှိုင်းဒဏ် ပိုပြီးခံစားရပါတယ်။ ဘင်းမ်စတက် မိုးလေဝသနှင့် ရာသီဥတုဌာနကို အိန္ဒိယနိုင်ငံမှာ တည်ဆောက်ထားပြီး ဖြစ်ပါတယ်။ ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံတွေ စုပေါင်းပြီး အကောင်အထည်ဖော်တဲ့ စီမံကိန်းတစ်ခုလည်းဖြစ်ပါတယ်။ အဲဒီမိုးလေဝသနဲ့ ရာသီဥတုဌာနကို တည်ဆောက်ခြင်းအားဖြင့် သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုကို ထိထိရောက် ရောက်ဆောင်ရွက်နိုင်မှာဖြစ်တဲ့အတွက် တောင်သူလယ်သမားများ အပါအဝင် ကျေးလက်နေပြည်သူအများစုကို သဘာဝဘေးအန္တရာယ်ကနေများစွာ အကာအကွယ်ပေးနိုင်မှာဖြစ်ပါတယ်။ ဒီလို ကာကွယ်ပေးနိုင်အောင်လည်း ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံတွေအားလုံး ဒီမိုးလေဝသနှင့်ရာသီဥတုဌာနကိုအခြေခံပြီး ကျယ်ကျယ်ပြန့်ပြန့် ပူးပေါင်းဆောင်ရွက်ကြမှာဖြစ်ပါတယ်။

အိန္ဒိယ အစိုးရအဖွဲ့မှပြည်ပရေးရာဝန်ကြီး H.E. Mr. Salman Khurshid မီဒီယာများအား ဖြေကြားစဉ်။

မေး။ မကြာမီ အကောင်အထည်ဖော်မယ့် ဘင်းမ်စတက် အမြဲတမ်းအတွင်းရေးမှူးချုပ်ရုံးရဲ့နှစ်စဉ်အသုံးစရိတ်နဲ့ပတ်သက်ပြီး ဘယ်လိုစီမံခန့်ခွဲထားတယ်ဆိုတာကို ပြောပြပေးစေချင်ပါတယ် ခင်ဗျာ။

ဖြေ။ ဘင်းမ်စတက် အမြဲတမ်းအတွင်းရေးမှူးချုပ်ရုံး အသုံးစရိတ်နဲ့ပတ်သက်ပြီးတော့ ဘယ်နိုင်ငံက ဘယ်လောက်ထည့်ဝင်မယ်၊ ဘယ်နိုင်ငံကတော့ ဘယ်လိုအထောက်အပံ့ပြုမယ်ဆိုတာ အသေးစိတ် မသိရသေးပါဘူး။ အသုံးစရိတ်နဲ့ပတ်သက်ပြီး ဆက်လက်ဆွေးနွေးမှုတွေ လုပ်ဆောင်ကြရမှာဖြစ်ပါတယ်။ အိန္ဒိယနိုင်ငံအနေနဲ့ကတော့ အမြဲတမ်းအတွင်းရေးမှူးချုပ်ရုံးနဲ့ပတ်သက်ပြီး ၃၂ ရာခိုင်နှုန်းထည့်ဝင်မှာ ဖြစ်ပါတယ်။

မေး။ အိန္ဒိယနဲ့မြန်မာနိုင်ငံအကြား စစ်ရေးပူးပေါင်းဆောင်ရွက်နေမှုနဲ့ ပတ်သက်ပြီး ရှင်းပြပေးပါဦးခင်ဗျာ။

ဖြေ။ အိန္ဒိယနဲ့မြန်မာတပ်မတော်နှစ်ရပ်အကြား ကျယ်ကျယ်ပြန့်ပြန့်ပူးပေါင်းဆောင်ရွက်မှုရှိနေပါတယ်။ အထူးသဖြင့် မြန်မာ့တပ်မတော်ကို ခေတ်မီအောင် တည်ထောင်မှုနှင့် စွမ်းရည်မြှင့်တင်ရေး (Capacity Building)တို့အတွက် နှစ်နိုင်ငံအနေနဲ့အဓိကထား လုပ်ဆောင်နေပါတယ်။ ဒါ့အပြင် နှစ်နိုင်ငံ တပ်မတော်ခေါင်းဆောင်များအကြား အပြန်အလှန်ချစ်ကြည်ရေး ခရီးစဉ်တွေကိုလည်း တိုးမြှင့်လျက်ရှိပါတယ်။ အိန္ဒိယနဲ့မြန်မာနိုင်ငံဟာ ပြဿနာကြီးကြီးမားမား မရှိပါဘူး။ နယ်စပ်ဒေသ ပူးပေါင်းဆောင်ရွက်ရေးကိုလည်း အိန္ဒိယနိုင်ငံအနေနဲ့ မြှင့်တင်သွားမှာဖြစ်ပြီး ဒီပူးပေါင်းဆောင်ရွက်မှုကနေ အဖြေတစ်စုံတစ်ရာ ရရှိလာမယ်လို့ မျှော်လင့်ပါတယ်။ ထို့အတူ နှစ်နိုင်ငံအကြား ပြဿနာဖြစ်နိုင်တဲ့ အရာမှန်သမျှ အိန္ဒိယအနေနဲ့ ပိတ်ပင်တားမြစ်မှာဖြစ်ပါတယ်။

မြန်မာနှင့်အိန္ဒိယအကြား ပူးပေါင်းဆောင်ရွက်နေမှုများနှင့်ပတ်သက်၍ အိန္ဒိယပြည်ပရေးရာဝန်ကြီးက ပြောကြားရာတွင် မြန်မာနှင့်အိန္ဒိယနယ်စပ်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အိန္ဒိယနိုင်ငံအနေဖြင့် အခြေခံအဆောက်အအုံများ တည်ဆောက်ရာတွင် မြန်မာနိုင်ငံအား ငွေကြေးအရ ထောက်ပံ့မှုများပေးလျက်ရှိကြောင်း၊ ထို့ပြင်ဒေသဖွံ့ဖြိုးရေးတွင် အဓိကကျသည့် လမ်းနှင့် တံတားများကို ဦးစားပေးတည်ဆောက်နေကြောင်း၊ အဝေးပြေးလမ်းမကြီးကိုလည်း ဖောက်လုပ်နေကြောင်းနှင့် အိန္ဒိယနိုင်ငံသည် မြန်မာနိုင်ငံနှင့်သာမက ထိုင်းနိုင်ငံနှင့်ပါ ချိတ်ဆက်ပူးပေါင်းဆောင်ရွက်မှုများရှိပါကြောင်းဖြင့် ပြောကြားခဲ့သည်။

အ.ထ.က(၂)ကမာရွတ် (ယခင် စိန့်ဩဂတ်စတင်း)

ဆက်သွယ်ရန်

ပြည်တွင်းသတင်း

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် 11th (ACDFIM) အစည်းအဝေးတက်ရောက်မည့် အဖွဲ့ဝင်နိုင်ငံများမှ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်များနှင့် နှစ်နိုင်ငံသီးခြားစီ တွေ့ဆုံဆွေးနွေးပွဲများတက်ရောက်

နေပြည်တော် မတ် ၄

မြန်မာနိုင်ငံ၌ အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် 11th ASEAN Chief of Defence Forces Informal Meeting (ACDFIM) အစည်းအဝေးသို့တက်ရောက်မည့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ဘရူနိုင်းနိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံ၊ ဖိလစ်ပိုင်နိုင်ငံနှင့် စင်ကာပူနိုင်ငံတို့မှ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်များ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့များအား ယနေ့ညနေပိုင်းတွင် နေပြည်တော် သင်္ဃဟတိုတယ် Bilateral Meeting Room ၌ နှစ်နိုင်ငံသီးခြားစီ တွေ့ဆုံပွဲများသို့ တက်ရောက်သည်။

ထိုသို့တွေ့ဆုံရာတွင် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့်အတူ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်းရေလေ) ဗိုလ်ချုပ်ကြီးလှငွေဝင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများသည် ဘရူနိုင်းနိုင်ငံတပ်မတော်ကာကွယ်ရေးဦးစီးချုပ် Maj-Gen. Dato Seri Pahlawan Mohd Tawih Bin Abdullah ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့်လည်းကောင်း၊ ကမ္ဘောဒီးယားနိုင်ငံ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် Gen.Eth Sarath ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့်လည်းကောင်း၊ ဖိလစ်ပိုင်နိုင်ငံ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် Gen.Emmanuel T Bautista ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့နှင့်လည်းကောင်း၊ စင်ကာပူနိုင်ငံ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် Lt-Gen.Ng Chee Meng ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့နှင့်လည်းကောင်း နိုင်ငံအလိုက် သီးခြားစီတွေ့ဆုံ၍ နှစ်နိုင်ငံ တပ်မတော်နှစ်ရပ်ကြား ချစ်ကြည်ရင်းနှီးစွာဖြင့် ဆက်ဆံရေးဆိုင်ရာကိစ္စရပ်များ၊ အာဆီယံအဖွဲ့အစည်းအတွင်း ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များအား ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ (မြဝတီ)

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် စင်ကာပူနိုင်ငံ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် Lt-Gen.Ng Chee Meng ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့်အတူ အမှတ်တရ ဓာတ်ပုံရိုက်စဉ်။ (မြဝတီ)

အစည်းအဝေးများသို့တက်ရောက်ခဲ့သည့် အဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များအား ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံ

နေပြည်တော် မတ် ၄

မြန်မာနိုင်ငံ၌ အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပသည့် 11th ASEAN Military Intelligence Informal Meeting (AMIIM) နှင့် 4th ASEAN Military Operations Informal Meeting (AMOIM) အစည်းအဝေးများသို့ တက်ရောက်ခဲ့သော အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်အဖွဲ့များအား ညစာဖြင့် တည်ခင်းဧည့်ခံပွဲကို မတ် ၃ ရက် ညပိုင်းတွင် နေပြည်တော်ရှိ သင်္ဃဟတိုတယ်၌ ကျင်းပသည်။ (အောက်ပုံ)

အဆိုပါညစာစားပွဲသို့ တပ်မတော် စစ်ဘက်ရေးရာလုံခြုံရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေ၊ စစ်ဦးစီးအရာရှိချုပ်(ကြည်း) ဗိုလ်ချုပ်မြထွန်းဦးနှင့် တပ်မတော်အရာရှိကြီးများ၊ 11th (AMIIM)နှင့် 4th (AMOIM) အစည်းအဝေးများသို့ တက်ရောက်ခဲ့ကြသည့် အဖွဲ့ဝင်နိုင်ငံများမှအရာရှိကြီးများ တက်ရောက်ကြသည်။

ညစာစားပွဲတွင် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေက နှုတ်ခွန်းဆက်စကားပြောကြားပြီး တက်ရောက်လာကြသူများနှင့်အတူ ညစာကို အတူတကွ သုံးဆောင်ကြသည်။

ညစာမသုံးဆောင်မီနှင့် သုံးဆောင်နေစဉ်အတွင်း မြဝတီတေးဂီတအဖွဲ့က တေးသံသာများဖြင့် သီဆိုကပြဖျော်ဖြေခဲ့ကြသည်။

ဂေါက်သီးရိုက်ကစား

ယနေ့နံနက်ပိုင်းတွင် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေ၊ ဗိုလ်ချုပ်မြထွန်းဦးနှင့် တပ်မတော်အရာရှိကြီးများသည် 11th (AMIIM)နှင့် 4th (AMOIM) အစည်းအဝေးများသို့ တက်ရောက်ခဲ့ကြသည့် အဖွဲ့ဝင်နိုင်ငံများမှ အရာရှိကြီးများနှင့်အတူ နေပြည်တော်ရှိ Royal Myanmar ဂေါက်ကွင်းတွင် ချစ်ကြည်ရေး ဂေါက်သီးရိုက် ကစားခဲ့ကြကြောင်း သတင်းရရှိသည်။ (မြဝတီ)

11th (ACDFIM) အစည်းအဝေးတက်ရောက်မည့် အဖွဲ့ဝင်နိုင်ငံများမှ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်များ နှစ်နိုင်ငံသီးခြားစီ တွေ့ဆုံဆွေးနွေး

နေပြည်တော် မတ် ၄

11th ASEAN Chief of Defence Forces Informal Meeting (ACDFIM) အစည်းအဝေးသို့ တက်ရောက်မည့် အာဆီယံနိုင်ငံများမှ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်များသည် ယနေ့ညနေပိုင်းတွင် နေပြည်တော်ရှိ သင်္ဃဟတိုတယ် Bilateral Meeting Room ၌ နှစ်နိုင်ငံသီးခြားစီ တွေ့ဆုံဆွေးနွေးကြသည်။

ဘရူနိုင်းနိုင်ငံ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် Maj-Gen. Dato Seri Pahlawan Mohd TawihBin Abdullah ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ဖိလစ်ပိုင်နိုင်ငံ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် Gen.Emmanuel T Bautista ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့၊ ကမ္ဘောဒီးယားနိုင်ငံ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ်Gen.Eth Sarath ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့နှင့်စင်ကာပူနိုင်ငံ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် Lt-Gen. Ng Chee Meng ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့တို့အားလည်းကောင်း၊ ဖိလစ်ပိုင်နိုင်ငံ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် Gen.Emmanuel T Bautista ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ကမ္ဘောဒီးယားနိုင်ငံ ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ် Gen. Eth Sarath ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့် စင်ကာပူနိုင်ငံ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် Lt-Gen. Ng Chee Meng ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့တို့အားလည်းကောင်း နိုင်ငံအလိုက် သီးခြားစီ တွေ့ဆုံဆွေးနွေးခဲ့ကြသည်။

ACDFIM အစည်းအဝေးသို့ တက်ရောက်မည့် ဘရူနိုင်းနိုင်ငံ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် Maj-Gen.Dato Seri Pahlawan Mohd Tawih Bin Abdullah နှင့်အဖွဲ့၊ ကမ္ဘောဒီးယားနိုင်ငံ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် Gen.Eth Sarath နှင့်အဖွဲ့၊ ဖိလစ်ပိုင်နိုင်ငံတပ်မတော်ကာကွယ်ရေးဦးစီးချုပ် Gen.Emmanuel T Bautista နှင့်အဖွဲ့နှင့်ဗီယက်နမ်နိုင်ငံမှ Sr.Lt-Gen. Do Ba Ty နှင့် အဖွဲ့တို့သည် မတ် ၃ ရက် ညပိုင်းတွင်လည်းကောင်း၊ ထိုင်းနိုင်ငံတပ်မတော်ကာကွယ်ရေးဦးစီးချုပ် Gen.Tanasak Patimapragorn နှင့်အဖွဲ့၊ မလေးရှားနိုင်ငံ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် Gen. Tan Sri Dato' Sri(Dr.) Zulkifeli Bin Mohd Zin နှင့်အဖွဲ့၊ အင်ဒိုနီးရှားနိုင်ငံ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် Gen. Dr. Moeldoko နှင့်အဖွဲ့၊ စင်ကာပူနိုင်ငံမှ Lt-Gen. Ng Chee Meng နှင့်အဖွဲ့၊ လာအိုနိုင်ငံ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် Brig-Gen. Khamlieng Outhakasone တို့သည် မတ် ၄ ရက် မွန်းလွဲပိုင်းနှင့် ညပိုင်းများတွင်လည်းကောင်း နေပြည်တော်လေဆိပ်သို့ အသီးသီး ရောက်ရှိလာရာ တပ်မတော်အရာရှိကြီးများနှင့် တာဝန်ရှိသူများက လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (မြဝတီ)

ဘရူနိုင်းနိုင်ငံ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် စင်ကာပူနိုင်ငံ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်တို့ တွေ့ဆုံဆွေးနွေးစဉ်။ (မြဝတီ)

သံအမတ်ကြီး ဦးငွေအောင် ခန့်အပ်လွှာပေးအပ်

နေပြည်တော် မတ် ၅

စင်ကာပူ သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးငွေအောင်သည် ၎င်း၏ခန့်အပ်လွှာကို ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီ ၂၃ ရက်တွင် စင်ကာပူမြို့၌ စင်ကာပူသမ္မတနိုင်ငံသမ္မတ ဒေါက်တာတိုနီတန်ကင်ယမ်းထံ ပေးအပ်ခဲ့ပြီးဖြစ်သည်။ (သတင်းစဉ်)

ပလင်းတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လှေ့လာစို့

ပြည်ထောင်စုလွှတ်တော်အစည်းအဝေး

ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေဥပဒေကြမ်းနှင့်စပ်လျဉ်းသည့်အစီရင်ခံစာ လွှတ်တော်သို့တင်သွင်း

နေပြည်တော် မတ် ၄

ပြည်ထောင်စုလွှတ်တော် နဝမပုံမှန်အစည်းအဝေး (၂၀) ရက်မြောက်နေ့ကို ယနေ့မွန်းလွဲ ၂ နာရီတွင် ကျင်းပခဲ့သည်။

နိုင်ငံတော်သမ္မတထံမှ သဘောထားမှတ်ချက်ဖြင့် ပြန်လည်ပေးပို့လာသော **ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေ ဥပဒေကြမ်း**နှင့်စပ်လျဉ်းသည့် အစီရင်ခံစာကို ဥပဒေကြမ်းပူးပေါင်းကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးဇော်မြင့်ဖေက လွှတ်တော်သို့ ဖတ်ကြားတင်သွင်းခဲ့သည်။

အဆိုပါအစီရင်ခံစာ၏ လေ့လာတွေ့ရှိချက်တွင် ဖွဲ့စည်းပုံအခြေခံ ဥပဒေပုဒ်မ ၁၁၊ ပုဒ်မခွဲ(က)တွင် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးအာဏာ ခက်မသုံးဖြာကို တတ်နိုင်သမျှပိုင်းခြား၍ ကျင့်သုံးရမည်ဟု ဖော်ပြထားပါကြောင်း၊ သို့ရာတွင် ဥပဒေပြုရာ၌ အုပ်ချုပ်ရေးအဖွဲ့၊ တရားစီရင်ရေးအဖွဲ့၊ ပြည်သူများနှင့် ဥပဒေပြုရေးအဖွဲ့များ ပါဝင်ပူးပေါင်းညှိနှိုင်းပြီး ဆောင်ရွက်နေပါကြောင်း၊ ဤသည်မှာ တတ်နိုင်သမျှပိုင်းခြားခြင်းနှင့် အပြန်အလှန်ထိန်းကျောင်းခြင်းကို လက်တွေ့အကောင်အထည်ဖော်နေခြင်း ဖြစ်ပါကြောင်း၊ ယခုဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းသည် နိုင်ငံသားတိုင်းနှင့်သက်ဆိုင်သည့် လုပ်ငန်းဖြစ်ပါကြောင်း၊ အထူးသဖြင့် အောက်ခြေဖွံ့ဖြိုးရေးလုပ်ငန်းငယ်များသည် ပြည်သူများနှင့်တိုက်ရိုက်သက်ဆိုင်ပြီး ပြည်သူများစိတ်ဝင်စားသည့် ဒေသအကျိုးပြုလုပ်ငန်းဖြစ်၍ ပြည်သူ့ကိုယ်စားလှယ်များဖြစ်သော လွှတ်တော်ကိုယ်စားလှယ်များနှင့် ပေါင်းစပ်ညှိနှိုင်း အကောင်အထည်ဖော်ဆောင်ရွက်ခြင်းသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ဆန့်ကျင်မှုမရှိဘဲ ညီညွတ်မှုရှိသည်ကို လေ့လာတွေ့ရှိရပါကြောင်း။

ဒေသဆိုင်ရာဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်ရာ၌ လွှတ်တော်ကိုယ်စားလှယ် တစ်ဦးတစ်ယောက်သို့မဟုတ် လွှတ်တော်ကိုယ်စားလှယ်များကသာ ဆောင်ရွက်ခြင်းမျိုးမဟုတ်ဘဲ ဖွံ့ဖြိုးရေးလုပ်ငန်းကို ပြည်သူများ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် အုပ်ချုပ်ရေးအဖွဲ့အစည်းများ ညှိနှိုင်းပူးပေါင်းဆောင်ရွက်နိုင်ရန် မြို့နယ်ဖွံ့ဖြိုးရေးလုပ်ငန်း အကောင်အထည်ဖော်ရေးအဖွဲ့ကို ဥပဒေအရ ဖွဲ့စည်းတာဝန်ပေးအပ်ခြင်းဖြစ်ပါကြောင်း၊ ဤဥပဒေကြမ်း

ဥပဒေကြမ်း ပူးပေါင်း ကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးဇော်မြင့်ဖေ။ (သတင်းစဉ်)

သည် ပြည်သူနှင့်နိုင်ငံတော်အကျိုးစီးပွားကို အမှန်တကယ် လက်တွေ့ကျကျ ဆောင်ရွက်နိုင်သော ဥပဒေဖြစ်သကဲ့သို့ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်လည်း ဆန့်ကျင်ခြင်းမရှိပါကြောင်း။

ဤဥပဒေကြမ်းသည် ဒေသအောက်ခြေအဆင့်တွင် စီမံကိန်းဝင်လုပ်ငန်းအမျိုးအစားမဟုတ်သည့် ပြည်သူ့အခြေခံလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးရန်ဖြစ်ပါကြောင်း၊ ရပ်ကွက်နှင့် ကျေးရွာအုပ်စုများအတွင်းတွင် အမှန်တကယ်လိုအပ်လျက်ရှိသော ကျေးလက်ဆိုင်ရာလုပ်ငန်းငယ်များကို ကုန်ကျစရိတ်အနည်းဆုံးဖြင့် လွှတ်တော်ကိုယ်စားလှယ်များ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် ပြည်သူလူထုများ ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်သည့် အထိရောက်ဆုံးသော လုပ်ငန်းများဖြစ်ပြီး အခြေခံအကျဆုံးသော ပြည်သူများက လိုလားနှစ်သက်သောလုပ်ငန်းများလည်း ဖြစ်ပါကြောင်း။

သို့ဖြစ်ပါ၍ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ပြည်သူများနှင့်အတူ ပြည်သူ့ကိုယ်စားလှယ်များက အုပ်ချုပ်ရေးပိုင်းမှ တာဝန်ရှိသူများ၏ အကူအညီနှင့် ပါဝင်ပူးပေါင်းမှုများရယူပြီး အပြန်အလှန်ထိန်းကျောင်းဆောင်ရွက်မှုများသည် နိုင်ငံတော်၏ အခြေခံမူနှင့်ဆန့်ကျင်ခြင်းမရှိပါသဖြင့် ပြည်ထောင်စုလွှတ်တော်က သဘောတူညီခဲ့သည့်အတိုင်းသာ ဆက်လက်အတည်ပြုပြီး နိုင်ငံတော်သမ္မတက လက်မှတ်ရေးထိုးနိုင်ရေးအတွက် ဆက်လက်ဆောင်ရွက်သင့်ကြောင်း ဖော်ပြထားသည်။

ဥပဒေကြမ်း ပူးပေါင်း ကော်မတီဝင် ဦးသိန်းထွန်းဦး။ (သတင်းစဉ်)

ထို့ပြင် အစီရင်ခံစာ၏ သဘောထားမှတ်ချက်၌ နိုင်ငံတော်သမ္မတက သဘောထားမှတ်ချက်ပေးပို့လာသော ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေဥပဒေကြမ်းကို ပြည်ထောင်စုလွှတ်တော်က မူလအတည်ပြုခဲ့သည့်အတိုင်း ဆက်လက်အတည်ပြုပြီး ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၀၆ နှင့် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၉၉ နှင့်အညီ ဆောင်ရွက်သင့်ကြောင်း ပူးပေါင်းကော်မတီက မှတ်ချက်ပြုထားသည်။

လွှတ်တော်နာယကက ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ အစီရင်ခံစာပါ သဘောထားမှတ်ချက်အတိုင်း ဆောင်ရွက်ရန် ပြည်ထောင်စုလွှတ်တော်က ထပ်မံဆွေးနွေးခြင်းမပြုဘဲ နိုင်ငံတော်သမ္မတ လက်မှတ်ရေးထိုးထုတ်ပြန်နိုင်ရေးအတွက် ပြန်လည်ပေးပို့သွားမည်ဖြစ်ပါကြောင်း လွှတ်တော်သို့ အသိပေးတင်ပြခဲ့သည်။

ထို့နောက် **နိုင်ငံတော်သမ္မတထံမှ သဘောထားမှတ်ချက်ဖြင့် ပြန်လည်ပေးပို့လာသော ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေဥပဒေကြမ်းကို ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ သဘောထားမှတ်ချက်နှင့်အညီ ပြည်ထောင်စုလွှတ်တော်က မူလအတည်ပြုထားသည့်အတိုင်း ဆက်လက်အတည်ပြုရန်** အဆိုကို လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ သဘောတူသဖြင့် ယင်းဥပဒေကြမ်းကို ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ သဘောထားမှတ်ချက်နှင့်အညီ ပြည်ထောင်စုလွှတ်တော်က မူလအတည်ပြုထားသည့်အတိုင်း ဆက်လက်အတည်ပြုကြောင်းနှင့် နိုင်ငံတော်သမ္မတထံ ထပ်မံပေးပို့မည်ဖြစ်ကြောင်း သိရသည်။

အစည်းအဝေးတွင် **ဝင်ငွေခွန်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း**နှင့် **ကုန်သွယ်လုပ်ငန်းခွန် ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း**တို့နှင့်စပ်လျဉ်း၍ ဥပဒေကြမ်းပူးပေါင်းကော်မတီဝင် ဦးသိန်းထွန်းဦးနှင့် ဦးခင်မောင်ညို တို့က ပူးပေါင်းကော်မတီ၏ ပြန်လည်ပြင်ဆင်ထားသည့် လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်အစီရင်ခံစာကို လွှတ်တော်သို့ ထပ်မံဖတ်ကြားတင်သွင်းခဲ့ကြသည်။

ယင်းဥပဒေကြမ်းများနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ အစီရင်ခံစာပေါ်တွင် အခြေခံ၍ ဆက်လက်ဆွေးနွေးဆောင်ရွက်သွားမည်ဖြစ်ပြီး ပြင်ဆင်ချက်အဆို တင်သွင်းဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းပေးပို့နိုင်ကြောင်း သိရသည်။

ထို့အတူ **၂၀၁၄ ခုနှစ်၊ ပြည်ထောင်စု၏အခွန်အကောက်ဆိုင်ရာဥပဒေကြမ်း**နှင့်စပ်လျဉ်း၍ ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်အစီရင်ခံစာကို ပူးပေါင်းကော်မတီဝင် ဒေါက်တာစိုးမိုးအောင်က လွှတ်တော်သို့ တင်သွင်းခဲ့ပြီး ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း သိရသည်။

ထို့နောက် လွှတ်တော်နှစ်ရပ် သဘောကွဲလွဲသော **ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းဥပဒေကြမ်း**နှင့် **သတင်းမီဒီယာဥပဒေကြမ်း**တို့နှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဝန်ကြီးဌာနနှင့် လွှတ်တော်၏သဘောထားဆုံးဖြတ်ချက်ကို ရယူ၍ တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြုခဲ့သည်။

ယင်းဥပဒေကြမ်းနှစ်ခုနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့ အတည်ပြုခဲ့သည့် အချက်များအပါအဝင် လွှတ်တော်နှစ်ရပ်သဘောကွဲလွဲသည့်အချက်များကို ပြည်ထောင်စုလွှတ်တော်က ဆုံးဖြတ်ထားသည့်အတိုင်း ပြင်ဆင်ဆောင်ရွက်ပြီး ဥပဒေအဖြစ် ထုတ်ပြန်နိုင်ရန်အတွက် နိုင်ငံတော်သမ္မတထံသို့ ပေးပို့သွားမည်ဖြစ်ကြောင်း လွှတ်တော်နာယကက ကြေညာပြီး အစည်းအဝေးကို ညနေပိုင်းတွင် ရပ်နားသည်။

(သတင်းစဉ်)

ပြည်သူ့လွှတ်တော်အစည်းအဝေး

နိုင်ငံတော်စီမံကိန်းများဖြင့် အကောင်အထည်ဖော်နေသည့်လုပ်ငန်းများအပေါ် အပြုသဘောဖြင့် အလေးထားပူးပေါင်းဆောင်ရွက်ပေးရန်လိုအပ်

နေပြည်တော် မတ် ၄

ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး(၂၀) ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် ကျင်းပခဲ့ရာ ညောင်ရွှေမဲဆန္ဒနယ်မှ ဦးဝင်းဆွေ၏ **ညောင်ရွှေမြို့နယ် အင်းလေးဒေသတွင်းနေ ရေယာဉ်ပိုင်ရှင်များအားလုံး ရေယာဉ်သက်တမ်းတိုးမြှင့်ပေးခြင်း၊ ရေယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း သတ်မှတ်ပေးခြင်း၊ လမ်းညွှန်ဆိုင်းဘုတ်များ တပ်ဆင်ပေးခြင်း၊ ဥပဒေများ ညီညွတ်မျှတစွာ ထုတ်ပြန်ပေးခြင်းတို့ကို ဆောင်ရွက်ပေးရန်အစီအစဉ်ရှိ/မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ပို့ဆောင်ရေးဝန်ကြီး

ပို့ဆောင်ရေး ဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးဇင်ယော် ဖြေကြားစဉ်။ (သတင်းစဉ်)

ဌာနမှ ဒုတိယဝန်ကြီး ဦးဇင်ယော်က စက်မြင်းကောင်ရေ ၂၀ ထက်မပိုသော စက်တပ်ရေယာဉ်ငယ်များအား စစ်ဆေးမှတ်ပုံတင်ခြင်းနှင့်ပတ်သက်သည့် လုပ်ကိုင်ခွင့်ကို မြို့နယ်အထွေထွေ အုပ်ချုပ်ရေး ဦးစီးဌာနအား အချက်အလက်များနှင့်အညီ ဆောင်ရွက်ရန်အကြောင်းကြားစာကို ၁၉၈၉ ခုနှစ် မတ်လတွင် ထုတ်ပြန်ခဲ့ပါကြောင်း။

စက်မြင်းကောင်ရေ ၂၀ ထက်မပိုသော စက်တပ်ရေယာဉ်ငယ်များ စစ်ဆေးမှတ်ပုံတင်ခြင်းနှင့် ပတ်သက်၍ မြို့နယ်စစ်ဆေးရေးအဖွဲ့ဖွဲ့စည်းခြင်း၊ မှတ်ပုံတင်ရန်လျှောက်ထားခြင်း၊ စစ်ဆေးမှတ်ပုံတင်ခြင်းအတွက် ကောက်ခံရမည့်နှုန်းထားများ၊ အာမခံ

ညောင်ရွှေ မဲဆန္ဒနယ်မှ ဦးဝင်းဆွေ မေးမြန်းစဉ်။ (သတင်းစဉ်)

ကြေး နှုန်းထားများ၊ စက်တပ်ရေယာဉ်ငယ်များ ကနဦးမှတ်ပုံတင်ခြင်းနှင့် နှစ်ပတ်လည်စစ်ဆေးခံရန် လျှောက်လွှာပုံစံ၊ စက်တပ်ရေယာဉ်ငယ်များ မှတ်ပုံတင်ရန် စစ်ဆေးချက်မှတ်တမ်း၊ စက်တပ်ရေယာဉ်ငယ်များ မှတ်ပုံတင်လက်မှတ်နှင့် မောင်းနှင်ခွင့် ယာယီပါမစ်ပုံစံများကို သတ်မှတ်ပေးထားပါကြောင်း။

စက်မြင်းကောင်ရေ ၂၀ ထက်မပိုသော စက်တပ်ရေယာဉ်ငယ်များအား စစ်ဆေးခြင်း၊ အရေးယူခြင်းဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များကို ၂၀၀၂ ခုနှစ် ဩဂုတ်လတွင် ထုတ်ပြန်ခဲ့ပြီး စစ်ဆေးမှတ်ပုံတင်ခြင်းအတွက် ကောက်ခံရန်နှုန်းထားများ ပြောင်းလဲသတ်မှတ်ခြင်းနှင့်အတူ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအတွက် ဝန်ဆောင်ခကိုပါ သတ်မှတ်ပေးခဲ့ပါကြောင်း။

ဥပဒေအနေဖြင့် ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာနသည် ယခင် ပြည်တွင်းရေကြောင်းသွားမီးသင်္ဘောအက်ဥပဒေ(Inland Steam Vessel Act) ကို ပြည်တွင်းရေကြောင်းသွား ရေယာဉ်များဥပဒေ (Inland Vessel Law) အဖြစ် ရေးဆွဲပြဋ္ဌာန်းနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပြီး အဆိုပါ ဥပဒေအရနည်းဥပဒေများ ရေးဆွဲသည့်အခါ စက်မြင်းကောင်ရေ ၂၀ ထက်မပိုသော *စာမျက်နှာ ၁၀ သို့*

အမျိုးသားလွှတ်တော်အစည်းအဝေး

မြန်မာ့လေကြောင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဆွေးနွေးနိုင်ရန် လွှတ်တော်သို့ အဆိုတင်သွင်း

နေပြည်တော် မတ် ၄

အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး(၁၉)ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် ကျင်းပရာ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးစိုင်းစံမင်း၏ **"လားရှိုးမြို့နယ် နမ့်ဆွမ်ချောင်းဖျား၌ စွမ်ဖုန်းတာ ကုမ္ပဏီလီမိတက်မှ စက္ကူစက်ရုံ တည်ဆောက်နေခြင်းနှင့် ပတ်သက်သည့်** မေးခွန်းနှင့်စပ်လျဉ်း၍ စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးအောင်က စွမ်ဖုန်းတာကုမ္ပဏီလီမိတက်အနေဖြင့် စက္ကူစက်ရုံ တည်ဆောက်ရန်အတွက် စီမံချက်များ စနစ်တကျ ရေးဆွဲဆောင်ရွက်တင်ပြခြင်း၊ စက္ကူစက်ရုံတည်ဆောက်ခြင်းမပြုမီ ပတ်ဝန်းကျင်ရှိ ကျေးရွာလူထုသဘောထားအမြင်များ ရယူဆောင်ရွက်ခြင်း၊ စက္ကူစက်ရုံ တည်ဆောက်မှု၊ စက်တပ်ဆင်မှုများ ဆောင်ရွက်ခြင်းအတွက် သက်ဆိုင်ရာဌာနများမှ ခွင့်ပြုမိန့်များရရှိထားခြင်း မရှိသည်ကို တွေ့ရှိရပါကြောင်း။

စက္ကူစက်ရုံသည် တည်ဆောက်ဆဲကာလဖြစ်သဖြင့် ဘွိုင်လာများ တပ်ဆင်ထားခြင်းမရှိခြင်း၊ တည်ဆောက်မှုများ မပြီးစီးသဖြင့် စက်ရုံလည်ပတ်နိုင်ခြင်းမရှိဘဲ စက်ရုံမှ ရေဆိုးများ စွန့်ထုတ်မှုမရှိသော်လည်း စက်ရုံလည်ပတ်ပါက စွန့်ပစ်ရေဆိုးများ ထွက်ရှိမှုကြောင့် အိမ်ထောင်စု ၁၀၀ ကျော် အသုံးပြုမည့် နမ့်ဆွမ်ချောင်း၏ ရေအရည်အသွေးကျဆင်းမှုနှင့် ပတ်ဝန်းကျင်ထိခိုက်ပျက်စီးမှုများ ဖြစ်ပေါ်လာနိုင်ရာ အဆိုပါထိခိုက်မှုများကို ကြိုတင်ကာကွယ်ဆောင်ရွက်မည့် အစီအမံများ ဆောင်ရွက်ထားခြင်း မရှိပါကြောင်း၊ တည်ဆောက်ဆဲ စက္ကူစက်ရုံသည် ပျော့ဖတ်အဆင့်သာမက စက္ကူအဆင့်အထိ ထုတ်လုပ်မည်ဆိုပါက ဓာတုပစ္စည်းများကို သုံးစွဲရမည်ဖြစ်၍ ကြိုတင်စီမံဆောင်ရွက်မှုများ ပြုလုပ်သွားရန် လိုအပ်ပါကြောင်း။

ရှမ်းပြည်နယ်အစိုးရအနေဖြင့် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ကွင်းဆင်းစစ်ဆေးခဲ့ပြီး စက္ကူစက်ရုံတည်ဆောက်ခွင့်အား တင်ပြဆောင်ရွက်ထားမှုမရှိခြင်း ၊ ခွင့်ပြုချက် မရရှိဘဲ တည်ဆောက်ခြင်း၊ နမ့်ဆွမ်ချောင်းဖျားတွင် မြေသားတမံပိတ်၍ ရေလှောင်ထားခြင်း၊ မိုးရင်ဆည် ရေဝေရေလဲဧရိယာအတွင်း ခွင့်မပြုသင့်ခြင်းတို့ကြောင့် လုပ်ငန်းတည်ဆောက်မှုကို ရပ်ဆိုင်းရန် ညွှန်ကြားခဲ့ပါကြောင်း။

ထို့ပြင် စက္ကူစက်ရုံပိုင်ရှင်ထံသို့ စက္ကူစက်ရုံလုပ်ငန်းဆောင်ရွက်နေခြင်းအား ချက်ချင်းရပ်ဆိုင်းထားရန်၊ လုပ်သားများ(လုံးဝ)ထားရှိခြင်းမရှိရန်နှင့် ထပ်မံကျူးလွန်ပါက ဥပဒေအရ အရေးယူသွားမည်ဖြစ်ကြောင်း ထပ်မံညွှန်ကြားခဲ့ပါကြောင်း၊ ရှမ်းပြည်နယ် စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာနမှ ၁၃-၂-၂၀၁၄ ရက်တွင် စက်ရုံအခြေအနေအား ကွင်းဆင်းစစ်ဆေးခဲ့ရာ လုပ်ငန်းတည်ဆောက်မှုများ ရပ်ဆိုင်းထားပြီး အစောင့်တစ်ဦးသာ တွေ့ရှိရပါကြောင်းဖြင့် ဖြေကြားခဲ့သည်။

အစည်းအဝေးတွင် **မြန်မာ့လေကြောင်းဥပဒေကြမ်း**နှင့် စပ်လျဉ်း၍ ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင်က ပို့ဆောင်ရေးဝန်ကြီးဌာနရှိ နိုင်ငံပိုင် စီးပွားရေးအဖွဲ့အစည်းတစ်ခုဖြစ်သည့် မြန်မာ့လေကြောင်းအား ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှစ၍ နိုင်ငံတော်ဘဏ္ဍာရန်ပုံငွေဖြင့် ကျခံသုံးစွဲခြင်းမပြုဘဲ မိမိဝင်ငွေဖြင့် ရပ်တည်ဆောင်ရွက်လျက်ရှိရာ ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ Corporatization အသွင်ပြောင်းလဲ ဆောင်ရွက်ရာတွင် လိုက်နာကျင့်သုံးရန်အတွက် ခေတ်နှင့်အညီရေးဆွဲထားသော မြန်မာ့လေကြောင်းဥပဒေကို ပြင်ဆင်သည့်ဥပဒေ *စာမျက်နှာ ၁၀ သို့*

ပြည်တွင်းသတင်း

တတိယအကြိမ် ဘင်းမ်စတက်ထိပ်သီးအစည်းအဝေး နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တက်ရောက်ဆွေးနွေး

အဖွဲ့ဝင်နိုင်ငံများအကြား တည်ရှိပြီးပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးမြှင့်ရေးတို့နှင့်စပ်လျဉ်း၍ အမြင်ချင်းဖလှယ်

တက်ရောက်ဆွေးနွေး

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန၌ ကျင်းပသည့် တတိယအကြိမ် ဘင်းမ်စတက်ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ဆွေးနွေးစဉ်။ (သတင်းစဉ်)

နေပြည်တော် မတ် ၄

တတိယအကြိမ် ဘင်းမ်စတက်ထိပ်သီးအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန၌ ကျင်းပသည်။

ထိပ်သီးအစည်းအဝေးသို့ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အတူ ဘင်းမ်စတက်အဖွဲ့ဝင် နိုင်ငံများဖြစ်ကြသည့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဝန်ကြီးချုပ် ရှိတ်ဟာဆီနာ၊ ဘူတန်နိုင်ငံ ဝန်ကြီးချုပ် မစ္စတာ တီရှားရင်းတော့ဂေး၊ အိန္ဒိယသမ္မတနိုင်ငံ ဝန်ကြီးချုပ် ဒေါက်တာမန်မိုဟန်ဆင်း၊ နီပေါနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဆူရှီးကွိုင်ရာလာ၊ သီရိလင်္ကာဒီမိုကရက်တစ်

ဆိုရှယ်လစ်သ... မစ္စတာ မဟိန္ဒ... နိုင်ငံဝန်ကြီးချု... လှယ် အမြဲတ... Sihasak P... မြန်မာနိုင်ငံအ... အဖွဲ့ဝင်နိုင်ငံမ... အဆင့်မြင့်အ... ရောက်ကြသည...

အမြင်...

အစည်းအ... သမ္မတနှင့် ဘင်... များမှ အကြီ... အလိုက် မိန့်ခွ...



✳ ရှေ့ဖုံးမှ

ယင်းနောက် ဖွင့်ပွဲအခမ်းအနားကိုကျင်းပရာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က နှုတ်ခွန်းဆက်မိန့်ခွန်း ပြောကြားရာ၌ ယနေ့ခေတ်တစ်ကမ္ဘာလုံး ပေါင်းစည်းမှုဖြစ်စဉ်အရ ယဉ်ကျေးမှုနှင့် ရည်မှန်းချက်တူညီသည့် နိုင်ငံများပါဝင်သော ဒေသတွင်း (သို့မဟုတ်) ဒေသခွဲ အုပ်စုများသည် ရွေးချယ်မှုကြောင့် မဟုတ်ဘဲ အချိန်၏လိုအပ်ချက်အရ ပေါင်းစည်းလာခဲ့ကြပါကြောင်း၊ နိုင်ငံတကာ နိုင်ငံရေးအရှိန်အဟုန်ကြောင့် နိုင်ငံများအကြား စီးပွားရေးဆက်ဆံမှုများသည် အရေးပါသည့် အပြောင်းအလဲများအဖြစ် ဖြစ်ပေါ်ခဲ့ပါကြောင်း၊ အကျိုးဆက်အနေဖြင့် ဤကိစ္စရပ်များသည် နိုင်ငံအများနှင့်သက်ဆိုင်သော ဆက်စပ်မှုများနှင့် ပုံစံများကို ပေါ်ပေါက်စေပါကြောင်း၊ ထိုကဲ့သို့ အခြေအနေများကြောင့် အဖွဲ့ဝင်နိုင်ငံများအကြား သဟဇာတဖြစ်သော ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးကို ဖော်ဆောင်ရန် ဘင်းမ်စတက်အဖွဲ့ကြီးက ဦးတည်ခဲ့ပါကြောင်း။

ရာသီဥတုပြောင်းလဲမှု၊ သဘာဝဘေးအန္တရာယ်၊ စွမ်းအင်နှင့်စားနပ်ရိက္ခာဖူလုံရေး အစရှိသော သမားရိုးကျမဟုတ်သည့် နိုင်ငံဖြတ်ကျော်ခြိမ်းခြောက်မှုများနှင့် ရင်ဆိုင်နေကြရသည့်အတွက် ဘင်းမ်စတက်အဖွဲ့ကြီးအောက်တွင် မိမိတို့၏ခွန်အားနှင့် သယံဇာတများကိုစုစည်းပြီး အခြားနိုင်ငံတကာ အဖွဲ့အစည်းများနှင့် ထိတွေ့လျက် ဤပြဿနာများကို ကိုင်တွယ် ဆွေးနွေးသွားကြရမည်ဖြစ်ပါကြောင်း၊ မိမိတို့၏ အဓိကဦးစားပေးကိစ္စမှာ ယခင်ကကဲ့သို့ပင် ဒေသတွင်း ဆင်းရဲနွမ်းပါးမှုလျှော့ပါးရေး၊ လူနေမှုဘဝအဆင့်အတန်းမြှင့်တင်ရေးနှင့် ပြည်သူများကျန်းမာပျော်ရွှင်စေရေးတို့ ဖြစ်ပါကြောင်း၊ ဘင်းမ်စတက်အဖွဲ့ကြီး စတင်တည်ထောင်စဉ်ကတည်းက သတ်မှတ်ထားသည့် ပူးပေါင်းဆောင်ရွက်မှု နယ်ပယ်များတွင် တိုးတက်မှုရရှိအောင် ဆောင်ရွက်ရေးကို အလေးထား ဆောင်ရွက်နေပါကြောင်း၊ လိုအပ်ချက်နှင့် မျှော်မှန်းချက်များအရ ပူးပေါင်းဆောင်ရွက်မှုနယ်ပယ်များလည်း တိုးချဲ့လာနေပြီဖြစ်ပါကြောင်း။

ယခုဆိုလျှင် ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု၊ နည်းပညာ၊ စွမ်းအင်၊ သယ်ယူပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး၊ ခရီးသွားလုပ်ငန်း၊ ရေလုပ်ငန်း၊ စိုက်ပျိုးရေး၊ ယဉ်ကျေးမှု၊ ပတ်ဝန်းကျင်နှင့် ဘေးအန္တရာယ်စီမံခန့်ခွဲမှု၊ လူထုကျန်းမာရေး၊ ပြည်သူအချင်းချင်းအကြား ထိတွေ့ဆက်ဆံရေး၊ ဆင်းရဲနွမ်းပါးမှုလျှော့ချရေး၊ နိုင်ငံတကာ အကြမ်းဖက်မှုနှင့် နိုင်ငံဖြတ်ကျော်မှုခင်းများ၊ ရာသီဥတုပြောင်းလဲမှုအစရှိသည့် နယ်ပယ် ၁၄ ခုတို့တွင် အတူတကွ ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ တန်းတူညီမျှရှိမှုနှင့် မိတ်ဖက်ဆောင်ရွက်မှု စိတ်ဓာတ်များဖြင့် မိမိတို့၏ပူးပေါင်းဆောင်ရွက်မှုများကြောင့် ဒေသခွဲအတွင်း စီးပွားရေးဖွံ့ဖြိုးမှုနှင့် လူမှုရေးတိုးတက်မှုတို့ကို အရှိန်အဟုန်တိုးမြှင့်ရရှိစေမည်ဖြစ်ပါကြောင်း၊ အဖွဲ့ဝင်နိုင်ငံအသီးသီး၏ ဘင်းမ်စတက်အဖွဲ့ကြီးအပေါ် ပူးပေါင်းဆောင်ရွက်မှုနှင့် အားပေးကူညီမှုများက အဖိုးမဖြတ်နိုင်ပါကြောင်း၊ ယခုကိစ္စနှင့်စပ်လျဉ်း၍ ဘင်းမ်စတက်လုပ်ငန်းအဖွဲ့အတွက် အစဉ်အမြဲကူညီပေးသော ထိုင်းနိုင်ငံအား ကျေးဇူးတင်ရှိပါသည်ဟု ပြောကြားလိုပါကြောင်း။

ယခုအချိန်အခါသည် မိမိတို့နိုင်ငံအားလုံးက ပြည်သူပြည်သားများ၏အနာဂတ် ပိုမိုလှပကောင်းမွန်လာ

ရေးကို ရွေးရှ... ကြီး၏ လုပ်... ထိန်းသိမ်းရန်... ဆောင်ရွက်မှု... အားထုတ်မှုမျ... လုပ်ဆောင်သွ... အချိန်အခါပ... ရည်မှန်းချက်... ရေးအတွက် မိ... ကလည်းကော... အသိုက်အဝန်... ကောင်း အတူ... ကြိုးပမ်းဆော... ပါကြောင်း၊ မိမိတို့၏ ... ပေါက်မြောက်... ပူးပေါင်းဆော... နှင့် အ... လက်တွဲဆော... အောင် ပြုလု... ဖြင့် အဖွဲ့ကြ... မိမိတို့၏ ခို... ကိုဖော်ပြအပ်...

မိမိတို့၏ ... ချက်မှာ ဘင်း... များက ပြည်...

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၊ ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများမှ အကြီးအကဲများနှင့် အထူးကိုယ်စားလှယ်တို့က Crystal Ball များအား နှိပ်၍ တတိယအကြိမ် ဘင်းမ်စတက်ထိပ်သီးအစည်းအဝေး အခမ်းအနားကို ဖွင့်လှစ်ပေးကြစဉ်။ (သတင်းစဉ်)

■ ကျောဖုံးမှ

ဘင်းမ်စတက်အဖွဲ့အစည်းတွင် အာဆီယံအဖွဲ့ကြီးကဲ့သို့ အတွင်းရေးမှူးချုပ်ရုံး ယခင်ကမရှိသေးသည့်အတွက် နိုင်ငံများအကြား ညှိနှိုင်းဆောင်ရွက်ရေးတွင် အကန့်အသတ်ရှိပါကြောင်း၊ ယခုဆိုလျှင် အတွင်းရေးမှူးချုပ်ရုံး စတင်ထူထောင်နိုင်ပြီဖြစ်သည့်အတွက် လုပ်ငန်းဆောင်တာများ ပိုမိုထိရောက်သွက်လက်လာမည်ဖြစ်ပါကြောင်း၊ အတွင်းရေးမှူးချုပ်ရုံးသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဒါကာမြို့တွင် အခြေစိုက်မည်ဖြစ်ပါကြောင်း၊ အတွင်းရေးမှူးချုပ်ရုံးကို ၂၀၁၄ ခုနှစ် မေ ၁ ရက်တွင် စတင်အသက်ဝင်လည်ပတ်နိုင်ရန် ရည်ရွယ်ထားပါကြောင်း၊ အမြဲတမ်းအတွင်းရေးမှူးချုပ်ရုံးကို ဦးဆောင်နိုင်ရန် ဘင်းမ်စတက်အဖွဲ့၏ ပထမဆုံးအတွင်းရေးမှူးချုပ်အဖြစ် သီရိလင်္ကာနိုင်ငံမှ မစ္စတာဆုမစ်နကန်ဒါလအား ခန့်အပ်နိုင်ခဲ့ခြင်းကို အတည်ပြုနိုင်ခဲ့ပါကြောင်း။

ဤထိပ်သီးအစည်းအဝေးတွင် အရေးအကြီးဆုံးရလဒ်ဖြစ်သည့် ထိပ်သီးအစည်းအဝေးကြေညာချက်ကိုလည်း ထုတ်ပြန်နိုင်ခဲ့ပါကြောင်း၊ ယင်းကြေညာချက်၏ အနှစ်သာရကို အတိုချုပ်ပြောရလျှင် ပူးပေါင်းဆောင်ရွက်မှု ဦးစားပေးကဏ္ဍကြီး (၁၄)ရပ်တွင် ကဏ္ဍအလိုက် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်သွားကြရန် ဆန္ဒရှိကြောင်းကို ဘင်းမ်စတက်နိုင်ငံအကြီးအကဲများနှင့် အစိုးရအဖွဲ့အကြီးအကဲများက ထုတ်ဖော်ပြသနိုင်ခြင်းပင် ဖြစ်ပါကြောင်း။

ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်ရာတွင် မြန်မာနိုင်ငံက စွမ်းအင်နှင့် စိုက်ပျိုးရေးကဏ္ဍများတွင် ဦးဆောင်နိုင်ငံအဖြစ် တာဝန်ယူဆောင်ရွက်လျက်ရှိပါကြောင်း၊ အာရှဖွံ့ဖြိုးရေးဘဏ်၏ အကူအညီဖြင့် ဘင်းမ်စတက်သယ်ယူပို့ဆောင်မှု အခြေခံအဆောက်အအုံနှင့် ဝန်ဆောင်မှုဆိုင်ရာ လေ့လာချက်တစ်ရပ်ကိုလည်း ပထမအဆင့် ပြုလုပ်နိုင်ခဲ့ပြီး လက်တွေ့အကောင်အထည်ဖော်နိုင်မည့် စီမံချက်များကို ဒုတိယအဆင့်အနေဖြင့် လေ့လာဖော်ထုတ်လျက်ရှိပါကြောင်း၊ ယခုထိပ်သီးအစည်းအဝေးတွင် ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများအကြား တည်ရှိပြီး ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုတိုးမြှင့်သွားရန် သဘောတူခဲ့ကြပါကြောင်းဖြင့် ပြောကြားသည်။ **(သတင်းစဉ်)**

တတိယအကြိမ် ဘင်းမ်စတက်ထိပ်သီးအစည်းအဝေး...

ဆိုရှယ်လစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ မဟိန္ဒာရာဂျပက်ဆာ၊ ထိုင်းနိုင်ငံဝန်ကြီးချုပ်၏ အထူးကိုယ်စားလှယ် အမြဲတမ်းအတွင်းဝန် Mr. Sihasak Phuang Ketkeow၊ မြန်မာနိုင်ငံအပါအဝင် ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများမှ ဝန်ကြီးများနှင့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

အမြင်ချင်းဖလှယ်

အစည်းအဝေးတွင် နိုင်ငံတော်သမ္မတနှင့် ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများမှ အကြီးအကဲများက နိုင်ငံအလိုက် မိန့်ခွန်းများပြောကြားခဲ့ကြပြီး ဦးစားပေးကဏ္ဍကြီး (၁၄)ရပ်တွင် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေး၊ အဖွဲ့ဝင်နိုင်ငံများရှိ ပြည်သူများအကြား နားလည်မှုနှင့် ချစ်ကြည်ရင်းနှီးမှု တိုးပွားရေး၊ အဖွဲ့ဝင်နိုင်ငံများအကြား တည်ရှိပြီး ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးမြှင့်ရေးတို့နှင့် စပ်လျဉ်း၍ အမြင်ချင်းဖလှယ်ခဲ့ကြသည်။

ထို့နောက် ထိပ်သီးအစည်းအဝေး ပူးတွဲကြေညာချက်ကို အတည်ပြုခဲ့ပြီး ဘင်းမ်စတက်အဖွဲ့ အလှည့်ကျဥက္ကဋ္ဌတာဝန်အား နီပေါနိုင်ငံသို့ လွှဲပြောင်းပေးအပ်ခဲ့သည်။

(သတင်းစဉ်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဘင်းမ်စတက်အဖွဲ့ အလှည့်ကျ ဥက္ကဋ္ဌတာဝန်အား နီပေါနိုင်ငံသို့ လွှဲပြောင်းပေးအပ်စဉ်။ (သတင်းစဉ်)

ရေးကို ရှေးရှု၍ ဘင်းမ်စတက်အဖွဲ့ကြီး၏ လုပ်ငန်းအရှိန်အဟုန်ကို ထိန်းသိမ်းရန်အတွက် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်လျက် ကြိုးပမ်းအားထုတ်မှုများကို ဆတက်ထမ်းပိုး လုပ်ဆောင်သွားရန် အရေးကြီးသော အချိန်အခါပင်ဖြစ်ပါကြောင်း၊ ဤရည်မှန်းချက်ပန်းတိုင်ကို ရောက်ရှိရေးအတွက် မိမိတို့ခေါင်းဆောင်များကလည်းကောင်း၊ ဘင်းမ်စတက်အသိုက်အဝန်း တစ်ခုလုံးကလည်းကောင်း အတူတကွ တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်း၊ အခါအခွင့်ကြုံခိုက် မိမိတို့၏ ဘုံရည်မှန်းချက်များ ပေါက်မြောက်အောင်မြင်ရေးအတွက် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ရန်နှင့် အကောင်အထည်ဖော်ရန် လက်တွဲဆောင်ရွက်မှုများကို ခိုင်မာအောင် ပြုလုပ်သွားမည်ဖြစ်ကြောင်း ဖြင့် အဖွဲ့ကြီးအပေါ်ထားရှိသည့် မိမိတို့၏ ခိုင်မာသောကတိကဝတ်ကိုဖော်ပြအပ်ပါကြောင်း။

မိမိတို့၏ တူညီသောရည်မှန်းချက်မှာ ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများက ပြည်သူများအတွက် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကြွယ်ဝချမ်းသာရေးတို့ကို ဆက်လက်တိုးတက်အကောင်အထည်ဖော်သွားရန် ဖြစ်ပါကြောင်း၊ မိမိတို့အားလုံး အတူတကွပူးပေါင်းဆောင်ရွက်မှုဖြင့် ဤရည်မှန်းချက်သို့ တက်လှမ်းနိုင်မည်ဟု ယုံကြည်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတ၊ ဘင်းမ်စတက်အဖွဲ့ဝင် နိုင်ငံများမှ အကြီးအကဲများနှင့် အထူးကိုယ်စားလှယ်တို့က Crystal Ball များအား နှိပ်၍ တတိယအကြိမ် ဘင်းမ်စတက်ထိပ်သီးအစည်းအဝေး အခမ်းအနားအား ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ကြသူများအား ဘင်းမ်စတက်ဆိုင်ရာ ဗီဒီယိုပြကွက်ကို ပြသသည်။

ထို့နောက် ယဉ်ကျေးမှုဝန်ကြီးဌာနမှ အနုပညာရှင်များက ဖွင့်ပွဲအထိမ်းအမှတ်အဖြစ် ကပြဖျော်ဖြေတင်ဆက်သည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် ဘင်းမ်စတက်နိုင်ငံခေါင်းဆောင်များသည် စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။ **(သတင်းစဉ်)**

ဘင်းမ်စတက်ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ကြသူများအား တွေ့ရစဉ်။ (သတင်းစဉ်)

နည်းပညာလွှဲပြောင်းရေးအစီအမံထူထောင်ရေးဆိုင်ရာနားလည်မှုစာလွှာ အတည်ပြုနိုင်ရေးဆောင်ရွက်သွားကြရန်ဆုံးဖြတ်

နေပြည်တော် မတ် ၄

နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန၌ ယနေ့ကျင်းပခဲ့သည့် တတိယအကြိမ် ဘင်းမ်စတက်ထိပ်သီးအစည်းအဝေးက ကြေညာချက်တစ်ရပ်ကို ထုတ်ပြန်ခဲ့သည်။

အဆိုပါကြေညာချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

တတိယအကြိမ် ဘင်းမ်စတက်ထိပ်သီးအစည်းအဝေး၏ကြေညာချက်
(၂၀၁၄ ခုနှစ်၊ မတ်လ ၄ ရက်)
နေပြည်တော်၊ မြန်မာနိုင်ငံ

ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံဝန်ကြီးချုပ်၊ ဘူတန်နိုင်ငံဝန်ကြီးချုပ်၊ အိန္ဒိယသမ္မတနိုင်ငံဝန်ကြီးချုပ်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ၊ နီပေါနိုင်ငံ ဝန်ကြီးချုပ်၊ သီရိလင်္ကာဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သမ္မတနှင့် ထိုင်းနိုင်ငံဝန်ကြီးချုပ်၏ အထူးသံတမန်ဖြစ်သည့် ကျွန်ုပ်တို့သည် ၂၀၁၄ ခုနှစ်၊ မတ်လ ၄ ရက်နေ့တွင် မြန်မာနိုင်ငံ၊ နေပြည်တော်၌ ကျင်းပသည့် တတိယအကြိမ် ဘင်းမ်စတက်ထိပ်သီးအစည်းအဝေး၌ တွေ့ဆုံခဲ့ကြပါသည်။ ယင်းသို့တွေ့ဆုံပြီး-

၁၉၉၇ ခုနှစ် ဗန်ကောက်ကြေညာစာတမ်းပါ ရည်မှန်းချက်များနှင့် ရည်ရွယ်ချက်များအား ထပ်လောင်းအတည်ပြုကြလျက်လည်းကောင်း၊

၂၀၀၄ ခုနှစ်၊ ဇူလိုင်လ ၃၁ ရက်နေ့တွင် ဗန်ကောက်မြို့၌ကျင်းပခဲ့သည့် ပထမအကြိမ် ဘင်းမ်စတက်ထိပ်သီးအစည်းအဝေး ကြေညာစာတမ်းနှင့် ၂၀၀၈ ခုနှစ်၊ နိုဝင်ဘာလ ၁၃ ရက်နေ့တွင် နယူးဒေလီမြို့၌ ကျင်းပခဲ့သည့် ဒုတိယအကြိမ် ဘင်းမ်စတက်ထိပ်သီးအစည်းအဝေး ကြေညာစာတမ်းတို့ကို ပြန်လည်ဖော်ထုတ်ကြလျက်လည်းကောင်း၊

ပထဝီအနေအထားအရ ဆက်စပ်တည်ရှိမှုများ၊ များပြားသော သမိုင်းကြောင်းဆိုင်ရာ ဆက်နွှယ်မှုများ၊ ယဉ်ကျေးမှုအမွေအနှစ်များကြောင့် ဘင်းမ်စတက်နိုင်ငံများအတွင်း ရင်းနှီးသော ဆက်ဆံရေးနှင့် နက်ရှိုင်းသော ထိတွေ့ဆက်ဆံမှုများရှိသည်ကို အသိအမှတ်ပြုကြလျက်လည်းကောင်း၊

သဘာဝနှင့် လူသားအရင်းအမြစ်ကြွယ်ဝသော ဘင်းမ်စတက်နိုင်ငံများတွင် ဦးစားပေးကဏ္ဍများ၌ အပြန်အလှန်အကျိုးဖြစ်ထွန်းသော ပူးပေါင်းဆောင်ရွက်မှုများမှတစ်ဆင့် စီးပွားရေးနှင့် လူမှုရေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုအတွက် အလားအလာကောင်းများရှိသည်ဟု ယုံကြည်ကြလျက်လည်းကောင်း၊

ကမ္ဘာလုံးဆိုင်ရာ ဆက်နွှယ်ပြောင်းလဲမှုဖြစ်စဉ်နှင့် ဒေသတွင်းပူးပေါင်းဆောင်ရွက်မှုတို့သည် ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများ၏ စီးပွားရေးနှင့် လူမှုအဖွဲ့အစည်းများအတွင်း တိုးတက်လာသည့်ဆက်နွှယ်မှုနှင့် အပြန်အလှန်အမှီသဟဲပြုမှုတို့ကို ဆက်လက်ဖြစ်ပေါ်စေသလို၊ စိန်ခေါ်မှုအသစ်များကို တုံ့ပြန်ဖြေရှင်းခြင်းနှင့် ဒေသတွင်းပူးပေါင်းဆောင်ရွက်မှု ပိုမိုတိုးတက်မြင့်မားစေနိုင်သည့် အခွင့်အလမ်းတစ်ရပ်အား ပိုမိုရရှိစေသည်ဟု အသိအမှတ်ပြုကြလျက်လည်းကောင်း၊

ရာသီဥတုပြောင်းလဲမှုသည် အဖွဲ့ဝင်နိုင်ငံများရှိ ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်နှင့် လူနေမှုဘဝအပေါ် ခြိမ်းခြောက်မှုရှိသည်ကို အသိအမှတ်ပြုကြလျက်လည်းကောင်း၊

ဘင်းမ်စတက်ဒေသတွင်း ဆင်းရဲနွမ်းပါးမှုလျှော့ပါးရေးသည် ပြည်သူတို့၏ လူနေမှုဘဝ အရည်အသွေးမြင့်မားမှုနှင့် အကျိုးစီးပွားတိုးမြှင့်ရေးအတွက် မြဲမြံသောကတိကဝတ်ပြုမှုကို ထပ်လောင်းဖော်ထုတ်ကြလျက်လည်းကောင်း၊

သီးသန့်ဦးစားပေးကဏ္ဍရပ်များ၌ ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ကြခြင်းဖြင့် ကျွန်ုပ်တို့ပြည်သူများ၏ စီးပွားရေးနှင့် လူမှုရေးဖွံ့ဖြိုးတိုးတက်မှု ပိုမိုကောင်းမွန်စေရန်အတွက် ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများ၏ ကြိုးပမ်းအားထုတ်မှုကို အသိအမှတ်ပြုကြလျက်လည်းကောင်း၊

အကြမ်းဖက်မှုသည် ငြိမ်းချမ်းရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် စီးပွားရေးတိုးတက်မှုကို ခြိမ်းခြောက်လျက်ရှိပြီး ဒေသတွင်းအကြမ်းဖက်မှုနှင့် နိုင်ငံဖြတ်ကျော်မှုခင်းမှန်သမျှကို တိုက်ဖျက်ရေးတွင် ပိုမိုနီးကပ်စွာပူးပေါင်းဆောင်ရွက်ရန် လိုအပ်ပုံကို အလေးထားကြရန် အသိအမှတ်ပြုကြလျက်လည်းကောင်း၊

ဘင်းမ်စတက်အဖွဲ့အတွင်းရှိ ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများ ရင်ဆိုင်နေရသည့် ထူးခြားသော စိန်ခေါ်မှုများနှင့် ၎င်းတို့၏ ဖွံ့ဖြိုးတိုးတက်မှုဖြစ်စဉ်အတွင်း အထောက်အပံ့ပြုရန်လိုအပ်ကြောင်းကို အသိအမှတ်ပြုကြလျက်လည်းကောင်း၊

ပိုမိုဆက်နွှယ် ပေါင်းစည်းမှု၊ ပိုမိုနီးကပ်သော စီးပွားရေးနှင့် လူမှုရေးပူးပေါင်းဆောင်ရွက်မှု၊ တိုးမြှင့်လာသော ဆက်သွယ်မှု၊ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုများမှတစ်ဆင့် ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများအကြား သဟဇာတဖြစ်တည်မှုနှင့် သာယာဝပြောမှု ခိုင်မြဲစေနိုင်လိမ့်မည်ဟု အသိအမှတ်ပြုကြလျက်လည်းကောင်း၊

ဘင်းမ်စတက်အား ဒေသတွင်းပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ အုပ်စုတစ်စုအဖြစ် ကျွန်ုပ်တို့၏ ကတိကဝတ်ပြုမှုကို ပြန်လည်ဖော်ထုတ်ကြလျက်လည်းကောင်း၊

အောက်ပါတို့ကိုဆောင်ရွက်သွားကြမည်ဖြစ်သည်-

ဘင်းမ်စတက်အဖွဲ့ထူထောင်ရခြင်း၏ ရည်မှန်းချက်များနှင့် ရည်ရွယ်ချက်များအား အကောင်အထည်ဖော်နိုင်ရေးအတွက် ကျွန်ုပ်တို့ထားရှိသည့် ကတိကဝတ်ပြုမှုကို အခိုင်အမာအတည်ပြုကြသည်။

ဘင်းမ်စတက်လွတ်လပ်သော ကုန်သွယ်မှုနယ်ပယ်အောက်တွင် သဘောတူညီပြီးဖြစ်သည့် မူရင်းနိုင်ငံ၏ အထွေထွေစည်းမျဉ်းစည်းကမ်းများ၊ ထုတ်ကုန်ဆိုင်ရာ သီးခြားစည်းမျဉ်းစည်းကမ်းဆိုင်ရာ ကုန်စည်ကုန်သွယ်မှု သဘောတူညီချက်မူကြမ်း၊ အငြင်းပွားမှုဖြေရှင်းရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများ သဘောတူညီချက်နှင့် အကောက်ခွန်ကိစ္စရပ်များအား ပူးပေါင်းဆောင်ရွက်ရေးနှင့် အပြန်အလှန်အထောက်အကူပြုရေး သဘောတူညီချက် အပြီးသတ် အတည်ပြုရေးအတွက် ဆက်လက်ဆောင်ရွက်ရန် ဆုံးဖြတ်ကြသည်။

ကုန်စည်ကုန်သွယ်မှုဆိုင်ရာ သဘောတူညီချက်အား ၂၀၁၄ ခုနှစ်၊ နှစ်ကုန်ပိုင်းကို နောက်ဆုံးထား၍ အပြီးသတ်ဆောင်ရွက်နိုင်ရေးနှင့် ဝန်ဆောင်မှုနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ သဘောတူညီချက်ကို အပြီးသတ်ရေးဆွဲရေးအတွက် အရှိန်အဟုန်မြှင့်ဆောင်ရွက်သွားကြရန် ဘင်းမ်စတက်ကုန်သွယ်ရေးညှိနှိုင်းမှုကော်မတီအား ညွှန်ကြားလိုက်သည်။

အသေးစား၊ အငယ်စားနှင့် အလတ်စားလုပ်ငန်းရပ်များကို ဦးတည်သည့် ညှိနှိုင်းပူးပေါင်းဆောင်ရွက်မှုနှင့် မိတ်ဖက်ဆောင်ရွက်မှုမှတစ်ဆင့် အဖွဲ့ဝင်နိုင်ငံများ၏ နည်းပညာအခြေခံလိုအပ်ချက်အား ချဲ့ထွင်သွားနိုင်ရေးတွင် ပိုမိုပူးပေါင်းဆောင်ရွက်သွားကြရန် သဘောတူညီကြပြီး ဘင်းမ်စတက်နည်းပညာ လွှဲပြောင်းရေးအစီအမံထူထောင်ရေးဆိုင်ရာ နားလည်မှုစာလွှာအား ဆောလျင်စွာ အတည်ပြုနိုင်ရေးအတွက် အရှိန်အဟုန်ဖြင့် ဆောင်ရွက်သွားကြရန် ဆုံးဖြတ်ကြသည်။

စွမ်းအင်ကဏ္ဍ၌ ကျွန်ုပ်တို့၏ ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရန် လိုအပ်ချက်ကို အလေးထားပြီး ၂၀၁၄ ခုနှစ်အတွင်း နီပေါနိုင်ငံ၌ ကျင်းပမည့် တတိယအကြိမ် ဘင်းမ်စတက်စွမ်းအင်ဝန်ကြီးများအဆင့် အစည်းအဝေးနှင့် ၂၀၁၅ ခုနှစ်တွင် ဘူတန်နိုင်ငံ၌ ကျင်းပမည့် စတုတ္ထအကြိမ်ဝန်ကြီးများအဆင့် အစည်းအဝေးတို့ကိုကြိုဆိုကာ အိန္ဒိယနိုင်ငံ၊ ဘန်ဂလူရုတွင် တည်ထောင်မည့် ဘင်းမ်စတက်စွမ်းအင်ဗဟိုဌာန၏ အခန်းကဏ္ဍကို အသိအမှတ်ပြုပါသည်။

အာရှဖွံ့ဖြိုးရေးဘဏ်၏ အကူအညီဖြင့် ဘင်းမ်စတက်သယ်ယူပို့ဆောင်မှု အခြေခံအဆောက်အအုံနှင့် ဝန်ဆောင်မှုဆိုင်ရာလေ့လာချက် (ဘီတီအိုင်အယ်လ်အက်စ်)ကို နောက်ဆုံးပြင်ဆင်ဖြည့်စွက်ခြင်းဆိုင်ရာ တိုးတက်မှုကိုလည်းကောင်း၊ ဘင်းမ်စတက်ဒေသအတွင်း ရုပ်ပိုင်းဆိုင်ရာ ဆက်သွယ်မှုများတိုးတက်အောင် ဆက်လက်ဆောင်ရွက်လျက်ရှိခြင်းကိုလည်းကောင်း ကျေနပ်မှုရှိကြောင်းဖော်ပြပြီး လက်တွေ့အကောင်အထည်ဖော်မည့် စီမံကိန်းများဖော်ထုတ်ရန် ကြိုးပမ်းမှုများအား ကြိုဆိုကြသည်။

ခရီးသွားလုပ်ငန်း ပူးပေါင်းဆောင်ရွက်မှုအစီအစဉ်များ အကောင်အထည်ဖော်ရာတွင် တိုးတက်ဖြစ်ပေါ်မှုများအပေါ် ကျေနပ်အားရမှုရှိကြပြီး ခရီးသွားလုပ်ငန်းဆိုင်ရာ လုပ်ငန်းစီမံချက်ကို အဖွဲ့ဝင်နိုင်ငံများအတွင်း ပုဂ္ဂလိကကဏ္ဍအတွင်း ထိတွေ့ဆက်ဆံမှုများမှတစ်ဆင့် ဤကဏ္ဍနယ်ပယ်၌ ပူးပေါင်းဆောင်ရွက်မှုများတိုးမြှင့်ပြီး အဖွဲ့ဝင်နိုင်ငံများအနေဖြင့် ခရီးသွားလုပ်ငန်းအလားအလာများကို သဘောပေါက်နားလည်စေရေးအတွက် တိုက်တွန်းလိုက်သည်။

ဘင်္ဂလားပင်လယ်အော်ဒေသတွင်း အဏ္ဏဝါအရင်းအမြစ်များအား စဉ်ဆက်မပြတ် အသုံးချနိုင်ရေး၊ စီမံခန့်ခွဲရေးနှင့် ထိန်းသိမ်းကာကွယ်ရေးတို့အပြင် ကုန်းတွင်းငါးလုပ်ငန်းနှင့် အခြားငါးလုပ်ငန်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုအား ဆက်လက်ဆောင်ရွက်သွားကြရန် အခိုင်အမာဆုံးဖြတ်ကြသည်။

ကောက်ပဲသီးနှံ၊ မွေးမြူရေး၊ သစ်သီးဝလံနှင့် ပန်းမန်အပါအဝင် စိုက်ပျိုးရေးကဏ္ဍ၌ ပူးပေါင်းဆောင်ရွက်မှုကို ဆက်လက်တိုးတက်လုပ်ဆောင်သွားရန် ကတိကဝတ်ပြုမှုကို ထပ်လောင်းအတည်ပြုကြပြီး ဒေသအတွင်း စိုက်ပျိုးရေးထုတ်ကုန်များ အထွက်နှုန်းနှင့် ထုတ်လုပ်မှုတိုးမြှင့်ရန် ရည်စူးသည့် ကာလတိုနှင့် ကာလရှည် ပူးတွဲသုတေသနအစီအစဉ်များ အကောင်အထည်ပေါ်ရေးကို တိုးမြှင့်ဆောင်ရွက်ရန် ဆုံးဖြတ်ကြသည်။

သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲရေးတွင် စွမ်းဆောင်ရည်မြှင့်တင်ရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးနယ်ပယ်တို့တွင် ပိုမိုပူးပေါင်းဆောင်ရွက်သွားကြရန် သဘောတူအတည်ပြုကြသည်။

ဘမ်းမ်စတက်အဖွဲ့ဝင်နိုင်ငံများအကြား ယဉ်ကျေးမှုဆိုင်ရာ တိုးတက်ပူးပေါင်းဆောင်ရွက်ခြင်းသည် ယဉ်ကျေးမှုလုပ်ငန်းများ အားပြုသည့် ဒေသတွင်း လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုကြောင်း အသိအမှတ်ပြုကြသည်။

တိုင်းရင်းဆေးပညာအပါအဝင် ကျန်းမာရေးကဏ္ဍ၌ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်သွားရန်နှင့် ဘင်းမ်စတက်တိုင်းရင်းဆေးပညာဆိုင်ရာ အမျိုးသားဌာနများ ပူးပေါင်းညှိနှိုင်းမှုကွန်ရက်၏ လှုပ်ရှားဆောင်ရွက်မှုများအား အရှိန်အဟုန်ဖြင့် ကြိုးပမ်းဆောင်ရွက်သွားရန် သဘောတူညီကြသည်။

ဘင်းမ်စတက်လုပ်ငန်း ဗီဇာအစီအစဉ်နှင့် ဘင်းမ်စတက်ဗီဇာကင်းလွတ်ခွင့် အစီအစဉ်တို့မှတစ်ဆင့် ခရီးသွားလုပ်ငန်းများ အဆင်ပြေချောမွေ့ရေးအပါအဝင် အဖွဲ့ဝင်နိုင်ငံများအတွင်း ပြည်သူအချင်းချင်း ထိတွေ့ဆက်ဆံမှု တိုးတက်ရေးအတွက် ကြိုးပမ်းအားထုတ်မှုများ တိုးမြှင့်ရန် ကတိကဝတ်ပြုမှုကို ထပ်လောင်းအတည်ပြုကြသည်။

ဘင်းမ်စတက်မူဝါဒရေးဆွဲရေးပညာရှင်များကွန်ရက် ဖွဲ့စည်းထူထောင်ခြင်းကို ကြိုဆိုကြပြီး ဘင်းမ်စတက်နှင့်ပတ်သက်၍ ရုပ်မြင်သံကြားအစီအစဉ်များအပြင် ပြည်သူလူထုအကြား အသိအမြင်တိုးပွားရေးဆိုင်ရာ နှီးနှောဖလှယ်ပွဲများ၊ အပြန်အလှန်ပူးပေါင်းဖလှယ်မှုဆိုင်ရာ အစီအစဉ်များအား စည်းရုံးလှုံ့ဆော် ဆောင်ရွက်သွားနိုင်ရေးအတွက် ညှိနှိုင်းပူးပေါင်းဆောင်ရွက်သွားကြရန် သဘောတူညီကြသည်။

နီပေါနိုင်ငံ၌ ၂၀၁၂ ခုနှစ်၊ ဇန်နဝါရီလတွင် ကျင်းပခဲ့သော ဒုတိအကြိမ် ဘင်းမ်စတက်ဆင်းရဲနွမ်းပါးမှုပပျောက်ရေး ဝန်ကြီးအဆင့်အစည်းအဝေး၌ အတည်ပြုခဲ့သည့် ဆင်းရဲနွမ်းပါးမှုပပျောက်ရေး လှုပ်ရှားမှုအစီအစဉ်အား အကောင်အထည်ဖော်ဆောင်သွားရန် သဘောတူညီကြပြီး ၂၀၁၄ ခုနှစ်၊ ပထမနှစ်ဝက်အတွင်း သီရိလင်္ကာနိုင်ငံ၌ တတိယအကြိမ် ဆင်းရဲနွမ်းပါးမှုပပျောက်ရေး ဝန်ကြီးအဆင့် အစည်းအဝေးကျင်းပရန် ဆုံးဖြတ်ကြသည်။

နိုင်ငံတကာအကြမ်းဖက်မှုနှင့် နယ်စပ်ဖြတ်ကျော်မှုခင်းများ၊ မူးယစ်ဆေးဝါးများ တရားမဝင်ရောင်းဝယ်ဖောက်ကားမှုတို့ကို တိုက်ဖျက်ရာ၌ ဘင်းမ်စတက် ပူးပေါင်းဆောင်ရွက်မှုကွန်ဗင်းရှင်းအား ဆောလျင်စွာအတည်ပြုနိုင်ရေးနှင့် အာဏာသက်ဝင်မှုရှိစေရေးအတွက် အဖွဲ့ဝင်နိုင်ငံများအားလုံးအား တိုက်တွန်းပြီး မှုခင်းဆိုင်ရာကိစ္စရပ်များ၌ အပြန်အလှန် အကူအညီပေးမှုဆိုင်ရာ ဘင်းမ်စတက်ကွန်ဗင်းရှင်းအား ဆောလျင်စွာ လက်မှတ်ရေးထိုးနိုင်ရေးအတွက် သဘောတူညီကြသည်။

အောက်ပါ ဘင်းမ်စတက်စာချွန်လွှာများ လက်မှတ်ရေးထိုးခြင်းကို ကြိုဆိုကြသည်-

(က) ဘင်းမ်စတက် အမြဲတမ်းအတွင်းရေးမှူးချုပ်ရုံး တည်ထောင်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာ

(ခ) ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများ၏ ယဉ်ကျေးမှုလုပ်ငန်းများ ကော်မရှင်နှင့် ယဉ်ကျေးမှုလုပ်ငန်းများ လေ့လာရေးဌာန တည်ထောင်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာ

(ဂ) ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများအတွင်း မိုးလေဝသနှင့် ရာသီဥတုဌာန ထူထောင်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာ

ဒါကာမြို့တွင် ဘင်းမ်စတက်အတွင်းရေးမှူးချုပ်ရုံးနေရာပေးမှုအတွက် ဘင်္ဂလားဒေ့ရှ်အစိုးရအား ကျေးဇူးတင်ရှိပြီး အတွင်းရေးမှူးချုပ်ရုံး အကောင်အထည်ဖော်ရေးအတွက် တိုးတက်မှုများပေါ် အားရကျေနပ်ကြောင်း ဖော်ပြကြသည်။

သီရိလင်္ကာနိုင်ငံမှ မစ္စတာ ဆုမစ် နာကန်ဒါလာအား ဘင်းမ်စတက်၏ ပထမဆုံးသော အတွင်းရေးမှူးချုပ်အဖြစ် ခန့်အပ်ခြင်းကို ကြိုဆိုကြသည်။

မြန်မာနိုင်ငံအနေဖြင့် ၂၀၀၉ ခုနှစ်မှစတင်၍ ဘင်းမ်စတက်အဖွဲ့အား ကောင်းစွာခေါင်းဆောင်နိုင်မှုကို အလေးအနက်အသိအမှတ်ပြုပြီး နီပေါနိုင်ငံအား ဘင်းမ်စတက်၏ဥက္ကဋ္ဌသစ်အဖြစ် ကြိုဆိုကြသည်။

ယခုကျင်းပသည့် ထိပ်သီးအစည်းအဝေးနှင့်ပတ်သက်၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၏ နွေးထွေးသော ဧည့်ဝတ်ကျေပွန်မှုနှင့် ကောင်းမွန်သော စီစဉ်ဆောင်ရွက်ပေးမှုများအတွက် ဘင်္ဂလားဒေ့ရှ်၊ ဘူတန်၊ အိန္ဒိယ၊ နီပေါ၊ သီရိလင်္ကာတို့မှ နိုင်ငံခေါင်းဆောင်များနှင့် ထိုင်းဝန်ကြီးချုပ်၏ အထူးသံတမန်တို့မှ ကျေးဇူးတင်ကြောင်း ဖော်ပြအပ်ပါသည်။

၂၀၁၄ ခုနှစ်၊ မတ်လ ၄ ရက်
နေပြည်တော်။

ပြည်တွင်းသတင်း

ပြည်သူ့လွှတ်တော်မှ

စက်တပ်ရေယာဉ်ငယ်များအတွက် စည်းမျဉ်းစည်းကမ်းများ သတ်မှတ်ပြဋ္ဌာန်းပေးသွားမည်ဖြစ်ပါကြောင်း ဖြင့် ဖြေကြားခဲ့သည်။

အစည်းအဝေးတွင် ပြည်သူ့လွှတ်တော်၊ အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ တင်သွင်းသည့် အစီရင်ခံစာ၌ လုပ်ငန်းများကွင်းဆင်းစစ်ဆေးခဲ့ရာ စိစစ်သည့် လုပ်ငန်း (၁၁) ခု အနက် ပြည်ထောင်စုအစိုးရအဖွဲ့၏ညွှန်ကြားချက်အရ တိုင်းဒေသကြီးအစိုးရ၊ ပြည်နယ်အစိုးရနှင့် ပြည်ထောင်စုအဆင့် ဝန်ကြီးဌာနများမှ တာဝန်ရှိသူအဆင့်ဆင့်၏ ပူးပေါင်းကူညီမှု ၎င်းအဖွဲ့၏စိစစ်မှုအပေါ် အလေးထားဆောင်ရွက်ပေးမှုတို့ကြောင့် ကတိပြုထားသည့် လုပ်ငန်းအားလုံးနီးပါး ဆောင်ရွက်ပြီးစီးကြောင်းတွေ့ရှိရပြီး ဒေသခံများ၏ ကျန်းမာရေး၊ ပညာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်မီးလင်းရေး၊ စိုက်ပျိုးရေးအထောက်အပံ့ပြုသည့် လုပ်ငန်းများအပါအဝင် လူမှုရေးလိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်မှုအပေါ် ဒေသခံများက ကျေနပ်နေကြောင်းကို တွေ့ရှိရပါကြောင်း။

သို့ရာတွင် ကျေးလက်နေပြည်သူအချို့သည် ကျန်းမာရေးအသိ၊ ပညာရေးအသိ၊ နိုင်ငံသားတိုင်း တည်ဆဲဥပဒေများနှင့်အညီ လိုက်နာရန်အသိအားနည်းနေသေးသည့်အတွက် မိမိတို့တစ်ဦးချင်း၏ လိုလားချက်များ၊ ဆန္ဒများအား ရှေ့တန်းတင်အလေးထား တောင်းဆိုမှုများ ဆောင်ရွက်မှုများတွေ့ရှိရပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံကိန်းအဆင့်ဆင့်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နေကြသည့် ဝန်ကြီးဌာနများမှ ပညာရှင်များ၊ ဝန်ထမ်းများ၏ ဆောင်ရွက်ချက်များအပေါ် အထင်လွဲမှုများကာ အမြင်မတူ ဝိဝါဒကွဲလွဲမှုများရှိနေကြောင်း တွေ့ရှိရသည့်အပြင် စိစစ်သည့်လုပ်ငန်းများအနက် ဆောင်ရွက်ပြီးစီးသည့် လုပ်ငန်းအချို့သည် သက်ဆိုင်ရာဝန်ကြီးဌာနများအား ပြည်ထောင်စုအစိုးရအဖွဲ့မှ ဘဏ္ဍာငွေခွဲဝေပေးမှုအပေါ် ဆောင်ရွက်ကြရသည့်အတွက်လည်းကောင်း၊ အချို့လုပ်ငန်းများသည် အချိန်ကာလသတ်မှတ်ချက်အရ အရည်အသွေးပြည့်မီစွာ ခိုင်ခိုင်ခံ့ခံ့ ဆောင်ရွက်နိုင်ခြင်း မပြုလုပ်နိုင်မီ ဒေသခံ လူအချို့မှ သတ်မှတ်စည်းကမ်း ချိုးဖောက်ပြီး အသုံးပြုခြင်း(ဥပမာ-လမ်း၊ တံတားများအပေါ်သို့ သံဘီးတပ်ယာဉ်များ၊ တန်ပိုယာဉ်များ ဖြတ်သန်းအသုံးပြုခြင်း၊ ဆည်မြောင်းလက်တံများရှိ ရေများအား တရားမဝင်ဖောက်ယူသုံးစွဲခြင်း၊ ပိတ်ဆို့ငါးဖမ်းခြင်း)ကြောင့် စီမံကိန်းလုပ်ငန်းအချို့ သက်တမ်းမပြည့်မီ ပျက်စီးခြင်းများကိုလည်း တွေ့ရှိရပါကြောင်း။

ထို့ပြင် ဥပဒေရေးဆွဲရေးတာဝန်ယူဆောင်ရွက်နေသည့် ပြည်သူ့လွှတ်တော်ကိုယ်စားပြုသည့် စိစစ်ရေးအဖွဲ့များ၊ အုပ်ချုပ်ရေးတာဝန်ယူဆောင်ရွက်နေသည့် အစိုးရအဆင့်ဆင့်မှအဖွဲ့ဝင်များ၊ တရားစီရင်ရေးတာဝန်ယူ ဆောင်ရွက်နေသည့် တာဝန်ရှိသူများအနေဖြင့် နိုင်ငံတော်ဖွံ့ဖြိုး တိုးတက်ရေးအတွက်နှင့် ဒေသခံပြည်သူများအကျိုးအတွက် နိုင်ငံတော်စီမံကိန်းများဖြင့် အကောင်အထည်ဖော်နေသည့် လုပ်ငန်းများအား အရည်အသွေးပြည့်မီပြီး သတ်မှတ်အချိန်ကာလအတွင်း ထိရောက်မှန်ကန်စွာဆောင်ရွက်ရန် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၁ (က)နှင့် တည်ဆဲဥပဒေနှင့်အညီ အချင်းချင်း ထိန်းညှိဆောင်ရွက်နေမှုအပေါ် ပြည်သူများ ပွင့်လင်းထင်ရှားစွာ သိမြင်နိုင်စေရန် သတင်းမီဒီယာ(Media) အဖွဲ့အစည်းများကလည်း အပြုသဘောဖြင့် စာနယ်ဇင်းများ၊ မီဒီယာများ(Media)မှတစ်ဆင့် ပြည်သူများအား အသိပညာပေးခြင်းလုပ်ငန်း တစ်ရပ်အနေဖြင့် အလေးထား ပူးပေါင်းဆောင်ရွက်ပေးရန် လိုအပ်သည်ကို တွေ့ရှိရပါကြောင်းဖြင့် ဖော်ပြပါရှိသည်။

အစည်းအဝေးကို မွန်းလွဲပိုင်းတွင် ရပ်နားလိုက်သည်။ **(သတင်းစဉ်)**

အမျိုးသားလွှတ်တော်မှ

(မူကြမ်း)အား အမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်းစားနိုင်ရန် အဆိုတင်သွင်းခဲ့သည်။

ထို့ပြင် **ရွှေ့လျားနိုင်သော ပစ္စည်းကိရိယာများနှင့် လေယာဉ်ပစ္စည်းကိရိယာ သီးသန့်ကိစ္စရပ်များဆိုင်ရာ နိုင်ငံတကာအကျိုးစီးပွားများ ဥပဒေကြမ်း**နှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဦးညဏ်ထွန်းအောင်က Cape Town Convention သည် တန်ဖိုးကြီးမားပြီး၊ ရွှေ့ပြောင်းနိုင်သည့် စက်ပစ္စည်းများ ငှားရမ်းခြင်း၊ ရောင်းချခြင်းနှင့် ဝယ်ယူခြင်း ပြုလုပ်ရာတွင် နိုင်ငံတကာအကျိုးစီးပွား International Interest ကိုကာကွယ်ရန် စည်းမျဉ်းစည်းကမ်းများ သတ်မှတ်ပြဋ္ဌာန်းထားသည့် သဘောတူညီချက်ဖြစ်ပါကြောင်း၊ Aircraft Protocol သည် Convention ပါ စည်းမျဉ်းစည်းကမ်း

ပြည်ထောင်စုဝန်ကြီး ဦးညဏ်ထွန်းအောင် အဆိုတင်သွင်းစဉ်။ (သတင်းစဉ်)

များနှင့်အညီ လေယာဉ်ငှားရမ်းခြင်း၊ ရောင်းချခြင်းနှင့် ဝယ်ယူခြင်းတို့အတွက် နှစ်ဦးနှစ်ဖက် သဘောတူညီချက်ရယူပြီး လိုက်နာဆောင်ရွက်ရမည့် စည်းကမ်းချက်များဖြစ်ပါကြောင်း။

ပြည်တွင်း လေကြောင်းလိုင်းများမှ လေယာဉ်နှင့်ဆက်စပ်ပစ္စည်းများကို ပြည်ပမှဝယ်ယူ၊ ငှားရမ်းအသုံးပြုရာတွင် နစ်နာမှုများမရှိစေရေးအတွက် The Cape Town Convention နှင့် The Aircraft Protocol အား လိုက်နာကျင့်သုံးနိုင်ရန်အတွက် ရွှေ့လျားနိုင်သော ပစ္စည်းကိရိယာများနှင့် လေယာဉ်ပစ္စည်းကိရိယာ သီးသန့်ကိစ္စရပ်များဆိုင်ရာ နိုင်ငံတကာအကျိုးစီးပွားများဥပဒေကို ပြင်ဆင်သည့် ဥပဒေ(မူကြမ်း)အား အမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်းစားနိုင်ရန် အဆိုတင်သွင်းခဲ့သည်။

အဆိုပါဥပဒေကြမ်း(၂)နှစ်ခုကို ဆွေးနွေးစဉ်းစားရန် လွှတ်တော်က သဘောတူကြောင်း ဆုံးဖြတ်ခဲ့ပြီး ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း သိရသည်။

အမျိုးသားလွှတ်တော် အမျိုးသားစီမံကိန်းနှင့်ဖွံ့ဖြိုးမှုစီမံကိန်းများရေးရာကော်မတီ၏ ၂၀၁၃-၂၀၁၄ ခုနှစ် တတိယသုံးလပတ်ကုန်အထိ လုပ်ငန်းဆောင်ရွက်မှုအစီရင်ခံစာအပေါ် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁)မှ ဒေါ်ခင်ဝိုင်းကြည်က အစီရင်ခံစာ၏ လုပ်ငန်းတာဝန်များ အပိုဒ်တွင်ဖော်ပြပါရှိသည့် နိုင်ငံတော်

ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁)မှ ဒေါ်ခင်ဝိုင်းကြည် ဆွေးနွေးစဉ်။ (သတင်းစဉ်)

၏သဘာဝ အရင်းအမြစ်များနှင့် သယံဇာတများ ထုတ်ယူသုံးစွဲနေမှုများနှင့်စပ်လျဉ်း၍ စားနပ်ရိက္ခာဖူလုံရေး၊ စိုက်ပျိုးရေးနှင့် လူသားတိုင်း၏ အသက်တမျှ အရေးကြီးသည့် ရေအရင်းအမြစ်များ စီမံခန့်ခွဲရေး၊ စနစ်တကျ ထုတ်ယူသုံးစွဲရေးနှင့် ရေရှည်တည်တံ့ခိုင်မြဲအောင် ထိန်းသိမ်းရေးတို့အတွက် လူတစ်ဦးချင်းစီအလိုက် အလေးထားလိုက်နာဆောင်ရွက်ရန်လို အပ်သကဲ့သို့ နိုင်ငံတော်အနေဖြင့်လည်း လိုအပ်သောအရင်းအနှီးနှင့် နည်းပညာများ ပံ့ပိုးကူညီပေးရန်လိုအပ်ပါကြောင်း၊ ယင်းကိစ္စရပ်များကို အလေးအနက်ထားဆောင်ရွက်သင့်ပါကြောင်းဖြင့် ဆွေးနွေးခဲ့သည်။

ယင်းအစီရင်ခံစာကို လွှတ်တော်က အတည်ပြုခဲ့ပြီး အစည်းအဝေးကို နံနက်ပိုင်းတွင် ရပ်နားလိုက်သည်။

(သတင်းစဉ်)

မြန်မာနိုင်ငံတွင် အောင်မြင်စွာကျင်းပနိုင်ခဲ့သည့် ဘင်းမ်စတက်ထိပ်သီးအစည်းဝေး၌ သဘောတူညီချက်သုံးရပ်ချမှတ်နိုင်

နေပြည်တော် မတ် ၄

မြန်မာနိုင်ငံကအိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့်ရသည့် တတိယအကြိမ် ဘင်းမ်စတက်ထိပ်သီးအစည်းအဝေးတွင် ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများအကြား အရေးပါသောသဘောတူညီချက်သုံးရပ်ကို လက်မှတ်ရေးထိုးနိုင်ခဲ့သည်။

အဆိုပါ သဘောတူညီချက်သုံးရပ်မှာ (၁)ဘင်းမ်စတက်အမြဲတမ်းအတွင်းရေးမှူးချုပ်ရုံးကို ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဒါကာမြို့တွင် တည်ထောင်နိုင်ရေး၊ (၂)ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများ၏ ယဉ်ကျေးမှုလုပ်ငန်းများကော်မရှင်နှင့် ယဉ်ကျေးမှုလုပ်ငန်းများ လေ့လာရေးဌာနကို ဘူတန်နိုင်ငံ သင်ဘူးမြို့တွင် တည်ထောင်နိုင်ရေးနှင့် (၃)မိုးလေဝသနှင့် ရာသီဥတုဗဟိုဌာနကို အိန္ဒိယနိုင်ငံ နွိုင်အိဒါမြို့တွင် တည်ထောင်နိုင်ရေးတို့ ဖြစ်ကြသည်။

ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်မည့် ဘင်းမ်စတက်အဖွဲ့၏ လုပ်ငန်းစဉ်များနှင့်စပ်လျဉ်းပြီး မြန်မာ့သတင်းစဉ်သတင်းအဖွဲ့က နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်အား ယနေ့အစည်းအဝေးအပြီးတွင် တွေ့ဆုံမေးမြန်းခဲ့သည်များကို ပြန်လည်ရေးသားတင်ပြလိုက်ပါသည်။

မေး ။ ။ ဘင်းမ်စတက်အဖွဲ့ရဲ့ အမြဲတမ်းအတွင်းရေးမှူးချုပ်ရုံးကို ဖွင့်လှစ်လိုက်ခြင်းအားဖြင့် အဖွဲ့ဝင်နိုင်ငံများအကြား ဘယ်လိုပူးပေါင်းဆောင်ရွက်မှုများ ပိုမိုပြုလုပ်လာနိုင်ပါမလဲ၊ ပြီးတော့မြန်မာနိုင်ငံအနေနဲ့ ဘယ်လိုအကျိုးကျေးဇူးတွေရရှိခံစားရပါမလဲဆိုတာ သိလိုပါတယ်။

ဖြေ ။ ။ ဒီမေးခွန်းဟာ ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံတိုင်းက ပြည်သူတစ်ယောက်အနေနဲ့ မေးသင့်မေးထိုက်တဲ့မေးခွန်းဖြစ်ပြီး သိသင့်သိထိုက်တဲ့ အကြောင်းအရာလည်းဖြစ်ပါတယ်။ ဒီမေးခွန်းကို မဖြေခင် ဘင်းမ်စတက်အဖွဲ့ရဲ့ လုပ်ငန်းဆောင်တာများကို လက်တွေ့ဘယ်လို လုပ်ဆောင်နေတယ်ဆိုတာ အနည်းငယ်ရှင်းပြလိုပါတယ်။

ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများရဲ့ ပူးပေါင်းဆောင်ရွက်မှုတွေကို ညှိနှိုင်းခြင်း၊ ဖြစ်နိုင်ဖွယ်လုပ်ငန်းစဉ်တွေကို စဉ်းစားဖော်ထုတ်ခြင်း၊ လက်တွေ့အကောင်အထည်ဖော်ခြင်းနဲ့ အကောင်အထည်ဖော်မှုအခြေအနေကို ပြန်လည်သုံးသပ်ခြင်းစတဲ့ လုပ်ငန်းစဉ်တွေကို အခါအားလျော်စွာပြုလုပ်တဲ့ လုပ်ငန်းအဖွဲ့အစည်းအဝေးများ၊ ကျွမ်းကျင်သူအဆင့် အစည်းအဝေးများ၊ ကြိုတင်ပြင်ဆင်ရေးအစည်းအဝေးများ၊ အဆင့်မြင့်အရာရှိအဆင့်၊ ဝန်ကြီးအဆင့်၊ ထိပ်သီးအဆင့်စသည်ဖြင့် အဆင့်ဆင့်စဉ်းစားနိုင်အောင် ညှိနှိုင်းမှုများ ပြုလုပ်ရပါတယ်။ ဒီလိုဘာသာရပ်ပိုင်းဆိုင်ရာများအပြင် အုပ်ချုပ်မှုပိုင်းဆိုင်ရာ ညှိနှိုင်းမှုများပြုလုပ်ရာမှာ နိုင်ငံများအကြား တိုက်ရိုက် ညှိနှိုင်းဆောင်ရွက်မှုများ၊ ကြန့်ကြာမှုများ၊ အဆင်မပြေမှုများ အထိုက်အလျောက် ကြုံတွေ့ရပါတယ်။

အတွင်းရေးမှူးရုံးတစ်ခု သတ်သတ်မှတ်မှတ်ထူထောင်ထားရှိခြင်းအားဖြင့် ဒီလိုညှိနှိုင်းမှုတွေ ပိုမိုချောမွေ့လာမှာဖြစ်ပါတယ်။ အတွင်းရေးမှူးချုပ်ရုံးအနေနဲ့ ဆောင်ရွက်ရန် တာဝန်များထဲမှာ ပဓာနကျတဲ့ တာဝန်ကတော့ ဘင်းမ်စတက်

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်။

အဖွဲ့ဝင်နိုင်ငံများအကြား ပူးပေါင်းမှုဆိုင်ရာ ကိစ္စရပ်တွေကို အကောင်အထည်ဖော်ရာမှာ ပိုမိုလွယ်ကူအောင်ဆောင်ရွက်ပေးဖို့နဲ့ ညှိနှိုင်းခြင်းတို့ကို ဆောင်ရွက်ပေးဖို့ဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်ပေးခြင်းအားဖြင့် ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံအားလုံးက မျှော်မှန်းထားတဲ့ ဘင်းမ်စတက်ပြည်သူများအားလုံး ကြွယ်ဝချမ်းသာရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးဆိုတဲ့ ရည်မှန်းချက်များရောက်ရှိအောင် ကြိုးပမ်းရာမှာ ပိုမိုမြန်ဆန်လာမှာဖြစ်ပါတယ်။ ဒါ့ကြောင့် ဘင်းမ်စတက်အတွင်းရေးမှူးချုပ်ရုံးထူထောင်ခြင်းဟာ မြန်မာနိုင်ငံအတွက်သာမက ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံအားလုံးနဲ့ ဘင်းမ်စတက်ပြည်သူအားလုံးအတွက် အကျိုးဖြစ်စေမယ့် ကိစ္စရပ်ဖြစ်တယ်လို့ ပြောကြားလိုပါတယ်။

မေး ။ ။ ဘင်းမ်စတက်အဖွဲ့မှာ မြန်မာနိုင်ငံက လယ်ယာစိုက်ပျိုးရေးကဏ္ဍမှာ ဦးဆောင်နိုင်ငံအဖြစ် တာဝန်ယူထားပေမယ့် လယ်ယာကဏ္ဍပူးပေါင်းဆောင်ရွက်မှုများဟာ ထိရောက်မှုမရှိဘူးဆိုတဲ့ သုံးသပ်ချက်အပေါ် သဘောထားအမြင်သိပါရစေ။လယ်ယာကဏ္ဍမှာ စီမံကိန်းရှိပေမယ့် အထောက်အပံ့မရှိတဲ့အတွက် နည်းပညာနဲ့ ငွေကြေးအကူအညီများရရှိအောင် ဘယ်နိုင်ငံများနဲ့ ပူးပေါင်းဆောင်ရွက်သွားမလဲဆိုတာ သိပါရစေ။

ဖြေ ။ ။ မြန်မာနိုင်ငံက လယ်ယာစိုက်ပျိုးရေးကဏ္ဍမှာ ဦးဆောင်နိုင်ငံအဖြစ် တာဝန်ယူထားတယ်ဆိုတာမှန်ပါတယ်။ အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံချင်းစီအနေနဲ့ လယ်ယာကဏ္ဍမှာ အကောင်အထည်ဖော်ရန် စီမံကိန်းလျာထားချက်များ ရှိပါတယ်။ မိမိရေမြေသဘာဝနဲ့ အကောင်အထည်ဖော်ဆောင်ရွက်နိုင်မယ့် အလားအလာအပေါ် မူတည်ပြီး စီမံချက်များရေးဆွဲထားခြင်းဖြစ်ပါတယ်။ မည်သည့်လိုလားချက်နဲ့ ဆောင်ရွက်ချက်မဆို အကောင်အထည်ပေါ်ရန်မှာ ငွေအရင်းအနှီးရှိဖို့ဆိုတာကနဦးလိုအပ်ချက်တစ်ခုဖြစ်ပါတယ်။ ဒီအရင်းအနှီးရရှိဖို့ဆိုတာ မိမိနိုင်ငံပိုင်အရင်းအနှီး၊ ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများအကြား အရင်းအနှီး သို့မဟုတ် ပြင်ပနိုင်ငံနဲ့ ပြင်ပအဖွဲ့အစည်းများမှ အရင်းအနှီး စသည်အားဖြင့် ရင်းမြစ်များရှိပါတယ်။ မည်သည့်နိုင်ငံ၊ မည်သည့်အဖွဲ့အစည်းများနဲ့ ပူးပေါင်းဆောင်ရွက်မလဲဆိုတာ မိမိဘက်က သတ်မှတ်ချက်မရှိပါဘူး။ စိတ်ဝင်စားမှုနဲ့ အကူအညီပေးနိုင်မှုတို့ကိုမူတည်ပြီး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

မေး ။ ။ မြန်မာနိုင်ငံက ယဉ်ကျေးမှုလေ့လာရေးဗဟိုဌာန ဖွင့်လှစ်နိုင်ဖို့ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးတဲ့အတွက်ကြောင့် ရရှိလာနိုင်မယ့် အကျိုးကျေးဇူးများကိုသိလိုပါတယ်။ ဘာကြောင့် ယဉ်ကျေးမှုနဲ့ပတ်သက်ပြီး ပူးပေါင်းဆောင်ရွက်ဖို့ လိုအပ်တယ်လို့ ထင်ပါသလဲ။

ဖြေ ။ ။ တတိယအကြိမ်ထိပ်သီးအစည်းအဝေးကာလအတွင်း စာချုပ်သုံးခုကို လက်မှတ်ရေးထိုးခဲ့ရာမှာ ယဉ်ကျေးမှုလုပ်ငန်းကော်မရှင်နဲ့ ယဉ်ကျေးမှုလေ့လာရေးဗဟိုဌာနဖွင့်လှစ်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာလည်းပါဝင်ပါတယ်။ အဲဒီနားလည်မှုစာချွန်လွှာကို ၂၀၀၄ ခုနှစ် ဘူတန်နိုင်ငံ ပါရိုမြို့မှာ ကျင်းပခဲ့တဲ့ ပထမအကြိမ် ယဉ်ကျေးမှုဝန်ကြီးများ အစည်းအဝေးမှာ သဘောတူဆုံးဖြတ်ခဲ့ခြင်းဖြစ်ပြီး အခုလေ့လာရေးဗဟိုဌာန ဖွင့်လှစ်နိုင်ရေးအတွက် လက်မှတ်ရေးထိုးနိုင်ခဲ့ခြင်းဖြစ်ပါတယ်။ အဆိုပါ လေ့လာရေးဌာနကို ထူထောင်ခြင်းအားဖြင့် အဖွဲ့ဝင်နိုင်ငံများ၏ ယဉ်ကျေးမှုဆိုင်ရာလုပ်ငန်းများနှင့်ပတ်သက်ပြီး သတင်းအချက်အလက်များ ဝေမျှနိုင်ကြမှာဖြစ်ပါတယ်။

အဖွဲ့ဝင်နိုင်ငံတွေအနေနဲ့ ယဉ်ကျေးမှုဆိုင်ရာ လုပ်ငန်းများနဲ့ပတ်သက်၍ ဆက်လက်ဆောင်ရွက်ရမယ့် လုပ်ငန်းများကတော့ ယဉ်ကျေးမှုဆိုင်ရာ လုပ်ငန်းများအတွက် ကိန်းဂဏန်းအချက်အလက် အခြေခံတစ်ရပ်ပြုစုခြင်း၊ သတင်းအချက်အလက်၊ ကိန်းဂဏန်းများနဲ့ပတ်သက်ပြီး သုတေသနနဲ့ ဆန်းစစ်မှုများပြုလုပ်ခြင်း၊ ဆင်းရဲနွမ်းပါးမှု စဉ်ဆက်မပြတ်လျှော့ချရေးဆိုင်ရာ လှုပ်ရှားမှုဆောင်ရွက်ချက်များနဲ့ လူမှုအသိုက်အဝန်းထူထောင်မှုအတွက် ညွှန်းကိန်းများဖော်ထုတ်ခြင်း၊ ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများရဲ့ ယဉ်ကျေးမှုလုပ်ငန်းဆိုင်ရာ အခြေခံအချက်အလက်များအား စုစည်းပြီး ဝက်ဘ်ဆိုက်တစ်ရပ်တည်ထောင်ခြင်း၊ အဖွဲ့ဝင်နိုင်ငံများက မေတ္တာရပ်ခံလာရင် လိုအပ်တဲ့ ဆန်းစစ်မှုများအား အထောက်အကူပြု ဆောင်ရွက်ပေးပြီး ယဉ်ကျေးမှုလုပ်ငန်းနဲ့ မဟာဗျူဟာများဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ပေးခြင်း၊ အဖွဲ့ဝင်နိုင်ငံများရဲ့ ယဉ်ကျေးမှုဆိုင်ရာ လှုပ်ရှားမှုများနဲ့ ပတ်သက်ပြီး ပြက္ခဒိန်တစ်ရပ်ရေးဆွဲခြင်း၊ သိပ္ပံနည်းပညာဆိုင်ရာ အကြံပေးမှုကော်မတီ၊ အတွင်းရေးမှူးချုပ်ရုံးတို့နဲ့ ဖွဲ့စည်းတည်ထောင်သွားမှာ ဖြစ်ပါတယ်။

အုပ်ချုပ်မှုဆိုင်ရာ ဘုတ်အဖွဲ့မှာ ဘင်းမ်စတက်အဖွဲ့ဝင်တစ်နိုင်ငံစီမှ ကိုယ်စားလှယ်တစ်ဦးစီပါဝင်ပြီး သက်တမ်းမှာ သုံးနှစ်ဖြစ်ပါတယ်။ ဥက္ကဋ္ဌကို အဖွဲ့ဝင်နိုင်ငံများရဲ့ အက္ခရာစဉ်အတိုင်းရွေးချယ်ပြီး သက်တမ်းက တစ်နှစ် ဖြစ်ပါတယ်။ ဒုတိယဥက္ကဋ္ဌက အိန္ဒိယနိုင်ငံမှ ကိုယ်စားလှယ်ဖြစ်ပါတယ်။ အဲဒီအုပ်ချုပ်မှုဆိုင်ရာ ဘုတ်အဖွဲ့ဟာတစ်နှစ်မှာ တစ်ကြိမ်တွေ့

စာမျက်နှာ ၁၁ ကော်လံ ၅ သို့

ပြည်တွင်းနှင့်နိုင်ငံကာလသတင်း

ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေပုဒ်မ(၉)အရ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုထားပြီးဖြစ်သည့် ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ် ရပ်ကွက်(၅) အမှတ်(၄)လမ်းမဆုံ အာဇာနည်လမ်း ဃ/၁၆၊ အမှတ်(၆၃၂) တွင် ပါတီရုံးချုပ်တည်ရှိသော **ကရင်ပြည်သူ့ပါတီ** သည် ယင်းပါတီ၏ အလံနှင့် တံဆိပ်တို့ကို ဖော်ပြပါအတိုင်း ပြောင်းလဲအသုံးပြုမည်ဖြစ်ကြောင်း တင်ပြလာပါသည်။

ယင်းအဖွဲ့အစည်းက အသုံးပြုမည့် ပါတီအလံနှင့်တံဆိပ်တို့ကို ကန့်ကွက်လိုက ယခုကြေညာသည့်နေ့မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသောအထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ လာရောက် ကန့်ကွက်နိုင်ပါကြောင်း၊ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း နည်းဥပဒေ ၁၄(ဃ)အရ အများသိစေရန် ကြေညာအပ်ပါသည်။



ကရင်ပြည်သူ့ပါတီ၏ အလံပုံစံ



ကရင်ပြည်သူ့ပါတီ၏ တံဆိပ်ပုံစံ

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

မြန်မာ့ရိုးရာမဟာသင်္ကြန်သီချင်း သံချပ်စာသားများ ကြိုတင် တင်ပြရန်

ရန်ကုန်တိုင်းဒေသကြီး ၁၃၇၅ ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်တွင် သင်္ကြန်သီချင်းစပ်ဆိုခြင်း၊ သံချပ်ထိုးခြင်း၏ စာသားများကို တိုင်းဒေသကြီးအစိုးရအဖွဲ့၊ မဟာသင်္ကြန်သီချင်းသံချပ် စိစစ်ရေးကော်မတီသို့ ၂၀-၃-၂၀၁၄ ရက်နေ့ နောက်ဆုံးထားတင်ပြရန်နှင့် ကော်မတီ၏ခွင့်ပြုချက်ဖြင့်သာ သီချင်းစပ်ဆိုခြင်း၊ သံချပ်ထိုးခြင်းများ ဆောင်ရွက်ရန်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

မဟာသင်္ကြန်သီချင်းသံချပ်စိစစ်ရေးဆပ်ကော်မတီ
ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့

သင်္ကြန်မဏ္ဍပ်များဆောက်လုပ်ခွင့်လျှောက်ထားနိုင်

၁၃၇၅ ခုနှစ် ရန်ကုန်မြို့တော် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ကို ရန်ကုန်မြို့ကန်တော်ကြီး ပတ်လမ်း၊ အင်းလျားကန်ပေါင်၊ ကမ္ဘာအေးဘုရားလမ်း၊ ပြည်လမ်း၊ ပါရမီလမ်းနှင့် မြို့နယ်များအတွင်းရှိ နေရာများတွင် ရေကစားမဏ္ဍပ်များဆောက်လုပ်လိုပါက သက်ဆိုင်ရာမြို့နယ်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနများမှတစ်ဆင့် မဏ္ဍပ်နေရာ၊ မဏ္ဍပ်အမှတ်စဉ် တိကျစွာဖော်ပြ၍ မဏ္ဍပ်နေရာချထားရေးဆပ်ကော်မတီသို့ ၂၀၁၄ ခုနှစ် မတ်လ ၁၂ ရက်နေ့ နောက်ဆုံးထား၍ လျှောက်ထားနိုင်ပါသည်။

သင်္ကြန်မဏ္ဍပ်များ လျှောက်ထားရာတွင် သတ်မှတ်စည်းမျဉ်းစည်းကမ်းများအား လိုက်နာဆောင်ရွက်မည်ဖြစ်ကြောင်း ခံဝန်ချက်ဖြင့် မဏ္ဍပ်လျှောက်ထားသူပိုင်ရှင်၊ မဏ္ဍပ်တာဝန်ခံ/ ဒုတာဝန်ခံ၊ စည်းကမ်းထိန်းသိမ်းရေးနှင့် ရေပက်ခံယာဉ်များထိန်းသိမ်းရေးတာဝန်ခံ/ဒုတာဝန်ခံတို့၏ ဓာတ်ပုံများနှင့်တကွ မဏ္ဍပ်တည်ဆောက်မည့် ပုံစံနှင့်အတူ သတ်မှတ်ချိန်အတွင်း လျှောက်ထားကြရမည်ဖြစ်ပါသည်။

မဏ္ဍပ်များ လျှောက်ထားမှုများအား မဏ္ဍပ်နေရာချထားရေး ဆပ်ကော်မတီကစိစစ်၍ ယမန်နှစ်များက စည်းကမ်းတကျစည်ကားစွာ ဆောင်ရွက်နိုင်ခဲ့သည့် မဏ္ဍပ်များကို ဦးစားပေးချထားပေးပြီး ကျန်ပြစ်ချက်မှတ်တမ်းမရှိသော မဏ္ဍပ်လျှောက်ထားသူများကို မဲနှိုက်နေရာချထားခြင်းဖြင့် ဆောင်ရွက်ပါမည်။ ဆောင်ရွက်မည့်ရက်၊ နေရာနှင့် အချိန်ကို လျှောက်ထားသူများအား အချိန်မီ အသိပေးပါမည်။

မဏ္ဍပ်နေရာချထားရေးဆပ်ကော်မတီ

၁၃၇၅ ခုနှစ် မဟာသင်္ကြန်ပွဲတော် ရန်ကုန်မြို့တော်ဝန် မဟာသင်္ကြန်မဏ္ဍပ်၌ကျင်းပပြုလုပ်မည့်ပြိုင်ပွဲအမျိုးအစားများနှင့် လျှောက်လွှာတင်သွင်း၊ လက်ခံရက်များ ကြေညာခြင်း

၁။ မြန်မာသက္ကရာဇ် ၁၃၇၅ ခုနှစ် မဟာသင်္ကြန်ပွဲတော်တွင် ရန်ကုန်မြို့တော်ဝန် မဟာသင်္ကြန်မဏ္ဍပ်၌ ယိမ်းအကပြိုင်ပွဲများကို ယခင်နှစ်များနည်းတူ ကျင်းပပြုလုပ်သွားမည်ဖြစ်ပါသည်။

၂။ ယိမ်းပြိုင်ပွဲများကို မူလတန်းကြိုကျောင်းများ ၁၂ ဦး ပြိုင်ပွဲ၊ ရုံးဌာနများ၊ ကျောင်းများ၊ အခြားအဖွဲ့အစည်းများ၊ ၁၂ ဦး ယိမ်းနှင့် ၁၆ ဦးယိမ်းပြိုင်ပွဲများ၊ ၂၀ ဦး အလွတ်တန်းပြိုင်ပွဲများ၊ ၁၂ ဦး ယိမ်းအလွတ်တန်း (ကျား)ပြိုင်ပွဲများ၊ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအကများဟူ၍ သီးခြားကျင်းပပေးမည်ဖြစ်ပါသည်။

၃။ ပြိုင်ပွဲဝင်မည့်အသင်းများသည်ယနေ့မှစ၍ ၃-၄-၂၀၁၄ ရက်နေ့အထိ ရုံးချိန်အတွင်း ကျောက်တံတားမြို့နယ် ၃၈ လမ်း ကိုးထပ်ရုံး ခုနစ်လွှာရှိ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ စစ်ဆေးရေးဌာန ရုံးခန်းတွင် လာရောက်စာရင်းပေးသွင်းနိုင်ပါသည်။

၄။ အသေးစိတ်သိလိုသောအချက်များကို ၃၈ လမ်း ကိုးထပ်ရုံး ခုနစ်လွှာရှိ စစ်ဆေးရေးဌာနသို့ လူကိုယ်တိုင်ဖြစ်စေ၊ အောက်ပါတယ်လီဖုန်းနံပါတ်များသို့ဖြစ်စေ ဆက်သွယ်စုံစမ်းနိုင်ပါသည်-

(က) အတွင်းရေးမှူး၊ အကဲဖြတ်လုပ်ငန်းကော်မတီ -၀၁-၃၇၉၆၉၃
(ခ) အကဲဖြတ်လုပ်ငန်းကော်မတီရုံးအဖွဲ့ -၀၁-၃၇၈၀၀၃

စစ်ဆေးရေးဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

စာမျက်နှာ ၁၀ မှ

ဆုံကြမှာဖြစ်ပါတယ်။ ထူးခြားချက်တစ်ရပ်အနေနဲ့ ဘုတ်အဖွဲ့က အိန္ဒိယနိုင်ငံသား သိပ္ပံပညာရှင်တစ်ဦးကို ဗဟိုဌာနရဲ့ ပထမဦးဆုံးသော ညွှန်ကြားရေးမှူးအဖြစ် ခန့်အပ်သွားမှာဖြစ်ပါတယ်။ ညွှန်ကြားရေးမှူးရဲ့ သက်တမ်းက သုံးနှစ်ဖြစ်ပြီး နောက်ထပ်နှစ်နှစ်အထိ တိုးမြှင့်သွားနိုင်ပါတယ်။ လိုအပ်ပါက အထူးအစည်းအဝေးများကို ကျင်းပသွားမှာဖြစ်ပါတယ်။

ဘင်းမ်စတက်အဖွဲ့ဝင် နိုင်ငံများက အငယ်တန်း၊ အကြီးတန်း၊ သုတေသနပညာရှင်များအနေနဲ့ ရာသီဥတုဗဟိုဌာနမှာ သက်တမ်းသုံးနှစ်အထိ အလုပ်လုပ်ကိုင်နိုင်မယ့် အခွင့်အလမ်းများရရှိသွားမှာဖြစ်ပါတယ်။

အခုလိုဖြေကြားပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။

မြန်မာနိုင်ငံက ဥက္ကဋ္ဌအဖြစ် တာဝန်ယူပြီး အောင်မြင်စွာကျင်းပနိုင်ခဲ့သည့် တတိယအကြိမ် ထိပ်သီးအစည်းအဝေးအပြီးတွင် အလှည့်ကျဥက္ကဋ္ဌတာဝန်ကို နီပေါနိုင်ငံသို့ လွှဲအပ်နိုင်ခဲ့သည် မြန်မာနိုင်ငံ၌ အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် ဘင်းမ်စတက်ထိပ်သီးအစည်းအဝေးမှ ချမှတ်ခဲ့သည့် သဘောတူညီချက်များကြောင့် အမြဲတမ်းအတွင်းရေးမှူးချုပ်ရုံးသည် ယခုနှစ်မေလ ၁ ရက်နေ့တွင် စတင်အသက်ဝင်လာတော့မည်ဖြစ်ကာ ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံအချင်းချင်း လုပ်ငန်းဆောင်တာများကိုလည်း ပိုမိုထိရောက်စွာဆောင်ရွက်နိုင်တော့မည်ဖြစ်သည်။ **(ရဲခေါင်၊ နန္ဒာ၊ သန္တာ)**

တိုင်းရင်းမီဒီယာညီလာခံ တောင်ကြီးမြို့၌ ဖွင့်လှစ်

တောင်ကြီး မတ် ၄

တိုင်းရင်းမီဒီယာညီလာခံ ဖွင့်ပွဲအခမ်းအနားကို ရှမ်းပြည်နယ် တောင်ကြီးမြို့ ရှမ်းစာပေနှင့်ယဉ်ကျေးမှုအသင်းခန်းမတွင် ယနေ့နံနက် ၉ နာရီက ကျင်းပရာ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ရှမ်းပြည်နယ် ဝန်ကြီးချုပ်ဦးစဝ်အောင်မြတ်နှင့် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးပိုက်ထွေးတို့က အဖွင့်အမှာစကား ပြောကြားကြသည်။

ပြည်နယ်ဝန်ကြီးချုပ်က တိုင်းရင်းမီဒီယာများဖွံ့ဖြိုးတိုးတက်ရေး၊ စာပေယဉ်ကျေးမှုနှင့် တိုင်းရင်းသတင်းစာ၊ အသံလွှင့်ဌာနများ ဥပဒေနှင့်အညီ ထွက်ပေါ်ပြီး သတင်းမှန်၊ အဖြစ်မှန်များကို အများပြည်သူသို့ မှန်မှန်မြန်မြန် တင်ပြကြရန် ထည့်သွင်းပြောကြားသည်။ အဆိုပါ အခမ်းအနားသို့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ မြန်မာ့ငြိမ်းချမ်းရေးစင်တာမှ တာဝန်ရှိသူများ၊ ပြည်တွင်း၊ ပြည်ပမှမီဒီယာများ၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား တိုင်းရင်းသားချန်နယ်မှ သတင်းတင်ဆက်သူများ၊ တောင်ကြီးဒေသရှိ ပါတီအဖွဲ့အစည်းများနှင့် ယဉ်ကျေးမှုအသင်းများမှ အင်အား ၂၅၀ ခန့် တက်ရောက်ကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများသည် တက်ရောက်လာကြသည့် ပြည်တွင်း၊ ပြည်ပမီဒီယာအဖွဲ့များနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။ **(ဓါပုံ)**

အခမ်းအနား ဒုတိယပိုင်းကို ဆက်လက်ကျင်းပရာ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်နှင့် မတူကွဲပြားမှုများအကြောင်းအရာဖြင့် ဆွေးနွေးကြပြီး တက်ရောက်လာကြသည့် ပြည်တွင်းပြည်ပ မီဒီယာများနှင့် တိုင်းရင်းမီဒီယာအဖွဲ့များက သိရှိလိုသည်များ မေးမြန်းကြသည်များကို တာဝန်ရှိသူများက ပြန်လည်ဖြေကြားကြပြီး ပထမနေ့အစီအစဉ်များ မွန်းလွဲပိုင်းတွင် ရုပ်သိမ်းခဲ့သည်။ ဒုတိယနေ့အစီအစဉ်ကို မတ် ၅ ရက် နံနက် ၉ နာရီမှ စတင်ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

နိုင်ထွန်း (TGI)

အလုံလမ်း ဆမ်းမစ်ပတ်ဗျူးရှေ့၌ ယာဉ်သုံးစီးဆင့်တိုက်

ရန်ကုန် မတ် ၄

မတ် ၄ ရက် နံနက် ၉ နာရီခွဲခန့်က ဒဂုံမြို့နယ် အလုံလမ်းပေါ် ဦးဝိစာရလမ်းနှင့် ပြည်လမ်းအကြား Summit Parkview ဟိုတယ်ရှေ့၌ ယာဉ်သုံးစီးဆင့်တိုက်မှုဖြစ်ပွားခဲ့သည်။

"မျက်မြင်တစ်ဦး၏ အဆိုအရ ဦးဝိစာရဘက်မှလာသော 1G/--- လင်ခရူဆာကားမှာ Summit ဟိုတယ်ရှေ့အရောက်၌ပြည်လမ်းနှင့် အလုံ လမ်းထောင့်ရှိ မီးပွိုင့်နီနေသဖြင့် ရပ်ထားစဉ် နောက်မှ လိုက်လာသည့် လိုက်အေ့ ၅က/--- နှင့် အငှားယာဉ် ကက/---- တို့မှ ဆင့်ကဲတိုက်ခြင်းဖြစ်ကြောင်းသိရသည်။ လင်ခရူဆာကားပိုင်းရှင်က "မီးနီလို့ရပ်ထားတာ နောက်ကားနှစ်စီးက တစ်စီးနဲ့တစ်စီးငြိပြီး အတိုက်ခံလိုက်ရတာပါ" ဟုဆိုခဲ့ သည်။

အလုံလမ်းမကြီးပေါ်၌ ယာဉ်သုံးဆင့်တိုက်မှုကြောင့် လမ်းကြောင်းမပိတ်ဆို့စေရေးအတွက် နယ်မြေယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များက ကရိန်းကားဖြင့် လာရောက်ရှင်းလင်းပေးခဲ့ကြသည်။ **(ဝ၄၂)**

အီဂျစ်တပ်မတော်အကြီးအကဲ ဗိုလ်ချုပ်ကြီး စီစီ ပြည်သူ့ဆန္ဒအရ သမ္မတရွေးကောက်ပွဲဝင်ပြိုင်မည်

ဘာသာပြန်-ထန်နိုး

အီဂျစ်တပ်မတော်အကြီးအကဲနှင့်ကာကွယ်ရေးဝန်ကြီးဗိုလ်ချုပ်ကြီး အဗ္ဗဒဲလ် ဖာတာအယ်လ်စီစီက ၎င်းသည်သမ္မတ ရွေးကောက်ပွဲဝင်ပြိုင်ရန် ပြည်သူအများစု၏ တိုက်တွန်းတောင်းဆိုမှုများကို မသိကျိုးကျွန်မပြုနိုင်ကြောင်း အင်္ဂါနေ့တွင် ပြောကြားသည်ဟု နိုင်ငံပိုင် MENA သတင်းဌာနက သတင်းဖော်ပြသည်။

စစ်တက္ကသိုလ်နှင့်စစ်သင်တန်းကျောင်းများ၏ အခြေခံစစ်သင်တန်းဆင်းအခမ်းအနား၌ မိန့်ခွန်းပြောကြားရာတွင် ဗိုလ်ချုပ်ကြီး စီစီက လာမည့်ရက်များအတွင်း သမ္မတလောင်းအဖြစ် တရားဝင်မှတ်ပုံတင်ရေးလုပ်ငန်းစဉ်ကို မြင်တွေ့ရတော့မည်ဖြစ်ကြောင်း ပြောကြားသည်။

မိမိတို့နိုင်ငံသည် ခက်ခဲကြမ်းတမ်းသော အခြေအနေများဖြတ်သန်းနေရသဖြင့် ပြည်သူ၊ တပ်မတော်နှင့်ရဲတပ်ဖွဲ့တို့သွေးစည်းညီညွတ်ရန် လိုအပ်ကြောင်း၊ ဤခက်ခဲကြမ်းတမ်းသော အခြေအနေများတွင် မည်သည့်ပုဂ္ဂိုလ် တစ်ဦးတည်းကမျှ တိုင်းပြည်ကို ကူမခြင်းမပြုနိုင်ကြောင်း ဗိုလ်ချုပ်ကြီး စီစီက ပြောကြားသည်။

ဗိုလ်ချုပ်ကြီးစီစီသည် သမ္မတရွေးကောက်ပွဲဝင်မည်ဖြစ်ကြောင်း တရားဝင် ကြေညာချက်ထုတ်ပြန်ရန်အတွက် သမ္မတ ရွေးကောက်ပွဲဆိုင်ရာ ဥပဒေအတည်ပြုပြဋ္ဌာန်းခြင်းကို စောင့်ဆိုင်းလျက်ရှိသည်ဟု နိုင်ငံရေး ကျွမ်းကျင်သူများက သုံးသပ်ကြသည်။

ဗိုလ်ချုပ်ကြီးစီစီသည် အီဂျစ်ယာယီ အစိုးရအဖွဲ့သစ်တွင် ကာကွယ်ရေးဝန်ကြီးအဖြစ် ဆက်လက် တာဝန်ထမ်းဆောင်ပြီး ၎င်းအနေဖြင့် သမ္မတ ရွေးကောက်ပွဲဝင်ရန် ဆုံးဖြတ်ပါက ပထမဦးစွာ တပ်မတော်ရာထူးမှ နုတ်ထွက်ပြီး သာမန်အရပ်သားတစ်ဦးအဖြစ်ဖြင့် သမ္မတလောင်းအဖြစ် မှတ်ပုံတင်ရမည်ဖြစ်ကြောင်း ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေအရ သိရှိရသည်။

အမ်အင်န်အေ/ဆင်ဟွာ

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

ရှစ်ထပ်တိုက်ဆောက်ရန် မြေတူးရာ အနီးဝန်းကျင်မှ နေအိမ်နှင့် အုတ်တံတိုင်းပြိုကျ

ရန်ကုန် မတ် ၄

မတ် ၃ ရက် ည ၁၁ နာရီ ၁၅ မိနစ်ခန့်က ဗဟန်းမြို့နယ် ဆရာစံ (မြောက်/အနောက်) ရပ်ကွက် တင့်ဆန်းလမ်းနှင့် ဆရာစံလမ်းသွယ် ထောင့်ရှိ အမှတ် (၈၄/G./E)မြေ ပိုင်ရှင် ဒေါ်လှဲ့လှဲ့ထား၏ မြေအကျယ် အဝန်း (၁၀၀×၈၀) ပေတွင် ရတနာမြိုင် ဆောက်လုပ်ရေးကုမ္ပဏီမှ ကွန်ဒို (၈) ထပ်တိုက်ဆောက်ရန် အတွက် မြေအနက်ပေ ၂၀ ကို မြေတူးစက်ဖြင့် တူးရာမှ အနီးဝန်းကျင်ရှိနေအိမ်လေးလုံး၏ အနောက်ဘက်နှင့် အုတ်တံတိုင်းခြံစည်းရိုးပြိုကျမှု ဖြစ်ခဲ့သည်။

ဖြစ်ပွားချိန်မှာ ညဥ့်နက်သန်းခေါင်လူအများအိပ်မောကျချိန် ဖြစ်သော်လည်း ပြိုသည့် အိမ်များမှာ နောက်ဘက်ခန်းများဖြစ်၍ လူများ ထိခိုက်ဒဏ်ရာရရှိခြင်း၊ သေဆုံးခြင်း မရှိကြောင်း ရန်ကုန်တိုင်းဒေသကြီး မီးသတ်တပ်ဖွဲ့မှ သိရသည်။

ပျက်စီးမှု အခြေအနေမှာ အနောက်မြို့ပတ်လမ်း အမှတ် ၂ အိမ်ရှင် ဦးခင်ဇော်၏ အကျယ်အဝန်း (၁၂×၄၀) ပေ၊ သွပ်မိုး၊ ပျဉ်ကာ၊ ပျဉ်ခင်းနှစ်ထပ်အိမ်၏ အပေါ်ထပ် နောက်ဘက် ဆယ်ပေခန့်၊ အနောက်မြို့ပတ်လမ်း အမှတ် ၁၉ အိမ်ရှင် ဦးပန်းရွှေအောင်၏ အကျယ်အဝန်း (၁၂×၄၀)ပေ သွပ်မိုး၊ အုတ်ကာ၊ ကွန်ကရစ်ခင်း နှစ်ထပ်အိမ်၏ အနောက်ဘက်ကာရံထားသော အုတ်နံရံများ ပြိုပျက်ခဲ့ခြင်း၊ အနောက်မြို့ပတ်လမ်း အိမ် အမှတ် ၂၅ အိမ်ရှင်ဦးတင်ထွန်း၏ အိမ်ခြံဝင်းအတွင်းရှိ အကျယ် အဝန်း (၄×၄ ×၆) ပေ အိမ်သာတစ်လုံး၊ ဆရာစံလမ်းသွယ် အမှတ် (၈၄/D)အိမ်ရှင် ဦးလှမြင့်၏ အုတ်ခြံစည်းရိုး (၁၀၀×၆၀)ပေမှ အနောက်ဘက်ခြံစည်းရိုး ပေ ၆၀ခန့် ပြိုကျပျက်စီးမှုများ ဖြစ်ခဲ့သည်။

တင်ဝင်းလေး(ကြည့်မြင်တိုင်)

ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၄-၃-၂၀၁၄

ရွှေဈေး (အောင်သမာဓိရွှေဆိုင်)

ရန်ကုန်ရွှေဈေး ၁၆ ပဲရည်	တစ်ကျပ်သား	၆၈၁၅၀၀
ရန်ကုန်ရွှေဈေး ၁၅ ပဲရည်	တစ်ကျပ်သား	၆၄၁၄၀၀
မန္တလေးရွှေဈေး ၁၆ ပဲရည်	တစ်ကျပ်သား	၆၈၁၉၀၀

(အချိန်နှင့်အမျှ ဈေးနှုန်းအပြောင်းအလဲရှိနိုင်ပါသည်)

နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး (သိမ်ဖြူငွေလဲကောင်တာ)

အမေရိကန်	တစ်ဒေါ်လာ	၉၇၀-၉၈၀	ကျပ်
ဥရောပ	တစ်ယူရို	၁၃၃၀-၁၃၄၅	ကျပ်
စင်ကာပူ	တစ်ဒေါ်လာ	၇၇၅-၇၈၀	ကျပ်
ထိုင်း	တစ်ဘတ်	၁၄. ၅၇-၁၅. ၂	ကျပ်
အိန္ဒိယ	တစ်ရူပီး	၁၅. ၂-၁၅. ၁	ကျပ်
တရုတ်	တစ်ယွမ်	၁၅၇-၁၆၀	ကျပ်
မလေးရှား	တစ်ရင်းဂစ်	၂၉၇-၃၀၂	ကျပ်

စက်သုံးဆီဈေးနှုန်းများ (Max/Newday စက်သုံးဆီအရောင်းဆိုင်)

ဓာတ်ဆီ	တစ်လီတာ	၈၁၄	ကျပ်
ဒီဇယ်	တစ်လီတာ	၉၄၀	ကျပ်
အောက်တိန်း ၉၂	တစ်လီတာ	၉၂၀	ကျပ်
အောက်တိန်း ၉၅	တစ်လီတာ	၁၁၀၀	ကျပ်
ပရီမီယံဒီဇယ်	တစ်လီတာ	၉၅၀	ကျပ်

သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း (သား/ငါးဒိုင်များ)

၁။ ငါးကြင်း	တစ်ပိဿာ	၃၁၀၀-၃၅၀၀	ကျပ်
၂။ ငါးမြစ်ချင်း	တစ်ပိဿာ	၂၈၀၀-၃၃၀၀	ကျပ်
၃။ ငါးရံ့	တစ်ပိဿာ	၄၇၀၀-၆၈၀၀	ကျပ်
၄။ ငါးဖယ်	တစ်ပိဿာ	၅၀၀၀-၁၂၀၀၀	ကျပ်
၅။ ပုစွန်(ကျော့)	တစ်ပိဿာ	၅၅၀၀-၈၀၀၀	ကျပ်
၆။ ပုစွန်တုပ်	တစ်ပိဿာ	၁၂၀၀၀-၂၅၀၀၀	ကျပ်
၇။ ငါးသလောက်	တစ်ပိဿာ	၆၈၀၀-၉၀၀၀၀	ကျပ်
၈။ ကြက်	တစ်ပိဿာ	၅၀၀၀-၁၀၀၀၀	ကျပ်
၉။ ဝက်	တစ်ပိဿာ	၅၀၀၀-၈၀၀၀	ကျပ်
၁၀။ အမဲ	တစ်ပိဿာ	၄၅၀၀-၈၀၀၀	ကျပ်
၁၁။ ဆိတ်	တစ်ပိဿာ	၁၂၀၀၀-၁၅၀၀၀	ကျပ်

ခင်ရတနာ-စုစည်းသည်။

ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးနှုန်း

၁။ မိုးဆန်(ဇီယာအသစ်)	တစ်အိတ်	၁၆၅၀၀
၂။ ပေါ်ကွဲ(အသစ်)	တစ်အိတ်	၁၆၅၀၀
၃။ ပေါ်ဆန်း (အသစ်)	တစ်အိတ်	၂၂၀၀၀-၂၆၀၀၀
၄။ မြေပဲဆီ	တစ်ပိဿာ	၃၁၀၀
၅။ စားအုန်းဆီ	တစ်ပိဿာ	၁၆၉၅
၆။ ဆိပ်ဖြူကြက်သွန်နီ (အသစ်)	တစ်ပိဿာ	၂၂၅-၅၀၀
၇။ ရှမ်းကြက်သွန်ဖြူ	တစ်ပိဿာ	၇၅၀-၁၉၀၀
၈။ ကြက်သွန်ဖြူ (ကြူကုတ်)	တစ်ပိဿာ	၁၁၀၀-၁၁၂၅
၉။ အာလူး(ဆင်ဖြူကျွန်း)	တစ်ပိဿာ	၂၅၀-၇၄၀
၁၀။ ငရုတ်ရှည် (ပျော်ဘွယ်မိုး)	တစ်ပိဿာ	၂၇၅၀
၁၁။ ငရုတ်ပွ (ဆင်ဖြူကျွန်း)	တစ်ပိဿာ	၄၅၀၀-၄၇၀၀
၁၂။ သကြား	တစ်ပိဿာ	၈၄၀-၈၉၀

ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှ အပြောင်းအလဲ ရှိနိုင်ပါသည်။

ခင်ဆိုင်-စေ့ငုတင်ပြသည်။

ဆရာဒွေး အင်္ဂလိပ်စာ
နွေခေါ်
ယာဂျီ(၁၀)ရက် အပြီး
Ph: 01-375970, 0951 72096, 0950 47516

ဆရာချို(ရှမ)
၉/၁၀ တန်း
(၁၅)
09-254200171, 09-7300024

နိုင်ငံဘက်စုံ တည်ဆောက်ရေး မှန်မှန်ကန်ကန်အခွန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
သတ္တုဗေဒသုတေသနနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းဌာန (အေလာ)
အလုပ်လျှောက်လွှာခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ သတ္တုဗေဒသုတေသနနှင့်ဖွံ့ဖြိုးရေးလုပ်ငန်းဌာန (အေလာ)တွင် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါရာထူးနေရာများအတွက် လျှောက်လွှာ တင်သွင်းနိုင်ပါသည်-

စဉ်	ရာထူး (လစာနှုန်း)	ပညာအရည်အချင်း
(က)	သုတေသနလက်ထောက်(၂) (၇၉၀၀၀-၁၀၀၀-၈၄၀၀၀)	M.E(Metallur gy), B.E(Metallurgy) B.E(Electronics), B.E(Electrical Power)
(ခ)	ဓာတ်ခွဲကျွမ်းကျင်(၂) (၇၉၀၀၀-၁၀၀၀-၈၄၀၀၀)	M.Sc(Chemistry)
(ဂ)	ဓာတ်ခွဲကျွမ်းကျင်(၄) (၆၇၀၀၀-၁၀၀၀-၇၂၀၀၀)	A.G.T.I(Mining)

၂။ အောက်ပါသတ်မှတ်ချက်များနှင့်ကိုက်ညီသူများသည် နီးစပ်ရာတက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံနှင့်ကျောင်းများတွင် လျှောက်လွှာထုတ်ယူပြီး လိုအပ်သောစာရွက်စာတမ်းများပူးတွဲ၍ ၃၀-၃-၂၀၁၄ ရက် နောက်ဆုံးထားလျှောက်ထားနိုင်ပါသည်။

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) Master ဘွဲ့ရများသည် ၃၀-၃-၂၀၁၄ ရက်တွင် အသက်(၂၈)နှစ်ထက်မကြီးသူဖြစ်ရမည်။ Bachelor ဘွဲ့ရများနှင့် Diploma အောင်လက်မှတ်ရရှိသူများသည် ၃၀-၃-၂၀၁၄ ရက်တွင် အသက်(၂၅)နှစ်ထက်မကြီးသူဖြစ်ရမည်။
(ဂ) ခြောက်လအတွင်းရိုက်ထားသော ပတ်စ်ပို့ဓာတ်ပုံသုံးပုံ၊ ဘွဲ့လက်မှတ်မိတ္တူ၊ အသက်အထောက်အထားအတွက် တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်မိတ္တူနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ။
(ဃ) ဒေသမရွေးတာဝန်ထမ်းဆောင်နိုင်ကြောင်း ဝန်ခံကတိရေးထိုးနိုင်ရမည်။
(င) တစ်လအတွင်းပြုလုပ်ထားသော ကျန်းမာရေးကောင်းမွန်ကြောင်းဆေးထောက်ခံစာ။
(စ) တစ်လအတွင်းပြုလုပ်ထားသော အကျင့်စာရိတ္တကောင်းမွန်ကြောင်း ကျေးရွာ/ရပ်ကွက်/ရဲစခန်းထောက်ခံစာ။
(ဆ) ခြောက်လအတွင်းပြုလုပ်ထားသော အလုပ်သမားမှတ်ပုံတင်မိတ္တူ

၃။ သုတေသနလက်ထောက်(၂)နှင့် ဓာတ်ခွဲကျွမ်းကျင်(၂)ရာထူးများအတွက် ရေးဖြေစာမေးပွဲနှင့် လူတွေ့စစ်ဆေးခြင်းဆောင်ရွက်ပါမည်။ ဓာတ်ခွဲကျွမ်းကျင်(၄)ရာထူးအတွက် လူတွေ့စစ်ဆေးခြင်းသာ ဆောင်ရွက်မည်ဖြစ်ပါသည်။

၄။ လူတွေ့စစ်ဆေးချိန်တွင် ဘွဲ့လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်၊ တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်၊ အလုပ်သမားမှတ်ပုံတင်မူရင်းများ တင်ပြနိုင်ရမည်။ အသေးစိတ်သိရှိလိုပါက သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ ဖုန်း-၀၆၇-၄၀၄၄၅၅၊ ၄၀၄၀၁၇ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
ဒြပ်ပစ္စည်းသိပ္ပံနှင့်ဒြပ်ပစ္စည်းအင်ဂျင်နီယာသုတေသနဦးစီးဌာန
အလုပ်လျှောက်လွှာခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ ဒြပ်ပစ္စည်းသိပ္ပံနှင့်ဒြပ်ပစ္စည်းအင်ဂျင်နီယာ သုတေသနဦးစီးဌာနတွင် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါရာထူးများအတွက် လျှောက်လွှာ တင်သွင်းနိုင်ပါသည်-

စဉ်	ရာထူး(လစာနှုန်း)	ပညာအရည်အချင်း
(က)	စက်မှုကျွမ်းကျင်(၂) (၇၉၀၀၀-၁၀၀၀-၈၄၀၀၀)	M.Sc (Chemisty), B.E(Electrical Power), B.E (Mechanical),B.E (Metallur gy), B.E (Chemical)
(ခ)	စက်မှုကျွမ်းကျင်(၃) (၇၃၀၀၀-၁၀၀၀-၇၈၀၀၀)	B.Tech (Civil), B.V.Sc, B.A gr.Sc
(ဂ)	စက်မှုကျွမ်းကျင်(၄) (၆၇၀၀၀-၁၀၀၀-၇၂၀၀၀)	A.G.T.I (Computer Numerical Control)

၂။ အောက်ပါသတ်မှတ်ချက်များနှင့်ကိုက်ညီသူများသည် နီးစပ်ရာတက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံနှင့်ကျောင်းများတွင် လျှောက်လွှာထုတ်ယူပြီး လိုအပ်သောစာရွက်စာတမ်းများ ပူးတွဲ၍ ၃၀-၃-၂၀၁၄ရက် နောက်ဆုံးထားလျှောက်ထားနိုင်ပါသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) Master ဘွဲ့ရများသည် ၃၀-၃-၂၀၁၄ရက်တွင် အသက်(၂၈)နှစ်ထက် မကြီးသူဖြစ်ရမည်။ Bachelor ဘွဲ့ရများနှင့် Diploma အောင်လက်မှတ်ရရှိသူများသည် ၃၀-၃-၂၀၁၄ ရက်တွင် အသက် ၂၅နှစ်ထက်မကြီးသူဖြစ်ရမည်။
(ဂ) ခြောက်လအတွင်းရိုက်ထားသော ပတ်စ်ပို့ဓာတ်ပုံသုံးပုံ၊ ဘွဲ့လက်မှတ်မိတ္တူ၊ အသက်အထောက်အထားအတွက် တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်မိတ္တူနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊
(ဃ) ဒေသမရွေးတာဝန်ထမ်းဆောင်နိုင်ကြောင်း ဝန်ခံကတိရေးထိုးနိုင်ရမည်။
(င) တစ်လအတွင်းပြုလုပ်ထားသော ကျန်းမာရေးကောင်းမွန်ကြောင်း ဆေးထောက်ခံစာ။
(စ) တစ်လအတွင်းပြုလုပ်ထားသော အကျင့်စာရိတ္တကောင်းမွန်ကြောင်း ကျေးရွာ၊ ရပ်ကွက်၊ရဲစခန်းထောက်ခံစာ။
(ဆ) ခြောက်လအတွင်း ပြုလုပ်ထားသောအလုပ်သမားမှတ်ပုံတင်မိတ္တူ

၃။ စက်မှုကျွမ်းကျင်(၂)နှင့် စက်မှုကျွမ်းကျင်(၃)ရာထူးများအတွက် ရေးဖြေစာမေးပွဲနှင့် လူတွေ့စစ်ဆေးခြင်း ဆောင်ရွက်ပါမည်။ စက်မှုကျွမ်းကျင်(၄)ရာထူးအတွက် လူတွေ့စစ်ဆေးခြင်းသာ ဆောင်ရွက်မည်ဖြစ်ပါသည်။

၄။ လူတွေ့စစ်ဆေးချိန်တွင် ဘွဲ့လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်၊ တက္ကသိုလ်ဝင်တန်း အောင်လက်မှတ်၊ အလုပ်သမားမှတ်ပုံတင်မူရင်းများ တင်ပြနိုင်ရမည်။ အသေးစိတ်သိရှိလိုပါက သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဖုန်း-၀၃၃-၃၁၅၄၃၊ ၀၆၇-၄၀၄၀၁၇ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၈/က ၊ မြေကွက်အမှတ် ၂၉၇၊ မြေကွက်တည်နေရာအမှတ်-၂၉၇၊ ခိုင်ရွှေဝါလမ်း၊ ၁၈/က ရပ်ကွက်၊ ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ် ဒေါ်သန်းသန်းမြင့် K/RGN-၀၂၇၂၄၃ အမည်ပေါက် ပါမစ်မြေအား အမည်ပေါက် ဒေါ်သန်းသန်းမြင့်ထံမှ အရပ်ကတိစာချုပ်ဖြင့်ဝယ်ယူထားသူဦးစိုးမင်းလှိုင် ၉/မရမ(နိုင်)၀၂၄၉၅ရနှင့် ဒေါ်ပုလဲမြ ၁၂/လသန(နိုင်) ၀၀၆၇၈၉ အမည်ဖြင့် ဌာနတွင် နှစ် ၆၀ ဂရန်ထွက်ရှိပြီးဖြစ်သော်လည်း ဦးစိုးမင်းလှိုင်၊ ဒေါ်ပုလဲမြမှပါမစ်မူရင်း အပ်နှံနိုင်ခြင်းမရှိသဖြင့် မြေချပါမစ်ပျောက်ဆုံးကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၊ ရဲစခန်းထောက်ခံချက်များ၊ တရားရုံးကျမ်းကျိန်လွှာ တင်ပြ၍ နှစ်၆၀ဂရန်ထုတ်ယူခွင့်ပြုပါရန် လျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

TAXI ရောင်းမည်
8B-KIA-pride 1.4 (2007)
Ph: 09256326898

ဖခင်အမည်မှန်

နေပြည်တော်ဇေယျာသီရိမြို့နယ်၊ အထက (၁)၊ တက္ကသိုလ်ဝင်တန်း(D)မှ မစိုးမြတ်မြတ်ခိုင်၏ ဖခင်အမည်အမှန်မှာ ဦးမြင့်နိုင် ဖြစ်ပါကြောင်း။

ဦးမြင့်နိုင် ၁/မမန(နိုင်)၀၀၁၃၈၃

သွေးသည် အသက်

သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ပဲခူးတိုင်းဒေသကြီး၊ ကြို့ပင်ကောက်မြို့၊ နွယ်ခွေရပ်ကွက်၊ နွယ်ခွေလမ်း၊ အမှတ် (၁၅၀)နေ ဦးကြည်စိုး ၇/ကပက(နိုင်)၀၅၆၇၉၉-ဒေါ်စန်းမြင့် ၇/ကပက(နိုင်)၀၅၆၈၀၀ တို့၏သမီး မဒွေးဒွေးဝင်း ၇/ကပက(နိုင်)၀၈၄၀၃၂သည် မိဘများသဘောတူခွင့်ပြုချက်မရှိဘဲ ၎င်း၏ဆန္ဒအလျောက် ပြုမူသွားပါသဖြင့် မဒွေးဒွေးဝင်းအား မိဘနှစ်ပါးမှ အမွေစား အမွေခံသမီးအဖြစ်မှ လုံးဝစွန့်လွှတ်လိုက်ကြောင်း အသိပေးကြေညာအပ်ပါသည်။ ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝကို လုံးဝတာဝန်ယူမည်မဟုတ်ကြောင်းနှင့် စုံစမ်းမေးမြန်းခြင်း သည်းခံပါ။

ဦးကြည်စိုး-ဒေါ်စန်းမြင့်

တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ပြခန်းများကို တောင်သူလယ်သမားများ ကြည့်ရှုလေ့လာ

နေပြည်တော် မတ် ၄

သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသိန်းညွန့်၏ စီစဉ်ပေးမှုဖြင့် နေပြည်တော်ကောင်စီနယ်မြေ စက်စက်ယိုဆည်ရေသောက် စနစ်တစ်ဆက်တစ်စပ်တည်း ဧက ၉၀၀ စိုက်ကွင်း၌ တောင်သူလယ်သမားနေ့ကိုဂုဏ်ပြုသောအားဖြင့် တောင်သူပညာပေး စိုက်ပျိုးပြသထားသည့် သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက် စိုက်ကွင်းများနှင့် ပြည်နယ်နှင့်တိုင်းဒေသကြီးပြခန်းများ၌ ပြသထားသော လယ်ယာထွက်ကုန်များကို နေပြည်တော်ကောင်စီနယ်မြေ ရှစ်မြို့နယ်မှ မြို့နယ်အုပ်ချုပ်ရေးမှူးများနှင့် မြို့နယ်အသီးသီးမှ တောင်သူလယ်သမား ၈၀၀ တို့သည် မတ် ၃ ရက် နံနက် ၉ နာရီတွင် လာရောက်လေ့လာကြသည်။

ထို့နောက် နေပြည်တော်ကောင်စီ ရှစ်မြို့နယ်မှ တောင်သူလယ်သမားများသည် မာလာမြိုင်ကုမ္ပဏီ၏ အဆင့်မြင့် လယ်ယာထွက်ကုန်ကုန်ချောပစ္စည်းများပြခန်း၊ Big-M ကုမ္ပဏီ၏ဈေးကွက်ဝင် သီးနှံအမယ်များပြခန်း၊ အာနန္ဒာကိုကိုးကုမ္ပဏီ၏ အဆင့်မြင့်တန်ဖိုးမြင့် ကုန်ချောထုတ်ကုန်များ ပြခန်းများနှင့် ဧရာဝတီတိုင်းဒေသကြီး၏ပြခန်း၊ ရန်ကုန်တိုင်းဒေသကြီး၏ ပြခန်း၊ မန္တလေးတိုင်းဒေသကြီး၏ ပြခန်း၊ ရှမ်းပြည်နယ်၏ ပြခန်း၊ ပဲခူးတိုင်းဒေသကြီး၏ပြခန်း၊ နေပြည်တော်ကောင်စီနယ်မြေ၏ ပြခန်း၊ စစ်ကိုင်းတိုင်းဒေသကြီး၏ ပြခန်း၊ မကွေးတိုင်းဒေသကြီး၏ပြခန်း၊ တနင်္သာရီတိုင်းဒေသကြီး၏ ပြခန်း၊ ရခိုင်ပြည်နယ်၏ပြခန်း၊ မွန်ပြည်နယ်၏ပြခန်း၊ ချင်းပြည်နယ်၏ ပြခန်း၊ ကရင်ပြည်နယ်၏ပြခန်း၊ ကယားပြည်နယ်၏ပြခန်း၊ ကချင်ပြည်နယ်၏ ပြခန်းများသို့ အစဉ်လိုက် ပြခန်းတစ်ခုချင်းစီ၏ ခင်းကျင်းပြသထားရှိမှုများကို ကြည့်ရှုလေ့လာကြသည်။

ဆက်လက်၍ International Agro ကုမ္ပဏီ၊ မျှားနီမျိုးစေ့ထုတ်ကုမ္ပဏီ၊ ပံကုမ္ပဏီတို့၏ ပြခန်းများ၊ စိုက်ပျိုးရေးဦးစီးဌာန၏ စိုက်ပျိုးရေး ပံ့ပိုးပစ္စည်း အရောင်းဆိုင်ပြခန်း၊ စက်မှုသီးနှံဦးစီးဌာန၏ ပြခန်း၊ စိုက်ပျိုးရေးသိပ္ပံကျောင်းများ၏ပြခန်း၊ စိုက်ပျိုးရေးသုတေသနဦးစီးဌာန၏ ပြခန်း၊ စိုက်ပျိုးရေးတက္ကသိုလ်မှ ခင်းကျင်းပြသထားသော ပြခန်းများ၌ လယ်ယာထွက်ကုန်နှင့် ခေတ်မီမျိုးစေ့အမျိုးမျိုးကို ပြခန်းတစ်ခုချင်းစီအလိုက် ကြည့်ရှုလေ့လာကြသည်။

ဆက်လက်၍ စိုက်ကွင်းရှင်းလင်းဆောင်အနီး ပြသထားသော လက်ရှိစိုက်ပျိုးဖြစ်ထွန်းနေသည့် သင်္ဘော၊ နာနတ်၊ ပိန္နဲ၊ ပိန်းဥ၊ ကန်စွန်းဥ၊ သခွားမွှေး၊ ဘူး၊ ဖရုံ၊ ငရုတ်၊ သခွား၊ ခရမ်း၊ ခရမ်းချဉ်၊ ငရုတ်ပွ၊ အုန်းသီး၊ ငှက်ပျောသီး၊ မာလကာသီး၊ ဖရဲအမျိုးမျိုး၊ ဂေါ်ရခါးသီး၊ ကျွဲကော၊ ရုံးပတီ၊ ကြက်ဟင်းခါး၊ ပြောင်းဖူး၊ မုန်ညင်း၊ မုန်လာ၊ ဆလတ်၊ ကိုက်လန်၊ ကညွတ်၊ မုန်လာဥ စသည့် စိုက်ပျိုးရေးထွက်ကုန်သီးနှံအမယ်စုံကို စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာကြသည်။

ထို့နောက် ပြည်ပဈေးကွက်ဝင် တစ်ဆက်တစ်စပ်တည်း ကညွတ်စိုက်ခင်းများ၊ အသီးများ ဝေဆာလျက်ရှိသော အော်ဂဲနစ်နည်းပညာဖြင့် စိုက်ပျိုးထားသော စပ်မျိုးခရမ်းသီးစိုက်ခင်း၊ စပ်မျိုးငရုတ်စိုက်ခင်းများ၊ မြန်မာမူရင်းမျိုး ကျောက်စိမ်းသခွားမွှေးနှင့် ရွှေဝါသခွားမွှေးစိုက်ခင်းများ၊ တစ်ဆက်တစ်စပ်တည်း ရွှေဖရုံစိုက်ခင်းများ၊ စင်တင်ဘူး၊ ဖရုံ၊ သခွားစိုက်ခင်းများ၏အသီးများ ဖြစ်ထွန်းအောင်မြင်နေမှုများ၊ တစ်ဆက်တစ်စပ်တည်း ရွှေဝါကန်စွန်းဥ စိုက်ခင်းများကိုလည်းကောင်း၊ ဖြစ်ထွန်းအောင်မြင်လျက်ရှိသော ဆင်မုန်လာမျိုးစိုက်ခင်းနှင့် အသီးများဖြိုင်ဖြိုင်ထွက်ရှိနေသော ခဝဲသီးစိုက်ခင်း၊ တစ်ဆက်တစ်စပ်တည်း အမိုးအကာစနစ်ဖြင့် စိုက်ပျိုးထားသော အသီးများ အစီအရီထွက်ရှိနေသည့် ဂေါ်ရခါးစိုက်ခင်းများ စသည်တို့ကို လေ့လာကြည့်ရှုခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်တွင်းသတင်းနှင့် ဆောင်းပါး

ဘုရားထီးတော်တင်ခြင်းနှင့် ကျောင်းရေစက်ချ အလှူတော်မင်္ဂလာအခမ်းအနားကျင်းပ

ပျဉ်းမနား မတ် ၄

ပျဉ်းမနားမြို့ ရွာကောက်ရပ်ကွက် ပေါင်းလောင်းမေတ္တာလမ်း ပစ်တိုင်းထောင် သစ်ရောင်းဝယ်ရေးပိုင်ရှင် ဦးဟန်သာ-ဒေါ်မြင့်မြင့်ကြည် (လ/ထ ညွှန်ကြားရေးမှူး) (ငြိမ်း)၊ ယဉ်ကျေးမှုဝန်ကြီးဌာနတို့က အလှူငွေကျပ်သိန်း ၅၅၀ အကုန်အကျခံ၍ ဝမ်းတွင်းမြို့ နေပူကုန်းစံပြကျေးရွာရှိ လောကချမ်းသာအောင်တော်မူဘုရားကြီး ထီးတော်တင်မင်္ဂလာအခမ်းအနားကို ဖေဖော်ဝါရီ ၂၅ ရက်က ကျင်းပသည်။

ယင်းနောက် ကျောင်းရေစက်ချလှူဒါန်းပွဲအခမ်းအနားကို ကျင်းပရာ လေးထပ်ကျောင်းဆရာတော် ဦးတေဇဝန္တအမှူးထား၍ ဦးသီလသာရနှင့် အင်္ဂလန်မှ ဆရာတော် ဦးဥတ္တမနှင့် ဦးပညာတို့က တက်ရောက်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

ဇော်မျိုးနိုင်

သစ်ပင်စိုက်လျှင် တို့ဝန်းကျင် စိမ်းစိုလှပ ကြည်နူးရ

KBZ BANK

"၂၀၁၄ ခုနှစ် မတ်လ (၃၀) မှ ဧပြီလ (၁၀) ရက်နေ့အထိ"

ကမ္ဘာ့ကုလသမဂ္ဂ သန်းခေါင်စာရင်းကောက်ယူရေးအဖွဲ့မှ ကြီးမှူး၍ ပြည်လုံးကျွတ်သန်းခေါင်စာရင်းကောက်ယူမည့် စီမံကိန်းကြီးတွင် ကမ္ဘောဇဘဏ်လီမိတက်မှ Official Bank အဖြစ် ဘဏ်လုပ်ငန်းဆိုင်ရာဝန်ဆောင်မှုများကို ဂုဏ်ယူစွာဖြင့်ပူးပေါင်းပါဝင်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်၊

ပြည်လုံးကျွတ်သန်းခေါင်စာရင်းကောက်ယူမည့်စီမံကိန်းကြီးတွင် ပါဝင်ဆောင်ရွက်ကြမည့် ဆရာ/ဆရာမများအတွက် UNFPA မှ ထုတ်ပေးမည့် လုပ်အားခများကို

- ခရိုင်မြို့ (District) များအတွက် (၅.၃.၂၀၁၄) ရက်နေ့လည်ပိုင်းမှ (၆.၃.၂၀၁၄) ရက်နေ့အထိ
- မြို့နယ် (Township) များအတွက် (၁၅.၃.၂၀၁၄) ရက်နေ့လည်ပိုင်းမှ (၁၆.၃.၂၀၁၄) ရက်နေ့အထိ

သတ်မှတ်ထားသောနေရာများတွင် ကမ္ဘောဇဘဏ်လီမိတက်မှ ဝန်ဆောင်မှုပေးသွားမည်ဖြစ်ပါသည်၊

သတ်မှတ်ထားသည့်နေရာ၊ အချိန်အတွင်း လာရောက်ထုတ်ယူနိုင်ခြင်းမရှိပါက အောက်ဖော်ပြပါ Hotline နံပါတ်များသို့ ဆက်သွယ်မေးမြန်းနိုင်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်၊

KBZ Hotline : (01)501880, 501881, 535637, 505506, 532302, 2305763
Email : customer_service@kbzbank.com Web : www.kbzbank.com

MTSH Myanmar Thilawa SEZ Holdings Public Limited

11th Floor, UMFCCI Office Tower, No. 29, Min Ye Kyaw Swar Street, Lanmadaw Tsp., Yangon, Myanmar. Tel: +95-1-2301772, 2301773

ကြေညာချက်အမှတ်စဉ်(၂)

၂၀၁၄ခုနှစ် မတ်လ (၅)ရက်

အစုရှယ်ယာထည့်ဝင်ရန် ဆက်သွယ်ဆောင်ရွက်နိုင်သည့် ဘဏ်ခွဲများ စာရင်းအား အသိပေးကြေညာခြင်း။

ကမ္ဘောဇဘဏ် (ဘဏ်ခွဲများ)

၁။ မင်္ဂလာဈေး(၂) ဘဏ်ခွဲ
၂။ လမ်းမတော်(၄)လမ်း ဘဏ်ခွဲ
၃။ ဘုရင့်နောင်(၂) ဘဏ်ခွဲ
၄။ ဗဟန်း ဘဏ်ခွဲ
၅။ သင်္ဃန်းကျွန်း(၂) ဘဏ်ခွဲ
၆။ ဆိပ်ချောင်းဘဏ်ခွဲ (တာကာရာ)
၇။ လှည်းတန်း ဘဏ်ခွဲ
၈။ ဗိုလ်တထောင် ဘဏ်ခွဲ
၉။ ကြည့်မြင်တိုင် ဘဏ်ခွဲ
၁၀။ [illegible] ဘဏ်ခွဲ
၁၁။ ဆောင်ဒရို ဘဏ်ခွဲ
၁၂။ မြောက်ဒဂုံ ဘဏ်ခွဲ
၁၃။ မြောက်ဥက္ကလာပ ဘဏ်ခွဲ
၁၄။ စော်ဘွားကြီးကုန်း ဘဏ်ခွဲ
၁၅။ တာမွေ ဘဏ်ခွဲ
၁၆။ ရန်ကင်း ဘဏ်ခွဲ
၁၇။ ကျွန်းတောလမ်း ဘဏ်ခွဲ
၁၈။ [illegible] ဘဏ်ခွဲ
၁၉။ ဆောက်ကြီး ဘဏ်ခွဲ
၂၀။ တိုက်ကြီး ဘဏ်ခွဲ
၂၁။ [illegible] ဘဏ်ခွဲ
၂၂။ သန်လျင် ဘဏ်ခွဲ
၂၃။ ကန်တော်ကလေး ဘဏ်ခွဲ
၂၄။ မန္တလေး(ဆင်ဈေး) ဘဏ်ခွဲ
၂၅။ မန္တလေး(၇) ဘဏ်ခွဲ
၂၆။ ကျွဲဆည်ကန် ဘဏ်ခွဲ
၂၇။ မန္တလေး(ဈေး) ဘဏ်ခွဲ
၂၈။ မန္တလေး(၂၂) ဘဏ်ခွဲ
၂၉။ မန္တလေး(၄၂) ဘဏ်ခွဲ
၃၀။ မန္တလေး(၁၇)စေတီများ ဘဏ်ခွဲ
၃၁။ မြိတ်(၂) ဘဏ်ခွဲ
၃၂။ ပဲခူး(၂) ဘဏ်ခွဲ
၃၃။ တောင်ငူ ဘဏ်ခွဲ
၃၄။ ပုသိမ်(၁) ဘဏ်ခွဲ
၃၅။ တောင်ကြီး(အေးသာယာ)ဘဏ်ခွဲ
၃၆။ တောင်ကြီး(၁) ဘဏ်ခွဲ
၃၇။ တောင်ကြီး(၂) ဘဏ်ခွဲ
၃၈။ တာချီလိတ်(၂) ဘဏ်ခွဲ
၃၉။ လားရှိုး(၂) ဘဏ်ခွဲ
၄၀။ မူဆယ်(၂) ဘဏ်ခွဲ
၄၁။ ကော့သောင်း ဘဏ်ခွဲ
၄၂။ ဟင်္သာတ ဘဏ်ခွဲ
၄၃။ မြစ်ကြီးနား ဘဏ်ခွဲ
၄၄။ ဗန်းမော် ဘဏ်ခွဲ
၄၅။ မကွေး ဘဏ်ခွဲ
၄၆။ မော်လမြိုင်(၂) ဘဏ်ခွဲ
၄၇။ မိတ္ထီလာ(၂) ဘဏ်ခွဲ
၄၈။ မုံရွာ ဘဏ်ခွဲ
၄၉။ [illegible] ဘဏ်ခွဲ
၅၀။ မိုးကုတ်(ကျောက်မြင်း)ဘဏ်ခွဲ
၅၁။ [illegible] ဘဏ်ခွဲ
၅၂။ ပြည်(၂)ဘဏ်ခွဲ
၅၃။ တာလေး ဘဏ်ခွဲ
၅၄။ ထားဝယ် ဘဏ်ခွဲ
၅၅။ ကျိုက်ထို ဘဏ်ခွဲ
၅၆။ မြဝတီ ဘဏ်ခွဲ
၅၇။ ရွှေဘို ဘဏ်ခွဲ
၅၈။ ကျောက်ပန်းတောင်း ဘဏ်ခွဲ
၅၉။ ပခုက္ကူ ဘဏ်ခွဲ
၆၀။ သထုံ ဘဏ်ခွဲ
၆၁။ [illegible] ဘဏ်ခွဲ
၆၂။ ဖျာပုံ ဘဏ်ခွဲ
၆၃။ မိုးညှင်း ဘဏ်ခွဲ
၆၄။ နေပြည်တော် (၁)ဘဏ်ခွဲ
၆၅။ နေပြည်တော် (၂)ဘဏ်ခွဲ

ဧရာဝတီဘဏ် (ဘဏ်ခွဲများ)

၁။ [illegible] ဘဏ်ခွဲ
၂။ [illegible] ဘဏ်ခွဲ
၃။ မန္တလေး (၂၆)လမ်း ဘဏ်ခွဲ(၁)
၄။ မန္တလေး လမ်း(၃၀) ဘဏ်ခွဲ
၅။ ဘုရင့်နောင် ဘဏ်ခွဲ
၆။ မြောက်ဒဂုံ ဘဏ်ခွဲ
၇။ လမ်းမတော် ဘဏ်ခွဲ
၈။ မင်္ဂလာတောင်ညွန့် ဘဏ်ခွဲ
၉။ ကျွဲဆည်ကန် ဘဏ်ခွဲ
၁၀။ ဝါးတန်း ဘဏ်ခွဲ
၁၁။ ပါရမီ ဘဏ်ခွဲ
၁၂။ (၁၉)လမ်းဘဏ်ခွဲ(မန္တလေး)
၁၃။ မြောက်ဥက္ကလာ ဘဏ်ခွဲ
၁၄။ (၂၆)လမ်းဘဏ်ခွဲ(၂)မန္တလေး
၁၅။ သုဝဏ္ဏ ဘဏ်ခွဲ
၁၆။ ရန်ကင်း ဘဏ်ခွဲ
၁၇။ ရွှေဂုံတိုင် ဘဏ်ခွဲ
၁၈။ အောင်ပန်း ဘဏ်ခွဲ
၁၉။ အောင်လံ ဘဏ်ခွဲ
၂၀။ ပဲခူး ဘဏ်ခွဲ
၂၁။ ထားဝယ် ဘဏ်ခွဲ
၂၂။ ဟင်္သာတ ဘဏ်ခွဲ
၂၃။ ကျိုက်လတ် ဘဏ်ခွဲ
၂၄။ လားရှိုး ဘဏ်ခွဲ
၂၅။ မအူပင် ဘဏ်ခွဲ
၂၆။ မကွေး ဘဏ်ခွဲ
၂၇။ မော်လမြိုင် ဘဏ်ခွဲ
၂၈။ မိတ္ထီလာ ဘဏ်ခွဲ
၂၉။ မိုးကုတ် ဘဏ်ခွဲ
၃၀။ မုံရွာ ဘဏ်ခွဲ
၃၁။ ပုဂံ ဘဏ်ခွဲ
၃၂။ မူဆယ် ဘဏ်ခွဲ
၃၃။ မြောင်းမြ ဘဏ်ခွဲ
၃၄။ မြဝတီ ဘဏ်ခွဲ
၃၅။ မြိတ် ဘဏ်ခွဲ
၃၆။ မြင်းခြံ ဘဏ်ခွဲ
၃၇။ မြစ်ကြီးနားဘဏ်ခွဲ
၃၈။ နေပြည်တော် ဘဏ်ခွဲ
၃၉။ ညောင်ဦး ဘဏ်ခွဲ
၄၀။ ပခုက္ကူ ဘဏ်ခွဲ
၄၁။ ပုသိမ် ဘဏ်ခွဲ
၄၂။ ပြည် ဘဏ်ခွဲ
၄၃။ ပျဉ်းမနား ဘဏ်ခွဲ
၄၄။ ပြင်ဦးလွင် ဘဏ်ခွဲ
၄၅။ စစ်တွေ ဘဏ်ခွဲ
၄၆။ တာချီလိတ် ဘဏ်ခွဲ
၄၇။ တောင်ကြီး ဘဏ်ခွဲ
၄၈။ တောင်ငူ ဘဏ်ခွဲ
၄၉။ သထုံ ဘဏ်ခွဲ

CB ဘဏ် (ဘဏ်ခွဲများ)

၁။ ထားဝယ် ဘဏ်ခွဲ
၂။ မကွေး ဘဏ်ခွဲ
၃။ မော်လမြိုင် ဘဏ်ခွဲ
၄။ မိတ္ထီလာ ဘဏ်ခွဲ
၅။ မုံရွာ ဘဏ်ခွဲ
၆။ ပုသိမ် ဘဏ်ခွဲ
၇။ ပြည် ဘဏ်ခွဲ
၈။ ပျဉ်းမနား ဘဏ်ခွဲ
၉။ တောင်ကြီး ဘဏ်ခွဲ
၁၀။ ဘားအံ ဘဏ်ခွဲ (၁)
၁၁။ ဘားအံ ဘဏ်ခွဲ (၂)
၁၂။ ကလေး ဘဏ်ခွဲ
၁၃။ စစ်ကိုင်း ဘဏ်ခွဲ
၁၄။ ရုံးချုပ် ရန်ကုန်
၁၅။ လမ်းမတော် ဘဏ်ခွဲ
၁၆။ ဘုရင့်နောင် ဘဏ်ခွဲ
၁၇။ စော်ဘွားကြီးကုန်း ဘဏ်ခွဲ
၁၈။ ဝိဇယ ဘဏ်ခွဲ
၁၉။ မင်္ဂလာဈေး ဘဏ်ခွဲ
၂၀။ ပုဇွန်တောင် ဘဏ်ခွဲ
၂၁။ သင်္ဃန်းကျွန်း ဘဏ်ခွဲ
၂၂။ အင်းစိန် ဘဏ်ခွဲ
၂၃။ ဆရာစံ ဘဏ်ခွဲ
၂၄။ တော်ဝင်စင်တာ ဘဏ်ခွဲ
၂၅။ မြောက်ဥက္ကလာပ ဘဏ်ခွဲ
၂၆။ ကမာရွတ် ဘဏ်ခွဲ
၂၇။ ဆာကူရာ ဘဏ်ခွဲ
၂၈။ အောင်မင်္ဂလာ ဘဏ်ခွဲ
၂၉။ ကမာရွတ်([illegible])ဘဏ်ခွဲ
၃၀။ (၆)လမ်း ဘဏ်ခွဲ (လမ်းမတော်)
၃၁။ သိမ်ဖြူ ဘဏ်ခွဲ
၃၂။ ဗိုလ်တထောင်ဘုရားလမ်း ဘဏ်ခွဲ
၃၃။ မန္တလေး (၇၈)လမ်း ဘဏ်ခွဲ
၃၄။ မန္တလေး (ဈေးချို) ဘဏ်ခွဲ
၃၅။ မန္တလေး (၁၉)လမ်း ဘဏ်ခွဲ
၃၆။ မန္တလေး (၃၂)လမ်း ဘဏ်ခွဲ
၃၇။ မန္တလေး (မနော်ဟရီ) ဘဏ်ခွဲ
၃၈။ မန္တလေး (ကျွဲဆည်ကန်)ဘဏ်ခွဲ

ရိုးမဘဏ် (ဘဏ်ခွဲများ)

၁။ [illegible] ဘဏ်ခွဲ
၂။ မူဆယ် ဘဏ်ခွဲ
၃။ မြိတ် ဘဏ်ခွဲ
၄။ မြင်းခြံ ဘဏ်ခွဲ
၅။ မြစ်ကြီးနား ဘဏ်ခွဲ
၆။ ပခုက္ကူ ဘဏ်ခွဲ
၇။ ပုသိမ် ဘဏ်ခွဲ
၈။ ပြည် ဘဏ်ခွဲ
၉။ ပျဉ်းမနား ဘဏ်ခွဲ
၁၀။ ပြင်ဦးလွင် ဘဏ်ခွဲ
၁၁။ တောင်ကြီး ဘဏ်ခွဲ
၁၂။ တောင်ငူ ဘဏ်ခွဲ
၁၃။ စစ်တွေ ဘဏ်ခွဲ
၁၄။ ရုံးချုပ်
၁၅။ FMI ဘဏ်ခွဲ
၁၆။ မြေနီကုန်း ဘဏ်ခွဲ
၁၇။ ဗိုလ်တထောင် ဘဏ်ခွဲ
၁၈။ လမ်းမတော် ဘဏ်ခွဲ
၁၉။ ကျောက်တံတား ဘဏ်ခွဲ
၂၀။ ရန်ကင်း ဘဏ်ခွဲ
၂၁။ မင်္ဂလာဈေး ဘဏ်ခွဲ
၂၂။ သင်္ဃန်းကျွန်း ဘဏ်ခွဲ
၂၃။ အလုံ ဘဏ်ခွဲ
၂၄။ ဘုရင့်နောင် ဘဏ်ခွဲ
၂၅။ လှိုင်သာယာ ဘဏ်ခွဲ
၂၆။ အင်းစိန် ဘဏ်ခွဲ
၂၇။ မရမ်းကုန်း ဘဏ်ခွဲ
၂၈။ စော်ဘွားကြီးကုန်း ဘဏ်ခွဲ
၂၉။ မန္တလေး ရုံးချုပ်
၃၀။ မြို့မဈေး ဘဏ်ခွဲ
၃၁။ (၇၈) လမ်း ဘဏ်ခွဲ
၃၂။ ဆိုင်းလမ်း ဘဏ်ခွဲ
၃၃။ ကျွဲဆည်ကန် ဘဏ်ခွဲ

မြန်မာ့ရှေ့ဆောင်ဘဏ် (ဘဏ်ခွဲများ)

၁။ ထားလေး ဘဏ်ခွဲ
၂။ လှိုင်ဘော် ဘဏ်ခွဲ
၃။ သိမ်ဖြူ ဘဏ်ခွဲ
၄။ ရွှေဂုံတိုင်ဘုရားလမ်း ဘဏ်ခွဲ
၅။ ဘုရင့်နောင် ဘဏ်ခွဲ
၆။ မင်္ဂလာဈေး ဘဏ်ခွဲ
၇။ မန္တလေး (၁) ဘဏ်ခွဲ
၈။ မန္တလေး (၂) ဘဏ်ခွဲ
၉။ မန္တလေး (၃) ဘဏ်ခွဲ

ဌာနဆိုင်ရာကြေညာချက်နှင့်ကြော်ငြာ

အခမဲ့ပညာဒါနများဖွင့်လှစ်

နေပြည်တော် မတ် ၄

နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် ဝဏ္ဏသိဒ္ဓိရပ်ကွက်လုံးဆိုင်ရာ ဓမ္မာရုံကြီး၌ ဓမ္မာရုံအကျိုးတော်ဆောင်အဖွဲ့က ကြီးမှူး၍ ပထမအကြိမ် နွေရာသီအခမဲ့ပညာဒါနအဖြစ် အခြေခံဗုဒ္ဓဘာသာ ယဉ်ကျေးမှုသင်တန်းနှင့် အခြေခံအင်္ဂလိပ်စာနှင့် စကားပြောသင်တန်းတို့ကို မတ် ၃ ရက် နံနက် ၈ နာရီက ဖွင့်လှစ်ခဲ့သည်။

အခမ်းအနား အစီအစဉ်အရ ရပ်ကွက်အုပ်ချုပ်ရေးမှူး ကိုယ်စား ရပ်မိရပ်ဖ ဦးဝင်းမောင်နှင့် ရပ်ကွက်ဖွံ့ဖြိုးရေးအထောက်အကူပြုအဖွဲ့ဝင် ဦးအောင်ဘော်တို့က အမှာစကားပြောကြားသည်။

ထို့နောက် သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်ကို အခမဲ့ပညာဒါနပြုမည့် ဆရာဦးမောင်မောင်က ရှင်းလင်းပြောကြားသည်။

အခြေခံဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်းကို ဆရာဦးထွန်းထွန်းဦး (MO FA)ကလည်းကောင်း၊ အခြေခံအင်္ဂလိပ်စာနှင့် အခြေခံစကားပြောသင်တန်းကို ဆရာဦးမောင်မောင်ကလည်းကောင်း သင်ကြားပို့ချသွားမည်ဖြစ်သည်။ **ကိုပေါက်(ဥက္ကာမြေ)**

မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီရုံးများဖွင့်လှစ်ပြီးဖြစ်၍ ပြန်လည်စွန့်လွှတ်သည့်မြေများအတွက် မြေသိမ်းဆည်းခံရသူများက ပိုင်ဆိုင်မှုအထောက်အထားများဖြင့် လာရောက်စုံစမ်းလျှောက်ထားနိုင်

မွန်ပြည်နယ် ခရိုင်နှင့်မြို့နယ်အသီးသီးတွင် မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီရုံးများကို အောက်ပါအတိုင်း ဖွင့်လှစ်ပြီးဖြစ်သဖြင့် ပြန်လည်စွန့်လွှတ်သည့်မြေများတွင် သိမ်းဆည်းခံထားရသည့် မြေများပါဝင်ခြင်း ရှိ/မရှိ စုံစမ်းနိုင်ကြောင်း၊ ပါဝင်ပါက သက်ဆိုင်ရာရပ်ကွက်/ကျေးရွာအုပ်စု မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီရုံး (ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးရုံး)များတွင် ခိုင်လုံသောအထောက်အထားဖြင့် လျှောက်ထားနိုင်ကြောင်းနှင့် တည်ဆဲဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဖြေရှင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်-

စဉ်	ကော်မတီအမည်	တည်နေရာ	ဆက်သွယ်ရန်ဖုန်း
၁	မွန်ပြည်နယ်မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီ	ပြည်နယ်မြေစာရင်းရုံး	၀၅၇-၂၅၈၀၂
၂	သထုံခရိုင်မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီ	ခရိုင်မြေစာရင်းရုံး	၀၅၇-၄၀၀၂၉
၃	မော်လမြိုင်ခရိုင်မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီ	ခရိုင်မြေစာရင်းရုံး	၀၅၇-၂၃၀၁၉
၄	ကျိုက်ထိုမြို့နယ်မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီ	မြို့နယ်မြေစာရင်းရုံး	၀၅၇-၆၀၀၃၉
၅	ဘီးလင်းမြို့နယ်မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီ	မြို့နယ်မြေစာရင်းရုံး	၀၅၇-၆၄၁၄၈
၆	သထုံမြို့နယ်မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီ	မြို့နယ်မြေစာရင်းရုံး	၀၅၇-၄၀၄၁၉
၇	ပေါင်မြို့နယ်မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီ	မြို့နယ်မြေစာရင်းရုံး	၀၅၇-၄၇၀၉၃
၈	မော်လမြိုင်မြို့နယ်မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီ	မြို့နယ်မြေစာရင်းရုံး	၀၅၇-၂၇၀၆၅
၉	ချောင်းဆုံမြို့နယ်မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီ	မြို့နယ်မြေစာရင်းရုံး	၀၅၇-၈၀၀၁၈
၁၀	ကျိုက်မရောမြို့နယ်မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီ	မြို့နယ်မြေစာရင်းရုံး	၀၅၇-၈၆၀၁၆
၁၁	မုဒုံမြို့နယ်မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီ	မြို့နယ်မြေစာရင်းရုံး	၀၅၇-၇၀၀၄၀
၁၂	သံဖြူဇရပ်မြို့နယ်မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီ	မြို့နယ်မြေစာရင်းရုံး	၀၅၇-၇၉၀၄၂
၁၃	ရေးမြို့နယ်မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီ	မြို့နယ်မြေစာရင်းရုံး	၀၅၇-၅၀၀၄၉

အမာမြို့နယ်ခွဲ ကျန်းမာရေးစောင့်ရှောက်ရေး ကော်မတီသို့ ကားလှူဒါန်း

ဖျာပုံ မတ် ၄

သစ်တောသယံဇာတ ပတ်ဝန်းကျင် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ထိန်းသိမ်းရေးအသင်း (FREDA)မှ ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် အမာမြို့နယ်ခွဲ ကျန်းမာရေး စောင့်ရှောက်ရေး ကော်မတီသို့ မော်တော်ယာဉ် ပေးအပ်လှူဒါန်းပွဲကို ဖေဖော်ဝါရီ ၂၅ ရက်က အမာမြို့ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် အမာမြို့နယ်ခွဲ ကျန်းမာရေးစောင့်ရှောက်ရေး ကော်မတီသို့ ကျန်းမာရေးကိစ္စရပ်များ အသုံးပြုရန်အတွက် သစ်တောသယံဇာတ ပတ်ဝန်းကျင်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ထိန်းသိမ်းရေးအသင်း (FREDA) မှ တိုယိုတာတောင်းအေ့စ် ယာဉ်အမှတ် ၇က/ ၈၄၈၅ မော်တော်ယာဉ်ကို ပေးအပ်လှူဒါန်းရာ ကျန်းမာရေးစောင့်ရှောက်ရေး ကော်မတီကိုယ်စား မြို့နယ်ခွဲ ကျန်းမာရေးမှူး ဦးသန့်ဇင်ဦးက မော်တော်ယာဉ်နှင့် စာရွက်စာတမ်းများ လက်ခံယူခဲ့သည်။ **(အောက်ပုံ)**

ဇော်မင်း(Iprd)

နေပြည်တော် မတ် ၄

မတ်ပဲအထွက်နှုန်းကောင်းသော်လည်း ဈေးကောင်းမရသောကြောင့် ဆောင်းသီးနှံ မတ်ပဲစိုက်တောင်သူများ တွက်ခြေမကိုက်ဖြစ်နေ

ယခုနှစ် နောက်ပိုင်းကာလ ဆောင်းသီးနှံ မတ်ပဲစိုက်တောင်သူများသည် ယခုမတ်ပဲပေါ်ချိန်တွင် သီးနှံအထွက်နှုန်းကောင်းသော်လည်း ဈေးကောင်းမရသောကြောင့် တွက်ခြေမကိုက်ဖြစ်နေကြောင်း နေပြည်တော်တစ်ဝန်း မြို့နယ်များရှိ မတ်ပဲစိုက်တောင်သူများထံမှ သိရသည်။

နေပြည်တော်ကောင်စီနယ်မြေအတွင်း မြို့နယ်များရှိ တောင်သူများသည် နောင်ပိုင်း ဆောင်းသီးနှံများအဖြစ် မြေပဲ၊ ပဲတီစိမ်း၊ ကုလားပဲ၊ မတ်ပဲ စသည့် ပဲမျိုးစုံကို စိုက်ပျိုးကြသည်။ ယခု မတ်ပဲများ ရိတ်သိမ်းပြီးချိန်တွင် သီးနှံအထွက်နှုန်းကောင်းသော်လည်း ရောင်းချရာတွင် ဝယ်ရင်းဈေးထက်ပင် ဈေးနှုန်းများ လျော့ကျနေသောကြောင့် တွက်ခြေမကိုက် ဖြစ်နေကြောင်း နေပြည်တော် ပုဗ္ဗသီရိမြို့နယ်မှ မတ်ပဲစိုက်တောင်သူတစ်ဦးက ပြောသည်။

"နောက်ပိုင်း မတ်ပဲဈေးက မကောင်းဘူး။ ကျွန်တော်တို့တောင်သူတွေအနေနဲ့ လုပ်စားရတာတောင် စိတ်ပျက်နေပြီ။ ဒီနှစ် မတ်ပဲအထွက်ကောင်းသော်လည်း ဈေးနှုန်းက မကောင်းဘူး။ သီးနှံအထွက်နည်းတော့ ဈေးနှုန်းကကောင်းတယ်။ ဒီနှစ်ဆောင်းပိုင်း မတ်ပဲက တစ်ပြည်တစ်တင်းနှုန်းထွက်တယ်။တစ်တင်းဆိုရင် ဝယ်စိုက်ရတဲ့ဈေးက ငွေကျပ် ၂၂၀၀၀ ကျော်အထိ ကျတယ်။ ကျွန်တော်တို့က ပြန်ရောင်းတော့ တစ်တင်းငွေကျပ် ၁၆၀၀၀၊ ၁၈၀၀၀ အထိပဲရတယ်။ သီးနှံအထွက်နှုန်းကောင်းအောင် သွင်းအားစုတွေ စိုက်ထည့်ရတာလည်း မနည်းဘူး။ ဓာတ်မြေသြဇာဖိုးနဲ့ ပိုးသတ်ဆေးဖိုးကလည်း သောင်းနဲ့ချီကုန်တယ်။ ပဲရိတ်သိမ်းချိန်မှာ အလုပ်သမား ငှားရမ်းခတွေကုန်တယ်။ နေ့စား အလုပ်သမားတစ်ဦးဆိုလျှင် ငွေကျပ် ၁၀၀၀ ပေးခေါ်ရတယ်။ နောက်ပိုင်းဈေးတက်လာမလားဆိုတဲ့ မျှော်လင့်ချက်နဲ့ လက်ထဲမထားရဲဘူး။ ရတဲ့ဈေးနဲ့ပဲ ရောင်းထုတ်ရတယ်။ ဒီနှစ်နောက်ပိုင်း မတ်ပဲစိုက်ရတာ တကယ်တွက်ခြေမကိုက်ပါဘူး"ဟု ပုဗ္ဗသီရိမြို့နယ် ဝဲကြီးကျေးရွာမှ မတ်ပဲစိုက်တောင်သူတစ်ဦးဖြစ်သူကို ရွှေသီးက သူ့အတွေ့အကြုံကို ပြောသည်။

သတင်း-တင်မောင်လွင်

ဓာတ်ပုံ-မောင်လွင်

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)

ဝက်လက်မြို့နယ်တရားမရုံး၌

၂၀၁၄ခုနှစ် တရားမကြီးမှုအမှတ်-၁၃

မမျိုးမျိုး နှင့် မလွင်

တရားလို **တရားပြိုင်**

ဝက်လက်မြို့၊ အမှတ်(၁)၊ မင်းရပ်နေ၊ မလွင် (ဘ) ဦးစိန်မြင့်(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

ဝက်လက်မြို့၊ အမှတ်(၁)ရတနာရပ်နေ မမျိုးမျိုး (ဘ) ဦးထွန်းအေးက သင့်အပေါ်တွင် စုကြေးငွေ ကျပ်သိန်း ၃၀နှင့် နစ်နာကြေးငွေကျပ် နှစ်သိန်း စုစုပေါင်းကျပ် ၃၂သိန်း ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့် ပါစေ၍ဖြစ်စေ **၂၀၁၄ခုနှစ် မတ် ၂၈ရက် (၁၃၇၅ခုနှစ် တပေါင်းလပြည့်ကျော် ၁၃ရက်)** မွန်းမတည့်မီ ၁၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလို၏စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့ လာရောက်ရမည်။ ၄င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၄င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် **စာရွက်စာတမ်းများ**နှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၄ခုနှစ် ဖေဖော်ဝါရီ ၂၁ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(သူဇာအောင်)
မြို့နယ်တရားသူကြီး
ဝက်လက်မြို့

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၂၊ မြေကွက်အမှတ်(၂၀၉/က)၊ ဧရိယာပေ(၂၀×၆၀)၊ စတုရန်းပေ ၁၂၀၀၊ နှစ် ၆၀ ဂရန်မြေ အမှတ် ၂၀၉၊ ဘုရင့်နောင်လမ်း၊ (၁၂)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်ဟု ခေါ်တွင်သည့်

အရောင်းအဝယ်ကို ကန့်ကွက်နိုင်ပါကြောင်း

အထက်ဖော်ပြပါ မြေကွက်နှင့်မြေပေါ်ရှိ အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို ရောင်းချပိုင်ခွင့်ရှိသည့် ဒေါ်ခင်ညွန့် ၁၂/ရကန(နိုင်)၀၅၀၁၇၀ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါမြေ/အိမ်နှင့်ပတ်သက်၍ ပိုင်ရေးပိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသောစာရွက်စာတမ်းမူရင်းများနှင့်တကွ ဤကြော်ငြာပါရှိသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ ဖုန်းဖြင့်ဖြစ်စေ၊ လူကိုယ်တိုင်ဖြစ်စေ ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

ညွှန်ကြားချက်အရ-
ဦးခင်မောင်ဝင်း(သိဒ္ဓိ)LL.B., D.B.L.,D.M.L
တရားလွှတ်တော်ရှေ့နေ (စဉ်-၇၂၇၅)
အမှတ် ၉၉ (ပ)ထပ်၊ ၃၈ လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၀၉-၅၁၃၀၁၆၁၊ ၀၁-၂၅၃၄၀၃၊ Res ၀၁-၅၂၁၁၆၈

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (ဈ)ရပ်ကွက်၊ သုဓမ္မာလမ်း၊ မြေကွက်အမှတ်(၁၉၇-၁/၂)၊ မြေအကျယ်အဝန်းပေ(၂၀×၅၀)ရှိ နှစ် ၆၀ ဂရန် မြေကွက်နေအိမ်တို့သည် ဦးတင်ညွန့် ၁၂/ဥကမ(နိုင်)၁၀၈၇၂၃ အမည်ဖြင့် မှတ်သားတည်ရှိသော မြေကွက်ဖြစ်ပါသည်။ ၄င်းထံမှ ကျွန်ုပ်မိတ်ဆွေက စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်း အထောက်အထားဂရန်မူရင်းများ ယူဆောင်လာ၍ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးသာလှိုင်
အထက်တန်းရှေ့နေ
အမှတ် ၃၉၊ ၃၅ လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၅၁၄၉၇၆၃၊ ၀၉-၄၄၈၀၀၉၃၃၅

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၃)ရပ်ကွက်၊ ကောလိယလမ်း၊ အမှတ် ၂၅၈ နေထိုင်သူ (၁) ဒေါ်မေသန္တာစိုး ၁၂/သဃက(နိုင်)၁၃၉၈၁၉၊ (၂) ဒေါ်ချိုချို ၁၂/သဃက(နိုင်)၀၂၂၈၃၅ တို့ပိုင်ဆိုင်သော မြေနှင့်အိမ်အား ဦးမြင့်သူ ၁၄/မမန(နိုင်)၀၁၁၉၉၉ က ဝယ်ယူရန် စရန်ငွေပေးချေပြီးဖြစ်ပါ၍ ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက စာရွက်စာတမ်းအပြည့်အစုံဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ပြီးစီးအောင် ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

ဦးမြင့်သူ
ဖုန်း-၀၉-၅၁၄၀၁၃၀
တိုက် ၁၂၊ အခန်း F-4၊
အေးရိပ်မွန် ၃ လမ်း၊ (၃)ရပ်ကွက်၊ လှိုင်မြို့နယ်

ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (ရန်ကုန်သစ်)၊ မြေကွက်အမှတ်(၅၆၅/က)၊ မြေအကျယ်အဝန်းပေ(၂၀×၆၀)ရှိသော နှစ် ၆၀ ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို လက်ရှိထား တရားဝင်အမည်ပေါက်ပိုင်ဆိုင်လျက်ရှိသူထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ကျွန်ုပ်ထံ ပိုင်ဆိုင်မှုအထောက်အထားမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်လှဲ့ရည်မွန် (LL.B, D.B.L)
အထက်တန်းရှေ့နေ (စဉ်-၃၆၉၀၆)
အမှတ် ၅၅၊ အခန်း(၅)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၀၉-၇၃၁၄၅၅၈၃

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

ရန်သူမျိုးနှစ်ပါး ဘေးရန်အဆီးအတားနှင့် ယုဇနပလာဇာ

သတင်းဆောင်းပါး-တင်ဝင်းလေး(ကြည့်မြင်တိုင်)

၂၀၁၄ခုနှစ်ဇန်နဝါရီ ၂၁ရက်ကမန္တလေးတိုင်းဒေသကြီး မိုးကုတ်မြို့ အောင်ချမ်းသာရပ် ပတ္တမြားဈေးကြီးအတွင်းမှ ရွှေဆိုင်နှစ်ဆိုင်အနုကြမ်းစီးခံခဲ့ရသည်။ လူတစ်ဦးသေပြီး တစ်ဦးဒဏ်ရာရရှိခဲ့သည်။ ရန်သူမျိုးငါးပါးထဲမှ သူခိုးဓားပြရန်ဘေးကြောင့် ဆုံးရှုံးခဲ့ရသည်။

တစ်ဖန် ဖေဖော်ဝါရီ ၁၃ ရက်က ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ မြို့မဈေးကြီးမီးလောင်မှုဖြစ်ပွားခဲ့သည်။ လျှပ်စစ်လုံခြုံရေး၊ မီးလိုင်းပြုပြင်ရာမှ လျှပ်စစ်ဝိုင်ယာရှော့ခ်ဖြစ်ပြီး စတင်လောင်ကျွမ်းခြင်းဖြစ်ကြောင်း သိရသည်။

ဈေးရုံကြီး ၃၈ ရုံ၊ ဈေးဆိုင်ခန်းပေါင်း ၁၁၉၉ ခန်း မီးထဲပါသွားပြီး ငွေကျပ်သိန်းပေါင်း ၁၅၉၈၀ ခန့်ဆုံးရှုံးခဲ့ရကြောင်း သတင်းစာများက ဖော်ပြခဲ့သည်။

ဖေဖော်ဝါရီ ၂၇ ရက်ကလည်း ပဲခူးမြို့ ပဲခူးမြစ်ကူးတံတားအနီးရှိ သီရိဥသျှာဈေးကြီး လျှပ်စစ်ကြိုးလိုင်းများ အပူလွန်ကဲရာမှ မီးလောင်မှုဖြစ်ခဲ့သည်။ ရန်သူမျိုးငါးပါးထဲမှ မီးဘေးကြောင့်ဆုံးရှုံးခဲ့ရခြင်းဖြစ်သည်။

အမှတ်မထင်မှသည် မှတ်မှတ်ထင်ထင်ဖြစ်သွားခဲ့ရသော ဖြစ်ရပ်မှန်များဖြစ်သည်။ ဈေးများ၌ မီးဘေး၊ သူခိုးဓားပြဘေးရန်လုံခြုံရေးသတိ အစဉ်ရှိနေဖို့လိုအပ်နေပြီဖြစ်ကြောင်း သတိပေးညွှန်းဆိုသွားခဲ့သော သင်ခန်းစာတစ်ရပ်ဖြစ်သည်။

၂၀၁၄ ခုနှစ် ဇန်နဝါရီ ၇ ရက်က ကျင်းပခဲ့သော မြန်မာနိုင်ငံရွှေလုပ်ငန်းရှင်များအသင်းနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့ ရွှေဆိုင်များ၏ လုံခြုံရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ဆွေးနွေးစဉ်ကလည်း ဆိုင်အတွင်းအပြင်လုံခြုံရေးကင်မရာများတပ်ဆင်သင့်ကြောင်း၊ တပ်ဆင်ထားခြင်း၏အကျိုးကျေးဇူးတို့ကို မြန်မာနိုင်ငံရဲတပ်ဖွဲ့က တင်ပြသွားခဲ့သည်။

မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့အနေဖြင့်လည်း ဈေးကြီးများ မီးဘေးလုံခြုံရေး၊ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်နိုင်ရေးအတွက် ဟောပြောပွဲ၊ မီးငြိမ်းသတ်ရေး လက်တွေ့သရုပ်ပြပွဲများကို အစဉ်တစိုက်ဆောင်ရွက်ပေးလျက်ရှိနေသည်။ သို့သော် အများစုက စိတ်ဝင်စားမှုနည်းခဲ့ကြသည်ကို လေ့လာတွေ့ရှိနေရသည်။ ဖြစ်လာမှသာ ခြေမကိုင်မိ၊ လက်မကိုင်မိ ဖြစ်ရပ်များနှင့် မဆုံးရှုံးသင့်ဘဲ ဆုံးရှုံးခဲ့ရသည်။

ယုဇနပလာဇာဈေးကြီး

ယခုအခါ ပူပြင်းခြောက်သွေ့သော ရာသီသို့ကူးပြောင်းစပြုလာပြီဖြစ်သည် "မီးဘေးရှောင်-မလောင်ခင်တား" ဆိုသော်ဆောင်ပုဒ်နှင့်အညီ ထိုထိုသောဖြစ်ရပ်များနှင့် မကြုံတွေ့ရလေအောင် စီမံဆောင်ရွက်ထားသော မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ ယုဇနပလာဇာဈေးကြီးသို့ သွားရောက်ခဲ့ပြီး ဈေးတာဝန်ခံ ဦးအောင်သန်းလွင်နှင့် တွေ့ဆုံ၍ မေးမြန်းခဲ့ပါသည်။

ဈေးကြီးကို ၁၉၉၇-၁၉၉၈ ခုနှစ်က စတင်တည်ဆောက်ခဲ့ကြောင်း သိရသည်။ မြေညီထပ်အပါအဝင် ငါးလွှာရှိပြီး ဈေးဆိုင်ပေါင်း ၂၀၀၀ ကျော်ရှိသည်ဟု ဆိုသည်။

ဦးအောင်သန်းလွင်က "ဈေးကြီးရဲ့ မီးဘေးလုံခြုံရေးနဲ့ပတ်သက်ရင် ဆိုင်တွေမှာ အသင့်ထားတဲ့ မီးသတ်ဆေးဘူးများအပြင် ဈေးရုံအနေနဲ့ 9 Kg မီးသတ်ဆေးဘူးပေါင်း ၁၆၄ လုံး အသင့်ရှိနေပါတယ်၊ ရေဂါလန်နှစ်သောင်းကျော်ဆံ့တဲ့ ရေကန်ကြီးမှာလည်း အမြဲရေအပြည့်ရှိနေပါတယ်" ဟု ရှင်းပြပေးသည်။

ဈေးဆိုင်ခန်းများအနေဖြင့် ဆိုင်ကြီးလျှင် ကြီးသလို၊ သေးလျှင်သေးသလို 50 Kg၊ 9Kg၊ 3Kg မီးသတ်ဆေးဘူးများ အသင့်ထားရှိစေသည်။ ထို့အပြင် အထပ်တိုင်း၏လှေကားနံရံတို့၌ မီးငြိမ်းသတ်ရန် ရေပိုက်လိပ်များကို သေတ္တာများတွင် ထားရှိထားသည်ကို တွေ့လာရသည်။ ဆိုင်များသို့ လျှပ်စစ်မီးပေးမှုကိုလည်း နံနက် ၈ နာရီခွဲမှ ညနေ ၅ နာရီ ၄၅ မိနစ်အထိ ပေးထားသည်။ လုံခြုံရေးမီးကို နံနက် ၇ နာရီမှ ည ၇ နာရီအထိပေးထားခဲ့သည်။ မီးပေးမှုအားလုံးကို ဈေးရုံးခန်းမှမိန်းခလုတ်ဖြင့် ထိန်းချုပ်ထားသည်ဟုသိရသည်။

အထပ်တိုင်း၌ ဝန်ထမ်းများအဆောင်ထားရှိပေးပြီး နားနေဆောင်မှ ဝန်ထမ်း၈၀ကျော်က အန္တရာယ်အချက်ပေးလိုက်သည်နှင့် စုရပ်သို့ ရောက်အောင်လေ့ကျင့်မှုကောင်းများပေးထားကြောင်း ၎င်းကဆိုသည်။

ဈေးကြီးအတွင်းသို့ ပြင်ပမှအန္တရာယ်များမဝင်ရောက်နိုင်ရေးအတွက် ဈေးပတ်ပတ်လည်၌ လုံခြုံရေးဝန်ထမ်းများ အားဖြည့်ထားသည်ကို တွေ့ရသည်။ အထပ်တိုင်း၌လည်း လုံခြုံရေးဝန်ထမ်းများကို တွေ့ရသည်။

ကားပါကင်ထိပ်အဝင်ဝလမ်းကြောင်း၌ လုံခြုံရေးတစ်ဦးက ဆက်သွယ်ရေးစက်ဖြင့် အသင့်ရှိနေသည်။ ကားပါကင်အထပ်တိုင်း၌ လုံခြုံရေးဝန်ထမ်းနှစ်ဦးစီက ကားများအဝင်အထွက်ကို စောင့်ကြည့်ပေးနေသည်။ အထူးတာဝန်တစ်ရပ်အနေဖြင့် ဈေးတာဝန်ခံရုံးခန်းရှိ အဝင်အထွက်လုံခြုံရေးကင်မရာမှတ်တမ်းကို အချိန်ပြည့်စောင့်ကြည့်ရန် ဝန်ထမ်းတစ်ဦးကို တာဝန်ပေးထားသည်ဟု သိရသည်။

ဈေးတာဝန်ခံက "ကားလမ်းကြောင်းကနေ ဈေးကြီးအတွင်းကိုဝင်လာတဲ့ ကား၊ လူမှန်သမျှ ဒီကနေမြင်နေရတယ်၊ ကားပါကင်က ကျယ်ဝန်းတော့ အချို့အပြင်ကခိုးလာတဲ့ကားလည်း လာထားတတ်တယ်၊ ဈေးဆိုင်ကကားများကိုလည်းမသမာမှု ပြုတတ်တယ်၊ တကယ်လို့ဖြစ်လာရင် ဒီမှတ်တမ်းကတစ်ဆင့် ပြန်ပြီးဖော်ထုတ်လို့ရတယ်။ ဒါကြောင့် ဒီဈေးလာတဲ့ ဝယ်တဲ့သူ၊ ရောင်းတဲ့သူတို့အတွက် လုံခြုံမှုအပြည့်ရှိနေပါတယ်"ဟု စိတ်ရှည်စွာ ရှင်းလင်းပြောပြခဲ့သည်။

ဈေးရောင်းဈေးဝယ်ပြုနေသော ဆိုင်ခန်းများအတွက် လုံခြုံရေးကင်မရာများ ထားရှိရန်အတွက်ကိုလည်း ကုမဏီတစ်ခုနှင့်ညှိနှိုင်းလျက်ရှိနေကြောင်း၊ မကြာမီလိုအပ်သောနေရာများ၌ တပ်ဆင်သွားမည်ဖြစ်ကြောင်း သိခဲ့ရသည်။

ညလုံခြုံရေးကို ဝန်ထမ်း ၁၇ ဦးဖြင့် တာဝန်ယူစောင့်ရှောက်ထားပြီး ဈေးတံခါးများကို ညနေ ၆ နာရီမှ နံနက် ၆ နာရီအထိ သော့ခတ်ထားကြောင်း သိရသည်။

ဈေးတာဝန်ခံကို နှုတ်ဆက်ပြီးပြန်ခါနီးတွင် ၎င်းက "ကျွန်တော်တို့ ကုမ္ပဏီအနေနဲ့ ဈေးကြီးအပါအဝင် ဈေးဝယ်ဈေးသည်အားလုံးရဲ့ လုံခြုံရေးအပေါ် အမြဲပဲ အလေးထားဆောင်ရွက်လျက်ရှိနေပါတယ်"ဟုဆိုခဲ့သည်။

သို့အတွက် မြန်မာနိုင်ငံအတွင်းရှိ ဈေးများအားလုံး ရန်သူမျိုးငါးပါးထဲမှ နှစ်ပါးဖြစ်သော မီးဘေး၊ သူခိုးဓားပြဘေးရန်အသွယ်သွယ်တို့မှ ကင်းဝေးစေရန် ရည်ညွှန်းဖော်ဆိုရေးသားတင်ပြလိုက်ရပါသည်။

ရာဇာလင်း မိသားစု ဆေးတက္ကသိုလ် ပညာသင်ဆုချီးမြှင့်

ရန်ကုန် မတ် ၄

ပညာဒါန အလှူရှင် ဦးအေးကျော်-ဒေါ်အေးအေးမြင့် ရာဇာလင်း မိသားစုသည် ဆေးတက္ကသိုလ် တက်ရောက်ရန် အခက်အခဲရှိသော ကျောင်းသား ကျောင်းသူများအား ရွေးချယ်ပြီး နှစ်စဉ် ပညာသင်ဆုများ ချီးမြှင့်လျက်ရှိရာ ၂၀၁၃-၂၀၁၄ ပညာသင်နှစ်တွင်လည်း ဆေးတက္ကသိုလ်တက်ခွင့်ရ ကျောင်းသား ကျောင်းသူ ရှစ်ဦးတို့အား ရွေးချယ်၍ ရာဇာလင်းဆေးတက္ကသိုလ် ပညာသင်ဆုချီးမြှင့်လိုက်ကြောင်း သိရသည်။ ၂၀၁၃-၂၀၁၄ ပညာသင်နှစ်အတွက် ရာဇာလင်းဆေးတက္ကသိုလ် ပညာသင်ဆုရရှိကြသူများမှာ မချိုဇင်သန့်(ရေတာရှည်)ဆေးတက္ကသိုလ်(၂) ရန်ကုန်၊ မမေမိုးမြင့်သူ (ဟသ်ာတ) ဆေးတက္ကသိုလ်(၂) ရန်ကုန်၊ မောင်ရာဇာကိုကို (ရန်ကင်း) ဆေးတက္ကသိုလ်(၁) ရန်ကုန်၊ မဆုထက်ထက်အောင်(မြောင်)ဆေးတက္ကသိုလ်-မန္တလေး၊ မဇင်ဝေနှင်း(မုံရွာ)ဆေးတက္ကသိုလ်-မကွေး၊ မအိအိမွန်(ရွှေဘို) ဆေးတက္ကသိုလ်-မကွေး၊ မောင်ရန်ကျော်ထွန်း(မြို့သစ်) ဆေးတက္ကသိုလ်-မကွေးနှင့် မောင်ကျော်မြင့်ထွန်း(စစ်တွေ)ဆေးတက္ကသိုလ်(၂)-ရန်ကုန်တို့ ဖြစ်ကြသည်။

ပညာသင်ဆု ရရှိသူများသည် ဆေးတက္ကသိုလ် အသီးသီးတွင် မိမိတို့ ပထမနှစ်သင်တန်း စတင်တက်ရောက်နေကြောင်း အထောက်အထားစာရွက်စာတမ်းများကိုလည်းကောင်း၊ ယခင်ပညာသင်နှစ်များတွင် ရာဇာလင်းဆေးတက္ကသိုလ်ပညာသင်ဆုရရှိခဲ့ကြပြီး သက်ဆိုင်ရာ ဆေးတက္ကသိုလ်အသီးသီးတွင် ဆေးပညာဆက်လက်သင်ယူနေကြသည့် ကျောင်းသား ကျောင်းသူများသည် မိမိတို့ သက်ဆိုင်ရာ အတန်းအသီးသီးအောင်မြင်ကြောင်း ထောက်ခံချက် စာရွက်စာတမ်းများကိုလည်းကောင်း အမှတ် (၅၀) ကန်ရိပ်သာ ၃ လမ်း၊ Finger Lake, F.M.I City လှိုင်သာယာမြို့နယ် ရန်ကုန်မြို့သို့ အချိန်မီပေးပို့၍ပညာသင်ဆုချီးမြှင့်ငွေများ ထုတ်ယူနိုင်ကြပြီဖြစ်သည်။ **(သတင်းစဉ်)**

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကို၁ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)

သာကေတမြို့နယ်တရားရုံးတော်၌

၂၀၁၄ခုနှစ် တရားမကြီးမှုအမှတ်-၁၈

ဒေါ်နီနီအောင် **နှင့်** ၁။ ဒေါ်သန်း၊ ၂။ ဦးမောင်တင်

တရားလို **တရားပြိုင်များ**

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ၄/မြောက်ရပ်ကွက်၊ မြင်တော်သာလမ်း၊ အမှတ်(၁၅/က)နေ တရားပြိုင်များဖြစ်ကြသော ဒေါ်သန်းနှင့် ဦးမောင်တင် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်နီနီအောင်က သီးခြားသက်သာခွင့် အက်ဥပဒေပုဒ်မ-၁၂အရ ကတိပဋိညာဉ်အတိုင်း အိမ်နှင့်မြေအရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ဆို၍ ဂရန်အမည်ပေါက်သည်အထိ ဆောင်ရွက်ပေးစေလိုမှု ပြုလုပ်ပေးရန် လျှောက်ထားစွဲဆိုထားသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၄ခုနှစ် မတ် ၁၇ရက် (၁၃၇၅ခုနှစ် တပေါင်းလပြည့်ကျော် ၂ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့်စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုက်သည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၄ခုနှစ် ဖေဖော်ဝါရီ ၂၈ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ကျော်ကျော်ဝင်း

မြို့နယ်တရားသူကြီး၊ သာကေတမြို့နယ်တရားရုံး



အယူခံမှုကိုကြားနာစစ်ဆေးရန် ချိန်းဆိုသည့်နေ့ရက်ကို အယူခံတရားပြိုင်ထံသို့

အကြောင်းကြားစာ

(တရားမကျင့်ထုံး ဥပဒေအမိန့်-၄၁၊ နည်းဥပဒေ-၁၄)

ပြည်ထောင်စုတရားလွှတ်တော်ချုပ်

၂၀၁၄ ခုနှစ် တရားမအယူခံမှုအမှတ်-၄၃

ဦးသိန်းဘော် **နှင့်** ဗိုလ်ကြီးမြတ်ငြိမ်း ပါ-၂

အယူခံတရားလို **အယူခံတရားပြိုင်များ**

၂၀၁၃ခုနှစ် အောက်တိုဘာ ၈ရက်စွဲပါ ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်၏ တရားမကြီးမှုအမှတ် ၈၁/၂၀၁၂ ၏ ဒီကရီမှ အယူခံလျှောက်လွှာနှင့်ပတ်သက်၍ အမှတ် ၂၅၊ စီ-၄၊ တက္ကသိုလ်ရိပ်သာလမ်းသစ်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး (ယခင်လိပ်စာ၊ ယခုလိပ်စာမသိ)နေ အယူခံတရားပြိုင် အမှတ်(၁) ဗိုလ်ကြီးမြတ်ငြိမ်း သိစေရမည်။

ဤအမှုတွင် တိုင်းဒေသကြီးတရားလွှတ်တော်၏ ဒီကရီမှ အယူခံလျှောက်လွှာတစ်စောင်ကို တရားလွှတ်တော်ရှေ့နေ ဒေါ်ရီရီတင်နှင့် ဒေါ်ခင်ဆွေဝင်းတို့က တင်သွင်း၍ ဤရုံး၌ မှတ်ပုံတင်ခဲ့ပြီးကြောင်းနှင့် ထိုအယူခံလျှောက်လွှာကို ၂၀၁၄ခုနှစ် မတ် ၁၇ရက် နံနက် ၁၀ နာရီတွင် ဤရုံးသို့ ချိန်းဆိုပြီးကြောင်း အကြောင်းကြားပါသည်။

သင်ကိုယ်တိုင်ဖြစ်စေ၊ သင်၏ကိုယ်စား သင်၏ တရားလွှတ်တော်ရှေ့နေကဖြစ်စေ၊ သို့မဟုတ် သင့်အတွက် ဆောင်ရွက်ရန် တရားဥပဒေအရ အာဏာလွှဲအပ်ထားသူ တစ်စုံတစ်ယောက်ကဖြစ်စေ ဤရုံးသို့ မလာရောက်ခဲ့သော် သင်၏မျက်ကွယ်ရာတွင် ဤအမှုကို ဆုံးဖြတ်လိမ့်မည်။

၂၀၁၄ခုနှစ် ဖေဖော်ဝါရီ ၂၆ရက်တွင် တံဆိပ်ရိုက်နှိပ်သည်။

အမိန့်အရ-

(ချိုချိုဝင်း)

လက်ထောက်ညွှန်ကြားရေးမှူး

တရားမတရားစီရင်ရေးဌာန၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကို၁ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)

မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်

၂၀၁၄ခုနှစ် တရားမကြီးမှုအမှတ်-၂

ဒေါ်သီဂီထွန်း **နှင့်** ဦးအောင်သိန်း ပါ ၄

တရားလို **တရားပြိုင်များ**

(၁) ဦးအောင်သိန်း၊ (၂) မရွှေစင်မိ၊ (၃) မရွှေစင်အိ၊ (၄) မရွှေစင်မြိုင်၊ အကွက်(၄၁၇)၊ ဦးပိုင်(၁၃၄-က+ဃ+င)၊ ၆၅ လမ်း× ၆၆လမ်းကြား၊ လမ်း ၂၀၊ အနိုပ်တော်ရပ်ကွက်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

တရားပြိုင်လေးဦးတို့အပေါ်၌ ဒေါ်သီဂီထွန်းက ပစ္စည်းခွဲဝေပေးစေလိုမှု ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၄ခုနှစ် ဧပြီ ၉ရက် (၁၃၇၅ခုနှစ် တန်ခူးလဆန်း ၁၀ရက်) မွန်းလွဲ ၁နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်က ဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၄ခုနှစ် ဖေဖော်ဝါရီ ၂၆ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

အမိန့်အရ-

တင်ထွေးဦး

ဒုတိယညွှန်ကြားရေးမှူး

တရားစီရင်ရေးဌာန

မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်

ပြည်တွင်းသတင်းနှင့် ဆောင်းပါး

ဂန့်ဂေါခရိုင်တွင် လမ်း၊ တံတားများ အဆင့်မြှင့်တင်တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်

လမ်းပန်းဆက်သွယ်ရေး အခက်အခဲကြောင့် ဖွံ့ဖြိုးတိုးတက်မှုနောက်ကျခဲ့ရသည့် မကွေးတိုင်းဒေသကြီး ဂန့်ဂေါခရိုင်တွင် ယခုအခါ လမ်းအဆင့်မြှင့်တင်ခြင်း၊ တံတားတည်ဆောက်ခြင်းလုပ်ငန်းများကို အားရကျေနပ်ဖွယ်ရာ ကောင်းလောက်အောင် ဆောင်ရွက်နေသည်ကို တွေ့မြင်နေကြရပြီး မကြာမီကာလ၌ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ကာ ခရိုင်အတွင်းရှိ မြို့၊ ကျေးရွာများသည် အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လာတော့မည်ဖြစ်၍ ဒေသခံများ ဝမ်းမြောက်ဝမ်းသာဖြစ်နေကြကြောင်း သိရသည်။

မကွေးတိုင်းဒေသကြီး ဂန့်ဂေါခရိုင် ဂန့်ဂေါမြို့နယ်၊ ထီးလင်းမြို့နယ်၊ ဆောမြို့နယ်နှင့် ကျောက်ထုမြို့နယ်ခွဲတို့သည် ၁၉၄၈ ခုနှစ်မှ ၁၉၇၃ ခုနှစ်အထိ ၂၅ နှစ်တိုင်တိုင် ရောင်စုံသူပုန်သောင်းကျန်းမှုဒဏ်ကို ခါးစည်းခံစားခဲ့ရခြင်း၊ တောင်ကုန်းတောင်တန်း၊ လျှိုမြောင်ချောက်ကမ်းပါးနှင့် ချောင်းငယ်မြောင်းငယ်ပေါများသော ဒေသဖြစ်၍ သဘာဝအားဖြင့် လမ်းပန်းဆက်သွယ်ရေး ခက်ခဲသော အနေအထားဖြစ်နေခြင်းတို့ကြောင့်တစ်မြို့နှင့်တစ်မြို့၊ တစ်ရွာနှင့်တစ်ရွာ သွားလာရေးခက်ခဲကာ ခရီးမိုင်မကွာဝေးလှသော်လည်း တစ်ဦးနှင့်တစ်ဦး အနေဝေးကွာပြီး ဖွံ့ဖြိုးတိုးတက်မှုမှာလည်း နောက်ကျနေခဲ့ရသည်။

"ကျွန်တော် ယခုမှဆောမြို့ကို ပထမဦးဆုံးအကြိမ် ရောက်ဖူးတာဖြစ်ပါတယ်။ ဆောမြို့ကိုရောက်တော့ ချင်းပြည်နယ် ကန်ပက်လက်မြို့ကိုလည်း သွားခဲ့သေးတယ်။ လမ်းပန်းဆက်သွယ်ရေးကောင်းလာရင် ကိုယ့်ခရိုင်ထဲက မြို့တွေ၊ ရွာတွေသာမက ချင်းပြည်နယ်က မင်းတပ်၊ မတူပီ၊ ဟားခါးမြို့တွေကိုလည်း ရောက်ဖူးအောင်သွားချင်ပါသေးတယ်" ဟု ဆောမြို့နှင့်မိုင် ၁၀၀ ကျော်ခန့်သာ ကွာဝေးသော ဂန့်ဂေါမြို့နေ ၄၆ နှစ်အရွယ်ရှိအမျိုးသားတစ်ဦးက ပြောသည်။

"လွန်ခဲ့တဲ့ နှစ်နှစ်လောက်က ရုံးစာပို့ဖို့အရေးကြီးလို့ ထီးလင်းမြို့အထိခြေကျင်သွားဖူးတယ်။ကလေးမြို့ကိုလည်း ရုံးကိစ္စတစ်ခုနဲ့ခြေကျင်သွားခဲ့ဖူးပါတယ်။ ယခုတော့လမ်းတွေကောင်းလာပြီဆိုတော့ ကားတွေ၊

ရထားတွေ၊ ဆိုင်ကယ်တွေနဲ့သွားလာရတာ လွယ်ကူလာတယ်။ အိပ်မက်မက်နေသလားတောင် အောက်မေ့မိပါတယ်" ဟု ဂန့်ဂေါမြို့နေ (၅၃နှစ်) အရွယ်ရှိ အမျိုးသားတစ်ဦးက ယခင်က ဂန့်ဂေါခရိုင်အတွင်းလမ်းပန်းဆက်သွယ်ရေး အခက်အခဲကြောင့် တစ်နေရာနှင့်တစ်နေရာခြေကျင်ခရီးဖြင့်သာ သွားခဲ့ရပုံကို အောက်မေ့ဖွယ်ပြောပြသည်။

ယခုအခါ ဂန့်ဂေါခရိုင်အတွင်းရှိ မုံရွာ- ပုလဲ- ဂန့်ဂေါ- ဟားခါးလမ်း၊ ပခုက္ကူ-ပေါက်-ထီးလင်း-ဂန့်ဂေါလမ်း၊ ပခုက္ကူ-ပေါက်-ကျောက်ထု-မင်းတပ်လမ်း၊ ဆိပ်ဖြူ-ဆော-ကန်ပက်လက်လမ်း၊ ဂန့်ဂေါ-ကလေးလမ်း၊ ဂန့်ဂေါ-စိုင်ဒူး-ဇာဟော-အန်းတားလမ်း၊ ဂန့်ဂေါ-အိုက်ကာလမ်း စသည့်ဂန့်ဂေါခရိုင်အတွင်းရှိ လမ်းဟူသမျှတို့ကို အဆင့်မြှင့်တင်ခြင်း၊ သံကူကွန်ကရစ်တံတားများတည်ဆောက်ခြင်းလုပ်ငန်းတို့ကို အားချင်းတည်ဆောက်ပြုပြင်လျက်ရှိရာ ဒေသခံများမှာမော်တော်ကားစီးနေစဉ်သော် လည်းကောင်း၊ လက်ဖက်ရည်ဆိုင်၊ စားသောက်ဆိုင်များတွင်သော်လည်းကောင်း ဂန့်ဂေါခရိုင်အတွင်း လမ်း၊ တံတားတည်ဆောက်နေကြပုံအကြောင်းအရာများကိုသာ အားရကျေနပ်စွာ ပြောဆိုကြလျက်ရှိသည်ကို တွေ့မြင်ကြားသိနေရသည်။

ဖွံ့ဖြိုးတိုးတက်လာတော့မည်ဖြစ်၍ ဒေသခံများ ဝမ်းမြောက်ဝမ်းသာဖြစ်နေ. . .

ဂန့်ဂေါခရိုင် အတွင်းလမ်း၊ တံတားများ တည်ဆောက်နေမှုကြောင့် ယင်းလမ်း၊ တံတားတည်ဆောက်ရေးလုပ်ငန်းများတွင်ဒေသခံများမှာ နေ့စားလုပ်ခ တစ်နေ့လျှင် ငွေကျပ် ၂၅၀၀၊ ၃၀၀၀ နှုန်းများဖြင့် အလုပ်အကိုင်အခွင့်အလမ်း ဝင်ငွေရရှိနေကြကြောင်းလည်း လမ်းလုပ်သားများထံမှ သိရသည်။

ဂန့်ဂေါခရိုင်အတွင်းရှိ လမ်းများတွင် စက်ယန္တရားကြီးများ၊ လမ်းလုပ်သားများ၊ လမ်းတစ်လျှောက် လမ်းလုပ်သားများ၏ ယာယီတဲအိမ်များ၊ ကျောက်ခွဲစက်များကို နေ့စဉ်တွေ့မြင်နေကြရပြီး ဖေဖော်ဝါရီ ၁၅ ရက်က ဂန့်ဂေါခရိုင်အတွင်းရှိလမ်းများအဆင့်မြှင့်တင်ခြင်းလုပ်ငန်းကို ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ကြည့်ရှုစစ်ဆေးသွားကြောင်းကိုလည်း ဒေသခံများ၏ ပြောကြားချက်အရ သိရသည်။

လမ်းပန်းဆက်သွယ်ရေးအခက်အခဲကြောင့် တစ်နေရာနှင့်တစ်နေရာ အနေဝေးကွာနေခဲ့ကြသော မကွေးတိုင်းဒေသကြီးဂန့်ဂေါခရိုင်အတွင်းရှိ မြို့၊ ကျေးရွာများသည် ယခုအခါ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်လာပြီဖြစ်၍ တစ်နေရာနှင့်တစ်နေရာ အနေနီးလာကြကာ အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လာတော့မည်မှာ မုချဖြစ်ပေသည်။ ယခင်က ဂန့်ဂေါခရိုင်အတွင်း လမ်းပန်းဆက်သွယ်ရေး အခက်အခဲကြောင့် မိမိကိုယ်ကိုမိမိ သနားစရာကောင်းအောင် ခြေကျင်လျှောက်ခဲ့ကြရသော ခရီးများရှိခဲ့သည်မှာ အမှန်ဖြစ်သော်လည်း ယခုအချိန်တွင် ရှေးဖြစ်ဟောင်း အောက်မေ့ဖွယ် ယုံတမ်းစကားတစ်ခုမျှသာလျှင် ဖြစ်နေပေတော့သည်။

ယင်းသို့ ဂန့်ဂေါခရိုင်အတွင်း လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ရန် တည်ဆောက်ရေး လုပ်ငန်းများ ဆောင်ရွက်နေသည့်အပြင် ခရိုင်ရုံးစိုက်ရာမြို့ဖြစ်သော ဂန့်ဂေါမြို့တွင် ၂၀၁၃ ခုနှစ် အောက်တိုဘာ ၁၄ ရက်မှစ၍ မဟာဓာတ်အားလိုင်းစနစ်ဖြင့် လျှပ်စစ်မီးရရှိနေပြီဖြစ်ခြင်း၊ ဂန့်ဂေါမြို့နယ် ပြင်သာကျေးရွာအနီး၌ လျှပ်စစ်ထုတ်လုပ်ရန်နှင့် လယ်မြေများကို ရေပေးဝေရန်အတွက် မြစ်သာရေလှောင်တမံဘက်စုံစီမံကိန်းကြီးကို အကောင်အထည်ဖော်ဆောင်ရွက်နေခြင်းစသည့်ဖွံ့ဖြိုးတိုးတက်ရေး အခြေခံကောင်းများ ရရှိလာပြီဖြစ်၍ ဂန့်ဂေါမြို့သို့ အနယ်နယ်အရပ်ရပ်မှ လူများပြောင်းရွှေ့ အခြေချနေထိုင်သူ များလာခြင်း၊ တည်းခိုခန်းများ တိုးချဲ့တည်ဆောက်နေကြခြင်း၊ ယာဉ်လိုင်းများ တိုးချဲ့ပြေးဆွဲခြင်း၊ ပုဂ္ဂလိကဘဏ် တစ်ခုဖွင့်လှစ်ရန် စီစဉ်ဆောင်ရွက်နေခြင်း စသည့်ဖွံ့ဖြိုးတိုးတက်မှု၏ သွင်ပြင်လက္ခဏာ တစ်စိတ်တစ်ဒေသအဖြစ် တွေ့မြင်နေကြရပြီဖြစ်ကြောင်း ဒေသခံများက သုံးသပ်ပြောဆိုကြလျက်ရှိသည်။

ကြီးမြင့်နိုင်(လှိုင်ကော်)

ဖယောင်းတိုင်မီးမှတစ်ဆင့် နှစ်ထပ်ကျောင်းဆောင် မီးလောင်ကျွမ်း

ကရင်ပြည်နယ် ကော့ကရိတ်မြို့တွင် မတ် ၃ ရက် မွန်းလွဲ ၁၂ နာရီခွဲမှ ၁ နာရီခွဲထိ ဒေါက်ဖလန်ကျေးရွာအုပ်စု သုံးဆယ်သုံးဆူကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ဘုရားစင် ဖယောင်းတိုင်မီးမှတစ်ဆင့် မီးလောင်မှုဖြစ်ပွားခဲ့ရာ ပင်မကျောင်းဆောင် နှစ်ထပ်ကျောင်းဆောင်ကို လောင်ကျွမ်းခဲ့သည်။

ကျောင်းဆောင်မှာ အုတ်တိုင်၊ ပျဉ်ခင်း၊ ပျဉ်ကာ၊ သွပ်မိုးဆောင်ဖြစ်ပြီး ကျောင်းတိုက်ဆရာတော် ဦးပညာဝံသ သက်တော်(၆၂ နှစ်)၊ ဝါတော်(၄၂) ဝါမှာ ဝဲလက်ဖျံရိုးကျိုး၊ ယာလက်မောင်း၊ မျက်နှာတော်နှင့် ကျောတို့တွင် မီးလောင်ဒဏ်ရာများရရှိခဲ့ပြီး ကော့ကရိတ်ဆေးရုံကြီးသို့ နံနက် ၃ နာရီခွဲတွင် ရောက်ရှိခဲ့သည်။

ဆရာတော်၏ မီးလောင်ဒဏ်ရာများမှာ မစိုးရိမ်ရသော်လည်း ဆရာတော်၏ နှလုံးသွေးကြောကျဉ်းရောဂါအခြေအနေကြောင့် ဘားအံဆေးရုံသို့ဆေးကုသရန် ကော့ကရိတ်ပြည်သူ့ဆေးရုံကြီးမှ နံနက် ၇ နာရီ ၁၅ မိနစ်ခန့်တွင် ထွက်ခွာသွားကြောင်းသိရသည်။

စိုးထက်အောင်(iprd)

ဖက်တဲကျေးရွာ၌ မီးလောင်မှုဖြစ်ပွား

ကသာခရိုင် ထီးချိုင့်မြို့နယ် ဖက်တဲကျေးရွာအုပ်စု ဖက်တဲကျေးရွာတွင် မတ် ၃ရက် နံနက် ၉ နာရီခန့်က မီးလောင်မှုဖြစ်ပွားခဲ့သည်။

ဖက်တဲကျေးရွာနေ ဦးဘုန်းကျော်၏ နေအိမ်မှ စတင်လောင်ကျွမ်းခဲ့ပြီး နံနက် ၁၁နာရီခွဲခန့်တွင် မီးငြိမ်းသတ်နိုင်ခဲ့ပြီး အိမ်ခြေ ၂၀ခန့် မီးလောင်ကျွမ်းခဲ့ကြောင်းနှင့် ဆုံးရှုံးမှုတန်ဖိုးမှာ ငွေကျပ် ၆သိန်း ၅သောင်းခန့်ရှိကြောင်း သိရသည်။

စောကလျာ(ထီးချိုင့်)

ဖခင်အမည်မှန်

ဆောမြို့၊ အခြေခံပညာအထက်တန်းကျောင်း၊ နဝမတန်း(က)တွင် ပညာသင်ကြားလျက်ရှိသော မမိုးသဥ္ဇာထက်၏ ဖခင်အမည်မှန်မှာ ဦးသာချို(ခ)ဦးမိုးဇော်ထွဋ် ၈/ဆဖန(နိုင်)၀၄၉၈၂၂ ဖြစ်ပါကြောင်း။ **ဦးသာချို(ခ)ဦးမိုးဇော်ထွဋ်**

မြိုင်မြတ်ရတနာ သုံးထပ်ဆွမ်းစားကျောင်းဆောင်သစ် ရေစက်ချအလှူတော်မင်္ဂလာဖိတ်ကြားလွှာ

ရန်ကုန်တိုင်းဒေသကြီး၊ အလုံမြို့နယ်၊ နှင်းဆီလမ်းထိပ်၊ သဒ္ဓမ္မဝံသာရုံကျောင်းတိုက်အတွင်းရှိ ဆောက်လုပ်ပြီးစီးပြီးဖြစ်သော မြိုင်မြတ်ရတနာ သုံးထပ်ဆွမ်းစားကျောင်းဆောင်သစ် ရေစက်ချအလှူတော်မင်္ဂလာအခမ်းအနားအား (၁၃၇၅ ခုနှစ် တပေါင်းလဆန်း ၉ရက်) ၉-၃-၂၀၁၄ရက် (တနင်္ဂနွေနေ့)တွင် ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ရပ်နီး/ရပ်ဝေးကုသိုလ်ရှင်များ ကြွရောက်ကြည်ညိုနိုင်ပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

ဆွမ်းခံကျွေးမွေးချိန် - ၉း၀၀ နာရီမှ ၁၂း၀၀ နာရီအထိ
တရားနာချိန် - ၁း၀၀ နာရီ

အလှူတော်မင်္ဂလာဖြစ်မြောက်ရေးအဖွဲ့

အသိပေးကြေညာချက်

၁။ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၂)ရပ်ကွက်၊ ဗိုလ်မင်းရောင်လမ်းနှင့် မင်းရဲကျော်စွာလမ်းထောင့်ရှိ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ ဗိုလ်မင်းရောင် တန်ဖိုးမျှတအိမ်ရာစီမံကိန်းတွင် လေးခန်းတွဲ ရှစ်ထပ်တိုက် ၂၅လုံး ဆောင်ရွက်လျက်ရှိရာ အောက်ယှဉ်တွဲဖော်ပြပါ အခန်းအရေအတွက်နှင့် ဈေးနှုန်းများအတိုင်း ရောင်းချမည်ဖြစ်ပါသည်-

(က) U-900-Type-A ၉၆၁ ဒသမ၅ စတုရန်းပေ ၁၆၀ ခန်းရှိပြီး တစ်ခန်းလျှင် ကျပ် ၃၄၇ သိန်း
(ခ) U-600-Type-B ၆၁၈ စတုရန်းပေ ၆၄၀ ခန်းရှိပြီး တစ်ခန်းလျှင် ကျပ် ၂၅၅ သိန်း

၂။ အဆိုပါတိုက်ခန်းများအား နည်းလမ်းနှစ်သွယ်ဖြင့် ရောင်းချရန်ဖြစ်ပြီး နည်းလမ်း(၁)အရစ်ကျဝယ်ယူမှု၊ နည်းလမ်း(၂)ဘဏ်ချေးငွေဖြင့် ဝယ်ယူမှုတို့ဖြစ်ပါသည်။ ဘဏ်ချေးငွေမှာ လေးနှစ်အများဆုံး သတ်မှတ်ထားပါသည်။

၃။ တိုက်ခန်းဝယ်ယူသူများအနေဖြင့် အောက်ပါအတိုင်း လျှောက်ထားရမည်ဖြစ်ပါသည်-
(က) အစိုးရဝန်ထမ်းဖြစ်ပါက လုပ်သက်အနည်းဆုံး(၂၀)နှစ်ရှိရမည်ဖြစ်ပြီး အမှန်တကယ်နေထိုင်မည်ဖြစ်ကြောင်း သက်ဆိုင်ရာဌာနအကြီးအကဲ၏ ထောက်ခံချက်ပါရှိရမည်ဖြစ်ပါသည်။
(ခ) အခြားလျှောက်ထားမည့်သူများအနေဖြင့် နိုင်ငံသားမှတ်ပုံတင်ကိုင်ဆောင်သူ အိမ်ထောင်ဦးစီးဖြစ်ရပါမည်။
(ဂ) လျှောက်ထားမည့်သူ၏ မိသားစုလစဉ်ဝင်ငွေသည် အနည်းဆုံး ကျပ်သုံးသိန်းရှိရပါမည်။

၄။ ဗိုလ်မင်းရောင် တန်ဖိုးမျှတအိမ်ရာစီမံကိန်းအား ၂၀၁၃ခုနှစ်၊ ဇူလိုင်လတွင် စတင်ဆောင်ရွက်ခဲ့ပြီး စီမံကိန်းကာလ(၂)နှစ်ကြာမြင့်မည်ဖြစ်ပါသည်။ ယခုအခါ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ အစီအစဉ်ဖြင့် ပြည်သူလူထုသို့ ကြိုတင်ရောင်းချမည်ဖြစ်သဖြင့် ဖော်ပြပါစည်းကမ်းချက်များနှင့် ကိုက်ညီသူများသည် ၁၁-၄-၂၀၁၄ရက် နောက်ဆုံးထား၍ ဌာနမှူး၊ အင်ဂျင်နီယာဌာန(အဆောက်အအုံ)သို့ ကိုယ်တိုင်ရေးလက်ရေးမူလျှောက်လွှာဖြင့် လျှောက်ထားရမည်ဖြစ်ပြီး လက်ရေးနမူနာပုံစံဖြင့် ပူးတွဲရမည့်အချက်များအား အင်ဂျင်နီယာဌာန(အဆောက်အအုံ)၊ မြေညီထပ်ကြော်ငြာဘုတ်တွင် ကပ်ထားပေးမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

မှတ်ချက်။ ဗိုလ်ဇထူးတန်ဖိုးမျှတအိမ်ရာစီမံကိန်းရှိ တိုက်ခန်းဝယ်ယူခွင့် လျှောက်လွှာတင်ထားပြီးသူများ ထပ်မံလျှောက်ထားရန်မလိုပါ။ ဗိုလ်ဇထူးတန်ဖိုးမျှတအိမ်ရာစီမံကိန်းရှိ တိုက်ခန်းဝယ်ယူခွင့်ရရှိသူများအား ချန်လှပ်၍ ကျန်လျှောက်လွှာများအား ဗိုလ်မင်းရောင်တန်ဖိုးမျှတအိမ်ရာစီမံကိန်းတွင် ထည့်သွင်းဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။ **ဌာနမှူး၊ အင်ဂျင်နီယာဌာန(အဆောက်အအုံ)**

ကန့်ကွက်နိုင်ပါကြောင်း

လှိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂၀/က+ခ၊ မြေကွက်အမှတ် ၃၅၂၊ မြေကွက်တည်နေရာအမှတ် ၆၉၊ ၈ လမ်း၊ ၁၆ ရပ်ကွက်၊ ဒေါ်မြင့်မြင့်စိန် အမည်ပေါက် နှစ်၆၀မြေငှားဂရန်မြေအား အမည်ပေါက် ဒေါ်မြင့်မြင့်စိန်(ခ)ဒေါ်တင်ရီ၊ ခင်ပွန်း ဦးသိန်းမြင့်နှင့် သားဦးသော်မင်းတို့ ကွယ်လွန်သဖြင့် ဒေါ်စိုးစိုးမြင့် ၁၂/လမန(နိုင်)၀၁၃၁၉၀၊ ဒေါ်ခင်ချိုမြင့် ၁၂/လမန(နိုင်)၀၁၃၁၈၉၊ ဒေါ်ထွေးထွေးမြင့် ၁၂/လမန(နိုင်)၁၀၉၆၁၆တို့သုံးဦးက သမီးများတော်စပ်ကြောင်းနှင့် ဒေါ်တင်တင်ခိုင် ၁၂/မရက(နိုင်)၀၂၅၃၄၇က ကွယ်လွန်သူ ဦးသော်မင်း၏တစ်ဦးတည်းသော တရားဝင်ဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ ဒေါ်တင်တင်ခိုင်၊ ဒေါ်စိုးစိုးမြင့်၊ ဒေါ်ခင်ချိုမြင့်နှင့် ဒေါ်ထွေးထွေးမြင့်တို့မှ ဦးကျော်သန်းဦးသို့လွှဲအပ်ထားသော ကိုယ်စားလှယ်လွှဲစာအမှတ် ၁၅၂၉၂/၂၆-၈-၂၀၁၃ တို့တင်ပြ၍ ဦးကျော်သန်းဦး ၁၂/လကန(နိုင်)၀၀၃၆၀၈ က အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၂)ရပ်ကွက်၊ တိုက် ၃၀၆/၇၊ ရန်အောင်လမ်းသွယ်(၂)၊ အရှေ့ရန်ကင်းတွင်နေထိုင်သော ဒေါ်ခင်မိမိထွန်း၏မောင်၊ ဦးထင်ကျော်ထွန်း၏အစ်ကို ဦးဇော်မင်းထွန်း ၁၂/ရကန(နိုင်)၀၁၅၂၇၅ မှာ မိဘများကွယ်လွန်ပြီးနောက်ပိုင်း ကျွန်မ၏ဆိုဆုံးမမှုများကို နာခံမှုမရှိ၊ နေ့စဉ်ထောက်ပံ့ပေးနေမှုများကို ရောင့်ရဲမှုမရှိဘဲ ကိုယ်ထိလက်ရောက် ကျူးလွန်မှုများ ရှိလာပါသောကြောင့် ၎င်းနှင့်ပတ်သက်သော ပြဿနာအရှုပ်အရှင်းတစ်စုံတစ်ရာဖြစ်ပေါ်လာလျှင် ကျွန်မအနေဖြင့် တာဝန်ယူဖြေရှင်းပေးမည် မဟုတ်တော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်ခင်မိမိထွန်း ၁၂/ရကန(နိုင်)၀၄၄၀၂၅

ကန့်ကွက်နိုင်ပါကြောင်း

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (စ)၊ မြေကွက်အမှတ် ၄၀၉/ခ၊ မြေကွက်တည်နေရာအမှတ် ၄၀၉/ခ၊ သန္တာ ၆ လမ်း၊ (စ)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ဦးတင် ၁၂/ဥကမ(နိုင်)၀၆၉၅၈၃ အမည်ပေါက် နှစ်၆၀ဂရန်မြေအား အမည်ပေါက် ဖခင်ဦးတင်၊ မိခင်ဒေါ်ငယ်၊ သားဖြစ်သူ ဦးကြည်လင်း(လူပျိုကြီး)တို့ ကွယ်လွန်သဖြင့် ဦးကြည်ဝင်း ၁၂/ဥကမ(နိုင်)၀၆၉၉၀၂၊ ဒေါ်မြကြိုင် ၁၂/ဥကမ(နိုင်) ၀၆၈၈၄၇၊ ဦးလေးအောင် ၁၂/ဥကမ(နိုင်)၀၆၇၂၇၂၊ ဒေါ်မျိုးမျိုးအေး ၁၂/လသန(နိုင်)၀၀၈၉၈၆၊ ဒေါ်သန်းသန်းထွေး ၁၂/ဥကမ(နိုင်)၀၆၈၅၇၃၊ ဦးလှသောင်း ၁၂/ဥကမ(နိုင်)၁၃၆၄၁၂၊ ဦးကျော်မင်းထွေး ၁၂/ဥကမ(နိုင်)၁၆၁၉၅၂ တို့က သားသမီးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်းတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် စွန့်လွှတ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

ပုသိမ်ကြီးမြို့နယ်အတွင်း ကျေးလက်မီးလင်းရေးဆွေးနွေး

ပုသိမ်ကြီး မတ် ၄

မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ်အတွင်း ကျေးရွာမီးလင်းရေးလုပ်ငန်းများ ညှိနှိုင်းအစည်းအဝေးကို မတ် ၂ ရက်က ကျင်းပရာ မန္တလေးတိုင်းဒေသကြီး လျှပ်စစ်နှင့်စက်မှုလက်မှုဝန်ကြီး ဦးကျော်မြင့်၊ လွှတ်တော်ကိုယ်စားလှယ် ဦးရွှေသန်း၊ ဒုတိယတိုင်း လျှပ်စစ်အင်ဂျင်နီယာ ဦးစိန်ဝင်းမြင့်နှင့် မြို့နယ်တာဝန်ရှိသူများ သုံးထပ်စက်ဝိုင်း စက်မှုလုပ်ငန်းကုမ္ပဏီ တာဝန်ခံဦးကျော်ဝင်း၊ မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ၄၃ စုမှ လျှပ်စစ်မီးလင်းရေးကော်မတီဝင်များ တက်ရောက်ဆွေးနွေးခဲ့ကြသည်။

တိုင်းဒေသကြီး လျှပ်စစ်နှင့်စက်မှုလက်မှုဝန်ကြီး ဦးကျော်မြင့်က ပုသိမ်ကြီးမြို့နယ်အတွင်းရှိ လျှပ်စစ်မီးမရှိသေးသော ကျေးရွာများအတွက် ကိုယ့်အားကိုယ်ကိုးစနစ်ဖြင့် အတူပါဝင်ကြိုးပမ်းသွားမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။ မီးမရှိသေးသော ကျေးရွာများမှ တင်ပြချက်များကိုလည်း ဝန်ကြီးက တာဝန်ရှိသူများနှင့် ညှိနှိုင်းပေးခဲ့သည်။

ပုသိမ်ကြီးမြို့နယ်အတွင်း ကျေးရွာမီးလင်းရေးဆောင်ရွက်ထားရှိမှုမှာ ဓာတ်အားစနစ်ဖြင့် မီးလင်းပြီးကျေးရွာ ၈၅ ရွာ၊ ဓာတ်အားစနစ်ဖြင့် တည်ဆောက်ဆဲကျေးရွာသုံးရွာ၊ ဓာတ်အားစနစ်မှ အဆိုပြုကျေးရွာသုံးရွာ၊ ဓာတ်အားလိုင်းဖြင့် နှစ်မိုင်အကွာအဝေးရှိ ကျေးရွာ ၁၉ ရွာ၊ တိုင်းဒေသကြီး အစိုးရချေးငွေ ဒီဇယ်အင်ဂျင်ဖြင့် မီးလင်းပြီး ကျေးရွာရှစ်ရွာ၊ ဒီဇယ် ပုဂ္ဂလိကမီးစက်ဖြင့် မီးလင်းပြီး ကျေးရွာ ၁၀ ရွာ၊ ဆိုလာဖြင့် မီးလင်းပြီးကျေးရွာသုံးရွာ၊ ဂျိုက်ကာအစီအစဉ်ဖြင့် မီးလင်းသည့်ကျေးရွာတစ်ရွာ၊ အခြားနည်းဖြင့် မီးလင်းရေးဆောင်ရွက်မည့် ကျေးရွာရှစ်ရွာ စုစုပေါင်း ရွာ ၁၄၀ဖြစ်ပြီး မီးလင်းရန် ၂၈ ရွာ ကျန်ရှိနေသေးကြောင်း သိရသည်။ **အောင်ကျော်ထွန်း(ပုသိမ်ကြီး)**

သတင်းတိုများ

ကျိုက်မှော်ဝန်းရေလယ်စေတီတော် (၁၀၄)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်ကျင်းပ

ရန်ကုန်တောင်ပိုင်းခရိုင် ကျောက်တန်းမြို့နယ်၌ ရှေးဟောင်းသမိုင်းဝင် ကျိုက်မှော်ဝန်းရေလယ်စေတီတော် (၁၀၄)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော် ဖွင့်ပွဲကို မတ် ၃ ရက်က ကျင်းပသည်။

အဆိုပါဖွင့်ပွဲသို့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးအောင်ကျော်ခင်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးထွန်းလှနှင့် တာဝန်ရှိသူများက ဖွင့်လှစ်ပေးခဲ့သည်။ ဘုရားပွဲတော်ကို မတ် ၃ ရက်မှ ၁၅ ရက်အထိ ကျင်းပမည်ဖြစ်သည်။ ကျိုက်မှော်ဝန်းရေလယ်စေတီတော်မှာ ရန်ကုန်မြို့မှ သွားလာရေးလွယ်ကူသဖြင့် ဘုရားဖူးများနှင့်နိုင်ငံခြားသား ခရီးသည်များ လာရောက်မှုမြင့်တက်လျက်ရှိသည်။ **(မြို့နယ် ပြန်/ဆက်)**

စဉ့်ကိုင်မြို့နယ်၌ ငွေကျပ် ၁၀၀၈ သိန်း ကုန်ကျသည့် ကျောင်းဆောင်သစ် ဆောက်လုပ်

စဉ့်ကိုင် မတ် ၄

စဉ့်ကိုင်မြို့နယ် ငင်းငူအထက်တန်းကျောင်းခွဲ နှစ်ထပ်ကျောင်းဆောင်သစ်ကို ပညာရေးဝန်ကြီးဌာန၏ ခွင့်ပြုရန်ပုံငွေကျပ်သိန်း ၁၀၀၈ သိန်း အကုန်အကျခံဆောက်လုပ်ခဲ့ရာ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်သည်။

စဉ့်ကိုင်မြို့ အနောက်ဘက် ခြောက်မိုင်အကွာတွင် တည်ရှိပြီး ကြက်လျှာ၊ စော်ရဲ၊ သစ်ခေါက်၊ ဝန်းသို၊ ထန်းတောကျေးရွာများမှ ကျောင်းသားကျောင်းသူ ၇၀၆ ဦး တက်ရောက်သင်ကြားလျက်ရှိသည်။

"ကျောင်းသားနဲ့ ကျောင်းအနေအထားမျှတပြီး နောက်နှစ်မှာ အထက်တန်းကျောင်းခွဲကနေ အထက်တန်းကျောင်း တိုးမြှင့်လျှောက်သွားမှာပါ။ အထက်တန်းကျောင်း ဖြစ်ခဲ့ရင် အနောက်ဘက်တစ်နယ်လုံး ပညာသင်ကြားနိုင်ပါပြီ။ လမ်းပန်းဆက်သွယ်ရေးခက်ခဲလို့ အထက်တန်းကျောင်းရှိတာ အလွန်အဆင်ပြေတယ်" ဟု ကျောင်းအုပ်ဆရာကြီး ဦးစိုးဦးက ပြောကြားသည်။ **(၄၁၁)**

မြိတ်မြို့၌ ဆိပ်ခံဘောတံတားတည်ဆောက်မှု ၅၀ ရာခိုင်နှုန်းပြီးစီး

မြိတ် မတ် ၄

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့သည် ပင်လယ်ဆိပ်ကမ်းမြို့တစ်မြို့ဖြစ်ပြီး ရေလမ်းခရီးမှ ကုန်သွယ်မှုဖြင့် အသက်မွေးလုပ်ကိုင်သူများ နေ့စဉ်နှင့်အမျှ ပိုမိုများပြားလာသဖြင့် လက်ရှိ ဆိပ်ခံဘောတံတားများအနက် နောက်လယ်အမှတ်(၁)ဘောတံတားကို တိုးချဲ့ဆောက်လုပ်လျက်ရှိရာ ယခုအခါ ဘောတံတားကြမ်းခင်းကို ကွန်ကရစ်လောင်းခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း မတ် ၂ ရက်က တွေ့ရှိရပြီး လုပ်ငန်းပြီးစီးမှုမှာ ၅၀ ရာခိုင်နှုန်းရှိနေပြီဖြစ်ကြောင်း ပို့ဆောင်ရေးဝန်ကြီးဌာန၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင် တိုင်းဒေသကြီး ဆိပ်ကမ်းအရာရှိရုံးမှ သိရသည်။

မြိတ်မြို့ ယောကြီးဝဘောတံတား၊ ဆိပ်ငယ်ဘောတံတားနှင့် နောက်လယ်ဘောတံတားများအနက် နောက်လယ်အမှတ်(၁)ဘောတံတား၊ သံကူကွန်ကရစ်ချဉ်းကပ်လမ်း မူလအရှည် ၁၅ ပေရှိရာ ယခုအခါ အရှည် ၄၈ ပေ အထိ တိုးချဲ့ဆောက်လုပ်မည်ဖြစ်ပြီး တံတားချဉ်းကပ်လမ်း တိုးချဲ့ခြင်းလုပ်ငန်းများနှင့်အတူ နုန်းတင်မြေများ တူးဖော်ရှင်းလင်းခြင်းလုပ်ငန်းများလည်း ပြုလုပ်လျက်ရှိသည်။ ထို့အပြင် ခရီးသည်နှင့်ကုန်တင်လှေငယ်များ ကုန်တင်ကုန်ချသွားလာရေး ပိုမိုအဆင်ပြေစေရန် အဆိုပါ ဆိပ်ခံဘောတံတားတွင် အလျား ပေ ၁၂၀၊ အနံ ပေ ၂၀ရှိသော ဆိပ်ခံဘောတံတားကို တပ်ဆင်အသုံးပြုသွားမည်ဖြစ်ကြောင်း သိရသည်။ **မိုးဟိန်း(မြိတ်)**

တနင်္သာရီတိုင်းဒေသကြီး၏ ကုန်စည်ကူးသန်းရောင်းဝယ်ရေးတွင် ရေလမ်းခရီးကို အဓိကအားထားကြသဖြင့် ဆိပ်ခံဘောတံတားကောင်းမွန်ရေး လိုအပ်သည်။

မြိတ်မြို့၌ သောက်ရေသန့်ဈေးနှုန်းများ မြင့်တက်

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့တွင် သောက်ရေသန့်ဈေးနှုန်းများ မြင့်တက်လျက်ရှိကြောင်း သုံးစွဲသူများထံက သိရသည်။ ဇင်ယော်မင်း၊ ကျောက်ဆူး၊ တော်ဝင်နှင့်နယူးဝါးတား စသည့် သောက်ရေသန့်စက်ရုံများရှိရာ နယူးဝါးတားသောက်ရေသန့်မှ အထွေထွေအသုံးစရိတ်များ မြင့်တက်လာသည့်အတွက် ယခင်က ၂၀ လီတာပါ သောက်ရေသန့်ဘူးကြီးကို ငွေကျပ် ၃၀၀ နှုန်းဖြင့် ရောင်းချပေးခဲ့သော်လည်း ယခုအခါ ငွေကျပ် ၃၅၀ ဖြင့် ရောင်းချလျက်ရှိသည်။ "အရင်ကလည်း ဒီဇယ်ဈေးတက်လို့ ရေသန့်ဈေးနှုန်းတက်ခဲ့တယ်။ အခုလည်း ဈေးတွေမြင့်တက်လာပြန်ပြီ"ဟု ဝယ်ယူသုံးစွဲသူတစ်ဦးက ပြောကြားသည်။ မြိတ်မြို့ရှိ ဒေသခံအများစုမှာ သောက်ရေအတွက် ရေသန့်ဘူးများကို သုံးစွဲကြသည်။ **မိုးဟိန်း(မြိတ်)**

ဖျာပုံမြို့နယ် ပညာကဝိစာကြည့်တိုက်သို့ ပရိဘောဂနှင့် စာအုပ်စာစောင်လှူဒါန်း

ဖျာပုံမြို့နယ်၊ သလိပ်ကြီးကျေးရွာ၊ ပညာကဝိ စာကြည့်တိုက်သို့ ရန်ကုန်မြို့နေ မွေးမြူရေး၊ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန ပညာရှင်အကြံပေး ဒေါက်တာအောင်ကြီး မိသားစုမှ ရုပ်မြင်သံကြား ပြစက်၊ ဆက်တီတစ်စုံ၊ တိုင်ကပ်နာရီတစ်လုံး၊ စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းပွဲ ကို မတ် ၂ ရက်က ကျင်းပရာ ဖျာပုံခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ခရိုင်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဒုတိယ မြို့နယ် အုပ်ချုပ်ရေးမှူး၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိနှင့်ဝန်ထမ်းများ၊ ကျေးရွာစာကြည့်တိုက်ကော်မတီဝင်များ ကျေးရွာသူကျေးရွာသားများတက်ရောက်ကြသည်။ ၂၀၁၁ ခုနှစ်က ဒေါက်တာအောင်ကြီး နှင့်မိသားစု မှ ဆောက်လုပ်လှူဒါန်းထားသော စာကြည့်တိုက်ဖြစ်သည်။ ယခုအကြိမ်ထပ်မံ၍ စာကြည့်တိုက်အတွက် တီဗွီ၊ ပရိဘောဂနှင့် စာအုပ်စာစောင်များ လှူဒါန်းခြင်းဖြစ်သည်။ **(မြို့နယ်ပြန်/ဆက်)**

ပုဂံဈေးသစ်ဆိုင်ခန်းများ ဝယ်ယူနိုင်ကြောင်းကြော်ငြာစာ

ညောင်ဦးမြို့နယ် ပုဂံမြို့၊ ပုဂံဈေးသစ်ကြီးအား ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီလမှ စတင်ဆောက်လုပ်လျက်ရှိပါသည်။ ပုဂံဈေးသစ် ဆိုင်ခန်းများအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် လေလံတင်ရောင်းချမည် ဖြစ်ရာ စိတ်ပါဝင်စားသူ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား မည်သူမဆို ၅-၃-၂၀၁၄ ရက်မှ ၃၁-၃-၂၀၁၄ ရက်အတွင်း လာရောက်လျှောက်ထားနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

မှတ်ချက်- စုံစမ်းရန် ဖုန်းနံပါတ်များ ၀၆၁-၆၁၁၃၅၊ ၀၆၁-၆၀၂၇၃၊ ၀၉-၂၀၄၅၇၀၂၊ ၀၉-၂၀၄၂၀၀၅၊ ၀၉-၂၃၀၅၁၄၉၊ ၀၉-၄၀၁၅၁၂၆၃၅

ပုဂံဈေးသစ်ဆောက်လုပ်ရေးကြီးကြပ်မှုကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၉၊ မြေကွက်အမှတ်၉၄၃/ခ၊ မြေကွက်တည်နေရာအမှတ် (၉၄၃/ခ)၊ ရတနာပုံ ၈လမ်း၊ (၉)ရပ်ကွက်၊ သာကေတမြို့နယ် ဦးကျော်တင့်အမည်ပေါက် နှစ်၆၀ဂရန်မြေ အား ဦးအောင်နိုင်ဝင်းမှ ဦးကျော်တင့်အား သာကေတမြို့နယ်တရားရုံး၌ (၂၀၁၃)ခုနှစ် တရားမကြီးမှုအမှတ်(၆၁)ဖြင့် အရောင်းအဝယ်စာချုပ်ရန် တရားစွဲဆိုခဲ့ပြီးယင်းရုံး၌ ဇာရီမှုအမှတ် (၃/၂၀၁၄)အရ တရားရုံး ကိုယ်စားဘိလစ်ဒေါ်တင်မေလွင် ၁၂/ဗဟန(နိုင်)၀၂၀၈၆၇မှ ဂရန်မူရင်းတင်ပြ၍ အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများနှင့်အတူ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

စမ်းချောင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၈E၊ မြေကွက်အမှတ် ၇၄ F/၄၊ မြေကွက်တည်နေရာအမှတ်-၃၁၃-ဘီ၊ ပြည်လမ်း၊ စမ်းချောင်းမြို့နယ် ဦးမျိုးအောင်အမည်ပေါက်မြေပိုင်မြေအား ဦးမျိုးအောင်နှင့်ဒေါ်မြင့်မြင့်တို့ကွယ်လွန်သဖြင့် ဦးကျော်မျိုးအောင် ၁၂/စခန(နိုင်)၀၂၂၆၃၃က သားတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်းတို့တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၉၊ မြေကွက်အမှတ်(၉၄၃/က)၊ မြေကွက်တည်နေရာအမှတ် (၉၄၃/က)၊ ရတနာပုံ ၈လမ်း၊ (၉)ရပ်ကွက်၊ သာကေတမြို့နယ် ဦးအုန်းမောင်အမည်ပေါက် နှစ်၆၀ ဂရန်မြေအား ဦးအောင်နိုင်ဝင်းမှ ဦးအုန်းမောင်အား သာကေတမြို့နယ် တရားရုံး၌ ၂၀၁၃ ခုနှစ် တရားမကြီးမှုအမှတ် ၆၂ဖြင့် အရောင်းအဝယ်စာချုပ်ရန် တရားစွဲဆိုခဲ့ပြီး ၉-၁၂-၂၀၁၃ရက်တွင် ရရှိသည့်အနိုင်ဒီကရီ ယင်းရုံး၏ဇာရီမှုအမှတ် (၂/၂၀၁၄) အမိန့်အရ တရားရုံးကိုယ်စား ဘိလစ် ဒေါ်တင်မေလွင် ၁၂/ဗဟန(နိုင်)၀၂၀၈၆၇မှ တရားရုံးအမိန့်များနှင့် ဂရန်မူရင်းတင်ပြ၍ အရောင်းအဝယ်စာချုပ်ရန် မြေပုံကူး လျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများနှင့်အတူ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၃/ဇေယျာသီရိ၊ မြေကွက်အမှတ် ၄၃၂၊ မြေကွက်တည်နေရာအမှတ် ၃၂၊ ဇေယျာသီရိ ၃လမ်း၊ ဇေယျာသီရိရပ်ကွက်၊ ဒေါပုံမြို့နယ် ဒေါ်မေရီ-ဦးလှမြင့် အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား ဒေါ်ခိုင်ဥမ္မာမြင့်နှင့် ဒေါ်ရှုရှဲမဒီတို့မှ ဒေါပုံမြို့နယ်တရားရုံး၏ ၂၀၁၂ ခုနှစ် တရားမကြီးမှု(၈/၂၀၁၂)ဖြင့် ဒေါ်မေရီနှင့် ဦးလှမြင့်အား အိမ်နှင့်မြေအရောင်းအဝယ်စာချုပ်ရန် တရားစွဲဆိုခဲ့ပြီး ၂၂-၅-၂၀၁၂ ရက်စွဲပါ စီရင်ချက်အမိန့်အရ အနိုင်ဒီကရီရရှိခဲ့ပြီး ယင်းရုံး၏ဇာရီမှုအမှတ် (၄/၂၀၁၂)အရ တရားရုံးကိုယ်စား ဘိလစ် ဦးဆောင်းလွှင်ဦး ၁၂/တမန(နိုင်)၀၂၉၅၃၁မှ တရားရုံးဒီကရီများနှင့် ဂရန်မူရင်းများတင်ပြ၍ အရောင်းအဝယ်စာချုပ်ရန် မြေပုံကူး လျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများတင်ပြ၍ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄/တောင်၊ မြေကွက်အမှတ် ၃၆၁/ခ၊ မြေကွက်တည်နေရာအမှတ် (၃၆၁/ခ)၊ မေယု ၄ လမ်း၊ (၄/တောင်)ရပ်ကွက်၊ သာကေတမြို့နယ် ဦးတင်ရွှေအမည်ပေါက် နှစ်၆၀ဂရန်မြေအား ဦးကချင်ဒရမ်း (ခ)ဦးလှမြင့်မှ အမည်ပေါက် ဦးတင်ရွှေအား သာကေတမြို့နယ်တရားရုံး၌ ၂၀၁၃ခုနှစ် တရားမကြီးမှုအမှတ် ၆၄ ဖြင့် အရောင်းအဝယ်စာချုပ်ရန် တရားစွဲဆိုခဲ့ပြီးရရှိသည့် အနိုင်ဒီကရီနှင့် ယင်းရုံး၏ဇာရီမှု အမှတ် (၁/၂၀၁၄)အမိန့်အရ တရားရုံးကိုယ်စား ဘိလစ် ဒေါ်တင်မေလွင် ၁၂/ဗဟန(နိုင်)၀၂၀၈၆၇မှ ဂရန်မူရင်းတင်ပြ၍ အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများနှင့်အတူ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

၈-၂-၂၀၁၄ရက်စွဲပါ သားဖြစ်သူ ဦးဇော်မင်းကျော်နှင့်
တရားလွှတ်တော်ရှေ့နေ
ဒေါ်ခင်ကြည်တို့၏ မြန်မာ့အလင်းသတင်းစာ စာ(၂၂)ဖြင့်
သွာနုတ္တသားအဖြစ် အမွေပြတ်စွန့်လွှတ်ခြင်းအပေါ်
ပြန်လည်ရုပ်သိမ်းပေးပါရန် ဖြေရှင်း ကြေညာချက်နှင့်စပ်လျဉ်း၍
အများသိစေရန် ပြန်လည်ရှင်းလင်းကြေညာခြင်း

သားဖြစ်သူ ဦးဇော်မင်းကျော်သည် မိခင်ဖြစ်သူ ကျွန်မ၏ပြောဆိုဆုံးမမှုကို မနာခံဘဲ သေစေသည်အထိ စိတ်ဆင်းရဲ၊ ကိုယ်ဆင်းရဲဖြစ်စေအောင် အမျိုးမျိုးပြုမူ ဆောင်ရွက်ခဲ့သည့်အပြင် ကျန်မောင်နှမများကိုလည်း ကိုယ်ထိလက်ရောက် ကျူးလွန်စော်ကားမှုများ ပြုလာသည့်အတွက် သွာနုတ္တသားအဖြစ် အမွေပြတ်စွန့်လွှတ်ကြောင်းကို ၄-၁-၂၀၁၄ရက်စွဲဖြင့် မြန်မာ့အလင်းသတင်းစာတွင် ကျွန်မကိုယ်တိုင်ကြေညာခဲ့ပါသည်။

ထိုကြေညာချက်သည် ကျွန်မ၏သဘောဆန္ဒရင်းအမှန်အတိုင်း ရင်ထဲတွင် မခံစားနိုင်တော့သည့်အတွက် ကိုယ်တိုင်ကြေညာခဲ့ခြင်းဖြစ်ပြီး သမီးကြီးဒေါ်မိုးမိုးကျော်အပါအဝင် ကျန်မောင်နှမများအားလုံး၏သွေးဆောင်/ဖြားယောင်း/အနိုင်အထက်ပြုမှု ပယောဂတစ်စုံတစ်ရာမျှ ပါရှိခြင်းမရှိဘဲ ကြေညာခဲ့ခြင်းသာဖြစ်ပါသည်။

၈-၂-၂၀၁၄ရက်စွဲပါ သားဖြစ်သူနှင့် ၎င်းရှေ့နေတို့မှ ပြန်လည်ဖြေရှင်းချက်များသည် တစ်ဖက်သတ်လိုရာဆွဲကာ ဖြစ်စဉ်ဖြစ်ရပ်အမှန်များအား ဖုံးကွယ်ပြီးဖြေရှင်းထားသည့်အတွက် ကျွန်မနှင့်ကျန်သားသမီး ဆွေမျိုးအသိုင်းအဝိုင်း၏ ဂုဏ်သရေသိက္ခာကိုပင် ထိခိုက်လာသည့်အတွက် ထိုဖြေရှင်းကြေညာချက်အား ပြန်လည်ရုပ်သိမ်းပေးရန်လည်း အများသိစေရန် ကြေညာပါသည်။ ထိုဖြေရှင်းချက်တွင် ဖော်ပြထားသည့်ကိစ္စအဝဝအပြင် သားဖြစ်သူ ကိုယ်တိုင်ကျွန်မနှင့် ကျန်မောင်နှမများထံမှ (ရယူထားသော/ပေးဆပ်ထားသော)ငွေ အပေးအယူကိစ္စအဝဝတို့ကိုလည်း ရှင်းလင်းလိုပါက ကျွန်မနှင့် တိုက်ရိုက်အချိန်မရွေး ရှင်းလင်းနိုင်ပါကြောင်းနှင့် ကျွန်မ၏သွာနုတ္တသားအဖြစ် အမွေပြတ်စွန့်လွှတ်ကြောင်းကိုလည်း ရုပ်သိမ်းစရာမရှိ ထပ်မံအတည်ပြုကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

မိခင်-ဒေါ်ခင်စန်းလွင် ၃/ဘအန(နိုင်)၀၂၇၁၄၃
အမှတ် ၂/၂၈၆၊ ဈေးတန်းလမ်း၊ (၂)ရပ်ကွက်၊ ဘားအံမြို့

တောင်တွင်းကြီးမြို့နယ် ကုက္ကိုခွကျေးရွာထွက် မြေအိုးများ ဈေးကွက်ဝင်၍ လူကြိုက်များ

တောင်တွင်းကြီး မတ် ၄

တောင်တွင်းကြီးမြို့နယ် ကုက္ကိုခွကျေးရွာမှ ပြုလုပ်သော သောက်ရေမြေအိုးများ မကွေးမြေထည်ဈေးကွက်တွင် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရသည်။ ကုက္ကိုခွကျေးရွာသည် ပျူခေတ် ဗိဿနိုးမြို့ဟောင်း အနီးတွင်တည်ရှိပြီး ရှေးနှစ်ပေါင်းများစွာကတည်းက အိုးလုပ်ငန်း လုပ်ကိုင်ခဲ့သည့် သမိုင်းအစဉ်အလာလည်း ရှိခဲ့သည်။ ဗိဿနိုး မြို့ဟောင်းဧရိယာအတွင်းရှိ အိုးထိန်းတောင် ရှေးဟောင်းတောင်ကုန်းတွင် တိရစ္ဆာန်ရုပ်၊ ပန်းကနုတ်သဏ္ဌာန်နှင့် ဖောင်းရစ်တန်ဆာဖော်ထားပြီး အိုးထိန်းစက်ဖြင့် ပုံသွင်းထားသောအဆင့်မြင့်နည်းပညာသုံး အိုးများကို တွေ့ရ၍ ရှေးပျူအိုးအတတ်ပညာထွန်းကားခဲ့ကြောင်းလည်း သိနိုင်သည်။ ယခုအခါ ကုက္ကိုခွကျေးရွာတွင် ယခင်ကကဲ့သို့ မြေအိုးလုပ်ငန်းလုပ်ကိုင်သူနည်းပါးသွားသော်လည်း မိသားစုတစ်ပိုင်တစ်နိုင်လုပ်ငန်းအဖြစ် လုပ်ကိုင်လျက်ရှိပြီး မြေအိုး၊ မြူအိုး၊ ညောင်ရေအိုး၊ ဟင်းချက်အိုးများကို အဓိကပြုလုပ်ကြသည်။ တစ်ခါဖုတ်လျှင် အလုံးရေ ၅၀၀ မှ ၁၀၀၀ အထိ လိုအပ်သလောက်ဖုတ်ရပြီး လောင်စာအဖြစ် ထင်းအပြင် နွားချေးခြောက်နှင့် ကောက်ရိုးတို့ကို သုံး၍ရကြောင်း၊ တစ်ရက်လျှင် အိုးအလုံးရေ ၂၀၀ ခန့် ပြီးစီးကြောင်း သိရသည်။

"မိဘဘိုးဘွားလက်ထက်ကတည်းက အိုးဖုတ်လုပ်ငန်းကို တစ်ရွာလုံး လုပ်ခဲ့ပေမယ့် ယခုလုပ်ကိုင်သူနည်းလာတယ်။ ခေတ်တွေ ဘယ်လိုပဲ တိုးတက်ပြောင်းလဲပါစေ သောက်ရေမြေအိုးကိုအသုံးပြုတဲ့ မြန်မာ့ဓလေ့ကတော့ ပျောက်ကွယ်သွားမှာမဟုတ်ဘူး"ဟု ကုက္ကိုခွကျေးရွာမှ အိုးလုပ်ငန်းရှင်တစ်ဦးက ပြောပြသည်။ အဆိုပါအိုးများကို တောင်တွင်းကြီး၊ မကွေး၊ မင်းဘူးမြို့များသို့ တင်ပို့ရောင်းချလျက်ရှိသည်။ **ကျော်စွာ(မကွေး)**

ကမ္ဘာကျော်အမှတ်တံဆိပ်များကို တင်သွင်းမှုနှင့် ထုတ်လုပ်မှုများ ပြုလုပ်ရန် ရင်းနှီးမြှုပ်နှံသူများက စိတ်ဝင်စားလျက်ရှိသည်။ ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

တိုယိုတာကားများ အလွယ်တကူ ဝယ်စီးနိုင်တော့မည်

ရန်ကုန် မတ် ၄

ပြုပြင်ပြောင်းလဲမှုများစွာ ဆောင်ရွက်ခဲ့သည့် မြန်မာနိုင်ငံတွင် ပြည်သူများအတွက် ထူးခြားသော ဖြေလျှော့ပေးမှုများ ပြုလုပ်ခဲ့ရာ ပြည်ပမှ မော်တော်ကားများ တင်သွင်းခွင့်ပြုခဲ့မှုလည်း ပါဝင်ခဲ့သည်။ ထိုသို့ ပြည်ပမှ မော်တော်ယာဉ်များ တင်သွင်းခဲ့ရာ အထူးသဖြင့် ဂျပန်နိုင်ငံထုတ်ကားများဖြစ်သည်။ ယခုအခါ ဂျပန်ထုတ် တိုယိုတာကားများကို မြန်မာနိုင်ငံတွင် မတ် ၂ ရက်မှ စတင်ကာ အရောင်းပြခန်းဖွင့်လှစ်ရောင်းချတော့မည် ဖြစ်သည်။

တိုယိုတာကားများကို ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကမ္ဘာအေးဘုရားလမ်း အမှတ်-၈၇(A)၌ အေးနှင့် သားများဝန်ဆောင်မှုလီမိတက်က တာဝန်ယူခင်းကျင်းပြသ ရောင်းချမည်ဖြစ်ရာ တိုယိုတာ Prado နှင့် Hilux model များကို ပြည်သူများ စိတ်ကြိုက်ရွေးချယ်နိုင်မည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် ပြည်ပမှ ကားတင်သွင်းခွင့်ကို နိုင်ငံတော်က ခွင့်ပြုပေးခဲ့သဖြင့် ပြည်တွင်းသို့ ပြည်ပမှ ကားအစီးရေပေါင်း နှစ်သိန်းကျော် တင်သွင်းခဲ့ရာ ယင်းကားများအနက် ဂျပန်နိုင်ငံထုတ် တိုယိုတာအမျိုးအစားကားများမှာ ၈၀ ရာခိုင်နှုန်းခန့်ရှိသည်။ မြန်မာနိုင်ငံမှ ကားစီးသူများသည် တိုယိုတာအမျိုးအစားကားကို ဦးစားပေးရွေးချယ်ဝယ်ယူ သုံးစွဲလေ့ရှိကြသည်။

ယခုအခါ ပြည်ပမှ အခက်အခဲများစွာ အချိန်ကုန် စိတ်ပင်ပန်းခံကာ ဂျပန်တိုယိုတာကားများကို ဝယ်ယူရန်မလိုတော့ဘဲ ရန်ကုန်၌သာ အလွယ်တကူဝယ်ယူနိုင်ပြီ ဖြစ်သလို ကားများ ပြုပြင်ဝန်ဆောင်ခြင်းကိုလည်း ပြုလုပ်ပေးသွားမည်ဖြစ်ရာ အဆင်ပြေလွယ်ကူလှသည်။

ထို့ကြောင့် မြန်မာနိုင်ငံတစ်ဝန်း တိုယိုတာကား အရောင်းပြခန်းများ ထပ်မံဖွင့်လှစ်ရန် စီစဉ်လျက်ရှိရာ တိုယိုတာကားများကို မြန်မာပြည်သူများ နေရာအနှံ့ ဝယ်ယူအသုံးပြုမောင်းနှင်စီးနင်းနိုင်ကြတော့မည် ဖြစ်သည်။

လင်းအာကာ

ပျော်ပွဲရွှင်ပွဲထောက်ခံချက်ပေးမှု စာမေးပွဲကာလအတွင်း ကန့်သတ်ထား

ရန်ကုန် မတ် ၄

ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ်တွင် တက္ကသိုလ်ဝင်စာမေးပွဲကာလအတွင်း ပျော်ပွဲရွှင်ပွဲများ ကျင်းပရန် ထောက်ခံချက်ပေးမည် မဟုတ်ဘဲရပ်ဆိုင်းထားကြောင်း ဒလမြို့နယ် အုံကြီးအရှေ့ရပ်ကွက်မှ ကိုမင်းစိုးနိုင်ထံမှ သိရသည်။ ယခုအခါ ပွင့်လင်းရာသီဖြစ်နေပြီး ပွဲတော်ရာသီလည်းဖြစ်နေသဖြင့် ရပ်ကွက်အလိုက် ဇာတ်ပွဲ၊ အငြိမ့်ပွဲ၊ ရုပ်ရှင်ပွဲများနှင့် နတ်ကန္နားပွဲများ ကျင်းပလေ့ရှိရာ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုမည့် ကျောင်းသား ကျောင်းသူများအတွက် အနှောင့်အယှက် မဖြစ်စေရန် ဆူညံမှု ဖြစ်စေမည့် မည်သည့် ပျော်ပွဲရွှင်ပွဲကိုမျှ ထောက်ခံချက် မပေးကြောင်း ဒလမြို့နယ် အုပ်ချုပ်ရေးမှူးရုံးမှ ထုတ်ပြန်ကြေညာထားခဲ့ခြင်း ဖြစ်သည်။

တက္ကသိုလ်ဝင် စာမေးပွဲများကို မတ် ၁၂ ရက်မှ ၂၁ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး ကျောင်းသားကျောင်းသူများ စာကျက်ရက်များအတွင်း စိတ်အေးချမ်းသာစွာ စာကျက်နိုင်ရေးအတွက် ဒလမြို့နယ်တွင် ပျော်ပွဲရွှင်ပွဲ ထောက်ခံချက်ပေးမှုကို ဖေဖော်ဝါရီ ၂၄ ရက်မှ စတင်ကန့်သတ်ထားခဲ့ကြောင်း သိရသည်။

မင်းသစ္စာလှိုင်(ကဒုံကနီ)

မိတ္ထီလာမြို့၌ သန်းခေါင်စာရင်းကောက်ယူရေးအတွက် အထက်မြန်မာပြည်လှုံ့ဆော်ရေးယာဉ် ဆိုက်ရောက်ဖျော်ဖြေ

မိတ္ထီလာ မတ် ၄

မိတ္ထီလာ၌ ၂၀၁၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေး လုပ်ငန်းတွင် ပြည်သူများအားလုံး ပါဝင်ကူညီဆောင်ရွက်ရေး ရည်ရွယ်ချက်ဖြင့် ဇာဂနာ၊ ငှက်ပျောကြော်၊ ဂေါ်ဇီလာ စသည့် အနုပညာရှင်များပါဝင်သည့် အထက်မြန်မာပြည် ဖျော်ဖြေရေးယာဉ်သည် မြို့မရပ် လွတ်လပ်ရေးပန်းခြံလမ်းမပေါ်၌ မတ်၂ ရက်က ဆိုက်ရောက်ဖျော်ဖြေရာ ဒေသခံပြည်သူများ စည်ကားသိုက်မြိုက်စွာ ကြည့်ရှုအားပေးခဲ့သည်။

ငှက်ပျောကြော်နှင့် ဂေါ်ဇီလာတို့က မိတ်ဆက်စကားဆိုပြီး ဖျော်ဖြေရေးတွင် တပ်ဆင်ထားသည့် LED ရုပ်သံပြစက်ဖြင့် ရှမ်းမလေး၏တစ်နေ့တာအမည်ရှိ သန်းခေါင်စာရင်းကောက်ယူရေး အသိပညာပေး ဇာတ်လမ်းတိုကိုပြသကာ ပျော်ရွှင်ဖွယ်ဉာဏ်စမ်းပဟေဠိမေးခွန်းများ အမေးအဖြေပြုလုပ်ခဲ့သည်။ တီရှပ်အင်္ကျီနှင့် ဦးထုပ်များ ပေးဝေခြင်း၊ ဟဲလေးမှ သီချင်းများဖြင့်လည်းကောင်း၊ အနုပညာရှင်များမှ ဟာသပြက်လုံးများဖြင့် ဖျော်ဖြေညှို့ခံခြင်းများ ပြုလုပ်ခဲ့ကြသည်။ နေပြည်တော်၊ တပ်ကုန်း၊ ပျဉ်းမနား၊ ရမည်းသင်း၊ ပျော်ဘွယ်မြို့များနှင့် မိတ္ထီလာမှတစ်ဆင့် ဝမ်းတွင်း၊ ကျောက်ဆည်၊ ပြင်ဦးလွင်မြို့များသို့ ဆက်လက်ဖျော်ဖြေကြမည်ဖြစ်သည်။

ချမ်းသာ(မိတ္ထီလာ)

မဟာစည်သြဝါဒခံ
သာသနာ့ဗိမာန်ရိပ်သာ (ယိုးဒယားကျောင်း)
မဟာသုခိတာလမ်း၊ အရှေ့ကြို့ကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ်
ဝိသုံဂါမ သိမ်တော်ကြီး ရေစက်ချအလှူတော်မင်္ဂလာ
ဖိတ်ကြားလွှာ

မဟာစည်သြဝါဒခံ သာသနာ့ဗိမာန်ရိပ်သာ (ယိုးဒယားကျောင်း)အတွင်း၌ အသစ်တစ်ဖန်ဆောက်လုပ်ပြီးစီးသွားသော **ဝိသုံဂါမ** သိမ်တော်ကြီး၏ ရေစက်သွန်းချ အလှူတော်မင်္ဂလာအခမ်းအနားကို အောက်ပါအတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ကြွရောက်ကြပါရန် ရိုသေလေးစားစွာ ဖိတ်ကြားအပ်ပါသည်။

ကျင်းပမည့်ရက် - ၁၃၇၅ ခုနှစ် တပေါင်းလဆန်း ၈ ရက်
၈-၃-၂၀၁၄ ရက် (စနေနေ့)
ကျင်းပမည့်အချိန် - နံနက် ၉း၀၀ နာရီ

သာသနာနုဂ္ဂဟအဖွဲ့
ဖုန်း-၆၄၁၃၂၄၊၀၉-၄၅၀၀၀၄၈၄၀

ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်

ရခိုင်ပြည်နယ်၊ တောင်ကုတ်မြို့၊ သိမ်တောင်ရပ်ကွက်၊ စိတ္တသုခ ၂ လမ်းရှိ ဧရိယာအကျယ်ပေ (၆၀×၄၀)ရှိသောမြေနှင့် မြေပေါ်ရှိအကျိုးခံစားခွင့်အရပ်ရပ်တို့အား လက်ရှိပိုင်ဆိုင်သူ ဦးဉာဏ်စောဦးနှင့် ဒေါ်မခင်ထွေးတို့မှ ပိုင်ဆိုင်ကြောင်း အထောက်အထားများတင်ပြ၍ အပြီးအပိုင်ရောင်းချလိုကြောင်း ကျွန်ုပ်၏မိတ်ဆွေဖြစ်သူထံ ကမ်းလှမ်းလာသည့်အတွက် ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူရန် ရောင်းကြေးငွေတန်ဖိုး၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါမြေနှင့် မြေပေါ်ရှိအကျိုးခံစားခွင့်အရပ်ရပ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ခိုင်လုံသော ပိုင်ဆိုင်သောအထောက်အထား(မူရင်း)များနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်တင်ပြနိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ပြီးမြောက်အောင်မြင်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးရာဇာထွန်း LL.B အထက်တန်းရှေ့နေ (စဉ်-၃၈၀၉၉)
အမှတ် ၅၇၊ ဦးဥတ္တမလမ်း၊ ဂူတာရပ်ကွက်၊ တောင်ကုတ်မြို့၊ ဖုန်း-၀၉-၄၂၁၇၂၄၆၃၅

ကြော်ငြာစာ
အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ-၂၈၃
ရန်ကုန်အရှေ့ပိုင်းခရိုင်တရားမရုံးတော်၌
၂၀၁၄ ခုနှစ် တရားမအသေးအဖွဲ့မှုအမှတ်-၅၁
ကွယ်လွန်သူ ဦးအောင်သိန်း၏ ကျန်ရှိရစ်သောပစ္စည်းများနှင့်စပ်လျဉ်းသည့်အမှု

မ-၁၀၃၉၊ သုဓမ္မာလမ်း၊ (c)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၌ နေထိုင်ခဲ့သော ကွယ်လွန်သူ ဦးအောင်သိန်း၏ ကျန်ရှိရစ်သောပစ္စည်းအပေါ်၌ အမွေထိန်းလက်မှတ်ထုတ်ပေးပါမည့်အကြောင်းနှင့် ဦးဝင်းညွန့်က အမွေဆက်ခံခြင်းအက်ဥပဒေအရ လျှောက်ထားချက်ရှိသဖြင့် ဤအမှုကို ၂၀၁၄ ခုနှစ် မတ် ၁၈ရက် (၁၃၇၅ ခုနှစ် တပေါင်းလပြည့်ကျော် ၃ရက်)တွင် ဆိုင်ဆိုကြားနာရန် ချိန်းဆိုထားသည်ဖြစ်သောကြောင့် ထိုကွယ်လွန်သူ ဦးအောင်သိန်း၏ ကျန်ရှိရစ်သောပစ္စည်းများတွင် အကျိုးစီးပွားတစ်ခုခုသက်ဝင်သည်အဆိုရှိသူခပ်သိမ်းတို့အား အဆိုပါအမှုတွင် ၎င်းတို့ လာရောက်လျှောက်ထားဆိုင်ဆိုရန် သင့်လျော်မည်ဟု အထင်ရှိလျှင် ဆိုခဲ့သော ၂၀၁၄ခုနှစ် မတ် ၁၈ရက် (၁၃၇၅ ခုနှစ် တပေါင်းလပြည့်ကျော် ၃ရက်)၌ မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ မိမိတို့က နေရာတကျအမိန့်ပေးထားသူ ကိုယ်စားလှယ်တစ်ဦးဦးအားဖြင့်လည်းကောင်း လာရောက်ဆိုင်ဆိုရန်နှင့် အမွေထိန်းလက်မှတ်မထုတ်ပေးမီ မှုခင်းမှတ်တမ်းများကိုကြည့်ရှုရန် အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ ၂၈၃ နှင့်အညီ ယခုမိန့်ကြားဆင့်ဆိုလိုက်သည်။ ၎င်းကဲ့သို့လာရောက်ခြင်းတစ်ခုခုမရှိ ပျက်ကွက်ခဲ့လျှင် ရုံးတော်ကဆိုခဲ့သော ဦးဝင်းညွန့်၏ လျှောက်လွှာအပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှုအကြောင်းအရာတွင် စီရင်ချက်ချမှတ်လိမ့်မည်ဖြစ်ကြောင်း။

၂၀၁၄ ခုနှစ် ဖေဖော်ဝါရီ ၂၈ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ဥမ္မာတင်)
ဒုတိယခရိုင်တရားသူကြီး(၁)
ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ ကွင်းအမှတ် ၄၉၈က၊ ကွင်းအမည် ကွင်းတလဘောင်မြောက်၊ ဦးပိုင်အမှတ် ၁၂/c အတွင်းရှိ မူလအမည်ပေါက် ဦးလှထွန်း+၅ ဦး မြေအမျိုးအစား လန-၃၉ ရပြီး မြေ ၁၀ ဧကအား ပိုင်ဆိုင်သူ ဦးဝင်းထူး ၁၂/ဒဂန(နိုင်)၀၀၈၄၅၂ တိုက် ၃၁၊ အခန်း ၈၊ ပျဉ်းမပင်အိမ်ရာ၊ မင်္ဂလာဒုံမြို့နယ်နေသူထံမှ ကျွန်တော်ဦးမြင့်နိုင်စိုး ၉/မသန(နိုင်)၀၇၄၄၅၁မှ ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ အထက်ပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ခိုင်လုံသောအထောက်အထားများတင်ပြ၍ ယနေ့မှ ၁၄ ရက်အတွင်း အောက်ဖော်ပြပါဖုန်းအမှတ်များသို့ ဆက်သွယ်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဆက်သွယ်ရန် ဖုန်း-၀၉-၃၆၂၂၄၂၂၁၊ ၀၉-၂၅၀၀၉၀၄၃၀

မသန္တာဦး ၁၂/သဃက(နိုင်)၁၅၁၅၀ဂ၊ ဦးမောင်ချစ် ၁၂/တမန(နိုင်)၀၆၅၄၆ဂ နှင့်
အများသိစေရန်ကြေညာခြင်း

ကျွန်တော်ဦးသန်းထိုက်ဦး ၁၂/သဃက(နိုင်)၁၅၁၅၀၉ သည် ဦးမောင်ချစ်အား ၂၁-၁၀-၂၀၁၃ရက်စွဲပါ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် VI-၂၀၂၃၅ ကို ပေးအပ်ခဲ့ပါသည်။ ယခုအခါ ဦးမောင်ချစ်မှ လိုအပ်သည်ထက် ပိုမိုလုပ်ကိုင်လာပါ၍ ၂၁-၁၀-၂၀၁၃ ရက်စွဲပါ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် VI-၂၀၂၃၅ ပြန်လည်ရုပ်သိမ်းပါကြောင်းနှင့် ကျွန်တော်၏ ပိုင်ဆိုင်မှုလုပ်ငန်းကိစ္စအဝဝကို ဤသတင်းစာပါသည့်ရက်မှစ၍ ဦးမောင်ချစ်မှ ဆက်လက်ဆောင်ရွက်ရန် မလိုအပ်တော့ကြောင်း မသန္တာဦး၊ ဦးမောင်ချစ်နှင့် အများသိစေရန် ကြေညာအပ်ပါသည်။

ဦးသန်းထိုက်ဦး
၁၂/သဃက(နိုင်)၁၅၁၅၀၉
အမှတ် ၁၅၊ ဦးဖေတင်လမ်း၊ (ခ)ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

အော်ပရေတာသစ် တယ်လီနောမှ ဒေသခံဝန်ထမ်းများ အရည်အသွေး မြှင့်တင်မည်

ရန်ကုန် မတ် ၄

၂၀၁၄ နှစ်ကုန်အထိ ဝန်ထမ်းပေါင်း ၁၀၀၀ခန့် ခန့်အပ်သွားရန် တယ်လီနောမြန်မာ ဆက်သွယ်ရေးအော်ပရေတာကုမ္ပဏီမှ ကြေညာခဲ့ပြီးနောက် ဝန်ထမ်းများ၏ အရည်အသွေးမြှင့်တင်ပေးရန် ဧရိယာ စတုရန်းပေ ရှစ်သောင်းခန့် ကျယ်ဝန်းသည့် ရုံးချုပ်တွင် စနစ်တကျသင်ကြားပေးရန် ရည်ရွယ်ထားကြောင်း သိရသည်။

တယ်လီနောမြန်မာ၏ ရုံးချုပ်ကို Telenor House ဟု အမည်ပေးထားပြီး ဝန်ထမ်းအင်အား ၆၀၀ ခန့် အလုပ်လုပ်နိုင်စေရန် စီစဉ်ဆောက်လုပ်ထားခြင်းဖြစ်ကြောင်း၊ အဆိုပါရုံးချုပ်မှတစ်ဆင့် မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ မိုဘိုင်းဝန်ဆောင်မှုများကို စီစဉ်ဖြည့်ဆည်းပေးသွားမည်ဖြစ်ကြောင်း တယ်လီနောမြန်မာမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

နည်းပညာ ဝန်ဆောင်မှုများကို စနစ်တကျ ဆောင်ရွက်နိုင်ရန်နှင့် သက်ဝင်လှုပ်ရှားသည့် တီထွင်ဆန်းသစ်မှုရှိသော လုပ်ငန်းခွင်ကို ရရှိစေနိုင်ရန် ဒီဇိုင်းရေးဆွဲထားပြီး တယ်လီနော ဝန်ဆောင်မှုများအတွက် အရောင်းဆိုင် တစ်ဆိုင်လည်း ထည့်သွင်းတည်ဆောက်ထားသော တယ်လီနောဟောက်စ်ကို မတ် ၂ ရက်က ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။

"တယ်လီနောရဲ့ လုပ်ထုံးလုပ်နည်းအရ ဒေသခံမြန်မာလူမျိုး ဝန်ထမ်းတွေနဲ့ နိုင်ငံတကာကျွမ်းကျင်သူတွေ ပူးတွဲပြီး ပြည်သူဗဟိုပြုလုပ်ထုံးလုပ်နည်းတွေနဲ့အညီ လုပ်ငန်းယဉ်ကျေးမှုကို တည်ဆောက်သွားမှာဖြစ်ပါတယ်။ ဒ့ါအပြင် တယ်လီနောအနေနဲ့ မြန်မာနိုင်ငံရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုမှာ ရေရှည်အကျိုးတူပူးပေါင်းသွားမယ်။ အောင်မြင်မယ်လို့လည်း အစွမ်းကုန်ယုံကြည်ပါတယ်"ဟု တယ်လီနောမြန်မာ၏ ဥက္ကဋ္ဌနှင့် အာရှဒေသဆိုင်ရာ တယ်လီနောအဖွဲ့အကြီးအကဲ Mr.Sigve Brekke က ပြောကြားသည်။

ဆက်သွယ်ရေး အော်ပရေတာလုပ်ကိုင်ခွင့်ရရှိခဲ့သည့် တယ်လီနောမြန်မာနှင့် အော်ရီဒူးကုမ္ပဏီတို့မှ အော်ပရေတာလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် နည်းပညာများ၊ မြို့ကြီးများ၊ ပြည်နယ်၊ တိုင်းဒေသကြီးများအသီးသီးတွင် ရုံးခွဲများ၊ ဌာနခွဲများ ဖွင့်လှစ်ခြင်း၊ ဝန်ထမ်းများအားရွေးချယ်ခေါ်ယူခြင်းများကို အရှိန်မြှင့် တင်ဆောင်ရွက်လျက်ရှိနေကြောင်း မြင်တွေ့ရသည်။

တယ်လီနောသည် နော်ဝေနိုင်ငံအခြေစိုက် နိုင်ငံတကာတယ်လီဖုန်း၊ သတင်းအချက်အလက်နှင့် မီဒီယာဆက်သွယ်ရေးဝန်ဆောင်မှုပေးသည့် လုပ်ငန်းဖြစ်ပြီး မိုဘိုင်းအော်ပရေတာလုပ်ငန်းဈေးကွက် ၁၂ ခုအထိ ကိုယ်ပိုင်လုပ်ကိုင်လျက်ရှိသည်။ တယ်လီနော၏ နည်းပညာဖြင့် မိုဘိုင်းအသုံးပြုသူဦးရေမှာ ၁၆၁ သန်းအထိရှိကာ ပြီးခဲ့သည့်နှစ် ထုတ်ပြန်ချက်အရရင်းနှီးမြှုပ်နှံမှု ပမာဏ နော်ဝေငွေကြေး ခရိုနာ ၁၀၂ ဘီလီယံရှိပြီး တစ်ကမ္ဘာလုံးတွင် ခန့်အပ်ထားသည့် ဝန်ထမ်းဦးရေ ၃၄၀၀၀ ခန့်ရှိသည်။ လာမည့် ငါးလတာကာလပြီးနောက် အော်ရီဒူးကုမ္ပဏီ၊ ရတနာပုံတယ်လီပို့၊ အမ်ပီတီစသည့် အော်ပရေတာများနှင့် အပြိုင်မြန်မာ့ဆက်သွယ်ရေးလောကအတွင်း စတင်လျှောက်လှမ်းတော့မည် ဖြစ်သည်။ **ခင်ရတနာ**

ရန်ကုန်မြို့ စက်မှု(၁)လမ်းမပေါ်ရှိ တယ်လီနောဟောက်စ်အား မြင်တွေ့ရစဉ်။

ကွာလာလမ်ပူတွင် တရားမဝင် ရောင်းချနေသော မြန်မာအရက်ဆိုင် အရေးယူခံရ

ကွာလာလမ်ပူ မတ် ၄

မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ဈေးဆိုင်ဖွင့်ပိုင်ခွင့်လုပ်ငန်းလိုင်စင်များစိစစ်ခြင်းကို ပြုလုပ်လျက်ရှိရာလိုင်စင်မရှိသော မြန်မာနိုင်ငံသား အမျိုးသားပိုင်ဆိုင်သည့် အရက်ဆိုင်တစ်ဆိုင်နှင့်အတူ နိုင်ငံခြားသား ၁၉၀ အား ဖမ်းဆီးရမိကြောင်း မတ် ၃ ရက်က မလေးရှားနိုင်ငံရှိ နယူးစထရိတ်တိုင်းမ်သတင်းဌာနမှဖော်ပြထားသည်။ မြန်မာနိုင်ငံသား ၈၁ ဦး၊ ဘင်္ဂလားဒေ့ရှ် နိုင်ငံသား ၂၅ ဦး၊ နီပေါနိုင်ငံသား ၂၈ ဦး၊ အင်ဒိုနီးရှားနိုင်ငံသား ၁၅ ဦး၊ အိန္ဒိယနိုင်ငံသား လေးဦး၊ ပါကစ္စတန်နိုင်ငံသား သုံးဦး၊ သီရိလင်္ကာနိုင်ငံသား နှစ်ဦး၊ ပါလက်စတိုင်းနိုင်ငံသား နှစ်ဦး၊ ဖိလစ်ပိုင်နိုင်ငံသား နှစ်ဦးနှင့် ဗီယက်နမ်နိုင်ငံသား တစ်ဦးတို့အား ဖမ်းဆီးရမိခြင်း ဖြစ်သည်။

ပြည်ထဲရေးဝန်ကြီး Datuk Seri Dr Ahmad Zahid Hamidi က နိုင်ငံခြားသား ၅၀၀ အား စစ်ဆေးရာ မည်သည့်အထောက်ထားမျှမရှိသည့် အမျိုးသမီး ၁၇ ဦး အပါအဝင် ၁၉၀ နှင့် မလေးရှားနိုင်ငံသားများ နောက်ကွယ်မှကြီးကြပ်သည့် ဆိုင်ခန်းအချို့ကိုတွေ့ရှိရကြောင်း ပြောကြားခဲ့သည်။

"ကျွန်တော်တို့ လုပ်ငန်းရှင်သုံးဦးကိုလည်း ဖမ်းဆီးပါတယ်။ နှစ်ဦးက မလေးရှားနိုင်ငံသား အမျိုးသမီးတွေဖြစ်ပြီး ပါမစ်မဲ့ နိုင်ငံခြားသားတွေကို ဆိုင်မှာကြီးကြပ်လုပ်ကိုင်ခိုင်းတဲ့သူတွေပါ။ တစ်ဦးက မြန်မာနိုင်ငံသား UNHCR (ခိုလှုံခွင့်)ကတ်ကိုင်နေသူဖြစ်ပြီး ပါမစ်မဲ့ အရက်ဆိုင်ဖွင့် နေလို့ပါ"ဟု ပြည်ထဲရေးဝန်ကြီး Datuk Seri Dr Ahmad Zahid Hamidi က ပြောကြားခဲ့သည်။ အဆိုပါ စားသောက်ဆိုင်၊ တယ်လီဖုန်းအရောင်းဆိုင်၊ ဆေးအရောင်းဆိုင်များသည် မြို့လယ်ကောင် Jalan Silang အနီးတွင် ဖွင့်လှစ်ထားသည်ဟု ဆက်လက်ပြောကြားခဲ့ကြောင်း သိရသည်။

ထို့အပြင် ၂၀၁၄ ခုနှစ်အတွင်း နိုင်ငံခြားသားတရားမဝင် ပါမစ်မရှိကြသူများအား လူဝင်မှုကြီးကြပ်ရေးဌာန၊ အမျိုးသားမှတ်ပုံတင်ဌာန၊ မြို့ပြလုပ်အားပေးတပ်ဖွဲ့ (Rela)၊ ကွာလာလမ်ပူမြို့တော်မှ အရာရှိများနှင့် လာဘ်စားမှုတိုက်ဖျက်ရေးဌာနမှ အရာရှိ စုစုပေါင်း ၁၉၅ ဦးတို့၏ ဦးဆောင်မှုဖြင့် နေရာပေါင်း ၉၁၅ နေရာတွင် စိစစ်မှုပြုလုပ်ရာ၌ နိုင်ငံခြားသား ၆၂၉၃ ဦးနှင့် လုပ်ငန်းရှင် ၆၉ ဦးအား ဖမ်းဆီးခဲ့ပြီး နိုင်ငံခြားသား ၆၁၁၆ ဦးအား မိခင်နိုင်ငံသို့ ပြန်ပို့ပြီးဖြစ်ကြောင်း ပြောကြားသည်။ **စိုးဝင်း-SP**

အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာန ထင်းအစား အခြားလောင်စာသုံးစွဲခြင်း အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

မန္တလေး မတ် ၄

ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန အပူပိုင်း စိမ်းလန်းစိုပြည်ရေးဦးစီးဌာန၏ ထင်းအစား အခြားလောင်စာတိုးမြှင့်သုံးစွဲခြင်းဖြင့် ရေရှည်တည်တံ့သော သစ်တောစီမံအုပ်ချုပ်ခြင်းကို အထောက်အကူပြုစေခြင်းဆိုင်ရာ ကနဦးအလုပ်ရုံဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၂၆ ရက်က ကျင်းပခဲ့သည်။

အခမ်းအနားတွင် ညွှန်ကြားရေးမှူးချုပ် ဦးဌေးအောင်က အမှာစကားပြောကြားပြီး ပြခန်းများအတွင်း ပြသထားသော ထင်းအစား အခြားလောင်စာ တိုးမြှင့်သုံးစွဲခြင်းဆိုင်ရာ ပစ္စည်းများအား ညွှန်ကြားရေးမှူးချုပ်နှင့် ဧည့်သည်တော်များက ကြည့်ရှုကြသည်။ ဆက်လက်၍ အလုပ်ရုံဆွေးနွေးပွဲကျင်းပရာ အင်ဂျင်နီယာဌာနမှ ညွှန်ကြားရေးမှူး ဦးမင်းသိန်းမြင့်က မြန်မာနိုင်ငံအလယ်ပိုင်းတွင် ထင်းအစား အခြားလောင်စာတိုးမြှင့်သုံးစွဲရေးအတွက် ဆောင်ရွက်နေမှုသုံးသပ်ချက်များကို ဖတ်ကြားသည်။

သစ်တောသုတေသနမှ အဝေမ်းမီးဖိုသုံးစွဲခြင်းစာတမ်း၊ ဒုတိယညွှန်ကြားရေးမှူး ဦးဘကောင်းက အပူပိုင်းဒေသတွင်သုံးစွဲလျက်ရှိသောစွမ်းအားမြှင့်မီးဖိုအမျိုးမျိုး၊ လောင်စာတောင့်အမျိုးမျိုး ထုတ်လုပ်သုံးစွဲမှုအပေါ် နှိုင်းယှဉ်သုံးသပ်ခြင်းစာတမ်း ဖတ်ကြားသည်။ **အောင်ကျော်ထွန်း(ပုသိမ်ကြီး)**

ပြည်ထဲရေးဝန်ကြီးဌာန
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့အတွက် လိုအပ်သော ရုံးသုံးစာရေးကိရိယာများ ဝယ်ယူရန်ရှိပါသဖြင့် ပြည်တွင်းနိုင်ငံသား၊ ပုဂ္ဂလိကလုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၄-၃-၂၀၁၄ ရက်
၃။ **တင်ဒါပုံစံအရောင်းပိတ်မည့်ရက်** - ၁၄-၃-၂၀၁၄ ရက်
၄။ **ကုမ္ပဏီ၏အချက်အလက်ပုံစံတင်ပြရန်နောက်ဆုံးရက်** - ၁၇-၃-၂၀၁၄ ရက် ၁၆း၀၀ နာရီ
၅။ **တင်ဒါဖွင့်မည့်ရက်/အချိန်** - ၁၈-၃-၂၀၁၄ ရက် ၁၀း၀၀နာရီ

၆။ တင်ဒါပုံစံများအားတစ်စောင်လျှင် ကျပ်တစ်သောင်းနှုန်းဖြင့် ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရဲကြောင်းရဲတပ်ဖွဲ့မှူးရုံး(နေပြည်တော်)တွင် ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များအားသိလိုပါက ဖုန်း-၀၆၇-၄၀၁၆၀၀၊ ၀၉-၅၁၂၁၁၉၃၊ ၀၉-၂၅၄၀၇၆၃၈၁ တို့သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

တင်ဒါစိစစ်ရေးအဖွဲ့
ပြည်ထဲရေးဝန်ကြီးဌာန

ကန့်ကွက်နိုင်ပါကြောင်း

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၈၊ မြေကွက်အမှတ် ၁၄၀-၁/၂၊ အမှတ် ၁၄၀၊ ဝဇီရာ ၆ လမ်း၊ (၈)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်ဟုခေါ်တွင်စေသော (၂၀'-၀''×၆၀'-၀'') နှစ် ၆၀ဂရန်မြေအမည်ပေါက် ဒေါ်တင်ကွယ်လွန်သဖြင့် ဒေါ်တင်၏အမွေဆက်ခံပိုင်ခွင့်ရှိသော သားဖြစ်သူ ဦးသောင်း N/OKA-၀၆၇၄၅၉ ထံမှ ဦးအောင်စိုးထွေး ၁၂/ဥကမ(နိုင်)၁၂၂၂၆၅ က ဝယ်ယူရန် ဆောင်ရွက်ထားပြီးဖြစ်ပါသဖြင့် ကန့်ကွက်ရန်ရှိပါက ခိုင်လုံသောအထောက်အထားများတင်ပြ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဦးအောင်စိုးထွေး
N/OKA-၀၆၇၄၅၉
အမှတ် ၄၊ ခေမာသီလမ်း၊ (၈)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊
ဖုန်း-၀၉-၄၂၀၁၈၄၁၈၆

ဆေးမြစ် ဖက်ရှင် ကလေးဝတ် သီးသန့်သင်တန်း ၁ နှစ်မှ ၁၂ နှစ်အထိ လက်မ+ ဂျပန်စင်တီ ၂ မျိုး သင်ကြားပေးပါမည်။ **ဖုန်း-၀၉-၃၁၇၅၁၂၃၉**

ရောင်းရန်ကြော်ငြာ

(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)
မန္တလေးခရိုင်တရားရုံးတော်
၂၀၁၁ ခုနှစ် တရားမဇာရီမှုအမှတ်-၂၉၃

ဒေါ်မိုးနီလာ	**နှင့်**	၁။ ဦးသိဏ်းချစ် ၂။ ဒေါ်နန်းမြရင်
တရားနိုင်		**တရားရှုံးများ**

၂၀၁၀ခုနှစ် တရားမကြီးမှုအမှတ်-၄၂၇ တွင် ရရှိခဲ့သောဒီကရီအရ အောက်အမည်ပါပစ္စည်းကို ၂၀၁၄ ခုနှစ် ဧပြီ ၂၄ရက် (၁၃၇၆ ခုနှစ် တန်ခူးလပြည့်ကျော် ၁၀ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် ပစ္စည်းတည်ရှိရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။

လေလံတင်ရောင်းချမည့်ပစ္စည်းစာရင်း

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ပါတ်ကုန်းပျော်ဘွယ်ရပ်ကွက်၊ အကွက်အမှတ် ၇၅၂၊ ဦးပိုင်အမှတ်(၂၃)၊ ဧရိယာ ၀.၁၁၁၀ ၀၄၁၄ ဧကရှိ ဗိုလ်ကြီးသိဏ်းချစ်အမည်ပေါက်ဂရန်မြေကွက်နှင့် မြေကွက်ပေါ်ရှိ အာရ်စီနှစ်ထပ်တိုက်အဆောက်အအုံ တပ်ဆင်ထားသော လျှပ်စစ်မီတာ၊ တယ်လီဖုန်းနှင့် ကိရိယာပစ္စည်းအားလုံး။

လေလံကြမ်းခင်းဈေး ကျပ်သိန်း ၃၀၀၀။

ရောင်းချရန်စည်းကမ်းချက်များ

(၁) စာရင်းတွင် ဖော်ပြပါရှိသောအချက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်များအရ သိရှိရသမျှဖြစ်သည်။ ကြော်ငြာစာတွင် မှားယွင်းခြင်း၊ မမှန်စကားပါခြင်း၊ သို့တည်းမဟုတ် ကြွင်းကျန်ခြင်းတစ်ခုခုအတွက် တရားရုံးက တာဝန်ခံမည်မဟုတ်ပါ။
(၂) လေလံတင်ရောင်းချမည့်နည်းစနစ်ကို ရောင်းသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။
(၃) လေလံစည်းကမ်းအချက်အလက်များကို ရောင်းသူအရာရှိထံ လေလံတင်ရောင်းချမည့်ရက်မတိုင်မီ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်သည်။

၂၀၁၄ ခုနှစ် ဖေဖော်ဝါရီ ၂၀ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ခင်ခင်လှ
ခရိုင်တရားသူကြီး
မန္တလေးခရိုင်တရားရုံး

SEVEN စံ

ဒဂုံဆိပ်ကမ်း၊ အရှေ့ပိုင်း၊ တောင်ပိုင်းရှိ မြေကွက်များ ရောင်းလို ဝယ်လိုပါသလား။ SEVEN စံ နဲ့ ဆက်သွယ်လိုက်ပါ။ အိမ်အရောက် ငွေပေးချေသည်။ **(ပွဲခ လုံးဝမယူပါ။)**

ဖုန်း-၀၁-၂၀၅၇၄၈
၀၉-၃၃၃၃၃၅၁၄
၀၉-၇၃၁၁၉၀၉၉

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃/စိုက်မွေး (၁)၊ မြေကွက်အမှတ် ၂၊ မြေကွက်တည်နေရာအမှတ် (၃၊ ၁၊ ၅)၊ ဘုရင့်နောင်လမ်း၊ စိုက်မွေး (၁)ရပ်ကွက်၊ ဒဂုံတောင်မြို့နယ်၊ ဦးအောင်တင် ၁၂/လကန(နိုင်)၀၆၁၆၂၉ အမည်ပေါက် နှစ်၆၀ဂရန်မြေအား အမည်ပေါက် နှစ် ၆၀ဂရန်မြေအား အမည်ပေါက်ဖခင်ဦးအောင်တင်၊ မိခင်ဒေါ်စိန်ခင်တို့ ကွယ်လွန်၍ ဒေါ်သွယ်သွယ်မြင့် ၁၂/လကန(နိုင်)၀၅၉၃၀၈ မှ ကျန်ညီအစ်ကိုမောင်နှမရှစ်ဦးမှ အရပ်ကတိစွန့်လွှတ်ကြောင်းစာချုပ်တင်ပြ၍ သမီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြပြီး အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် ဒေါ်သွယ်သွယ်မြင့်တစ်ဦးတည်းမှ မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၃)ရပ်ကွက်၊ သာယာအေးလမ်း၊ အမှတ် ၃၈၀၀၊ မြေညီထပ်ခိုး(၁၅×၅၄)ပေ ထပ်ခိုးအမြင့် ၉ပေရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်းနှင့်ပတ်သက်သော ရေမီးအစုံ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရောက်ပိုင်ဆိုင်သူ ကန်ထရိုက်တာ ဦးမောင်မောင်စိုး ၁၂/လမန(နိုင်)၁၂၇၉၆၆ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေသည် ဝယ်ယူပိုင်ဆိုင်ရန် ရောင်းဖိုးငွေများ၏ စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်တို့ထံ ခိုင်လုံသောသက်သေခံစာရွက်စာတမ်းများနှင့်တကွ လာရောက်ပြသကန့်ကွက်နိုင်ပါကြောင်း ကန့်ကွက်ရက်ကျော်လွန်ပါက အပြီးအပိုင်ငွေပေးချေလျက် အရောင်းအဝယ်စာချုပ် ပြုလုပ်ချုပ်ဆိုသွားမည်ဖြစ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ–

ဒေါ်မြတ်မြတ်စိုး LL.B, D.B.L — **တရားလွှတ်တော်ရှေ့နေ(စဉ်–၇၄၆၇)**
ဒေါ်ဆွေဆွေသန်း LL.B, D.I.L — **အထက်တန်းရှေ့နေ(စဉ်–၂၃၃၅၈)**

အမှတ် ၇၁၊ ဌာနာလမ်း၊ အလုံ၊ ရန်ကုန်၊ ဖုန်း–၀၉–၄၉၃၀၅၅၀၃၊ ၀၉–၇၃၀၄၃၁၅၂

ကန့်ကွက်နိုင်ပါသည်

ပဲခူးတိုင်းဒေသကြီး၊ ဘောနက်ကြီးကျေးရွာအုပ်စု၊ ကွင်းအမှတ် ၁၃၉၃၊ ကွင်းအမည် နောင်ကွမ်ကွင်း၊ ဦးပိုင်လုပ်ကွက်အမှတ် ၂၇/၂၊ မြေအမျိုးအစား ဥယျာဉ်ခြံမြေ၊ ဧရိယာ ၁၃ ဒသမ ၀၅ ဧကရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ပြီး အရှုပ်အရှင်းကင်းကြောင်း ဝန်ခံကတိပြုသူ ဒေါ်ထိုက်ထိုက်ဟန် ၁၂/ဥကမ(နိုင်)၁၁၆၂၉၉ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာချုပ်စာတမ်းမူရင်းများဖြင့် ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ–

ဒေါ်အိအိမျိုး	**ဒေါ်စမ်းသီတာစိုး**	**ဒေါ်ကျော့မွန်မွန်**	**ဒေါ်စိုးမိုးမူ**	**ဒေါ်သက်မွန်နှင်း**
စဉ်–၄၀၄၆၂	**စဉ်–၄၁၉၇၂**	**စဉ်–၃၃၃၈၁**	**စဉ်–၄၀၃၂၆**	**စဉ်–၄၁၈၉၃**

အထက်တန်းရှေ့နေများ(အောင်သမာဓိကုမ္ပဏီ)

အမှတ် ၃၊ ပိတောက်ရိပ်သာ(၁)၊ မင်္ဂလာဒုံဥယျာဉ်မြို့တော်၊ ဖုန်း–၀၉–၄၂၀၂၄၆၈၆၃

ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ အမှတ်(၂၇၄/၂၇၆)၊ ကမ်းနားလမ်း၊ ပထမထပ်၊ (တိုက်မျက်နှာမူလျှင် ဘယ်ဘက်ထောင့်ခန်း) အခန်းအမှတ် A-2 တိုက်ခန်းနှင့်တကွ ယင်းတိုက်ခန်းနှင့်ဆက်နွယ်နေသော အကျိုးခံစားခွင့်အရပ်ရပ်အား ဆက်စပ်စာချုပ်ဖြင့် တရားဝင်လက်ဝယ်ထားပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူ ဒေါ်သီဂီညွန့် ၁၂/သလန(နိုင်)၀၇၆၈၃၁ ထံမှ ကျွန်ုပ်မှအပြီးအပိုင် ဝယ်ယူရန်စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ ယင်းတိုက်ခန်းနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိကြောင်း ကန့်ကွက်လိုပါက ကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသောတရားဝင်စာချုပ်စာတမ်းများ တင်ပြ၍ ကျွန်ုပ်ထံကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အပြီးအပိုင်အရောင်းအဝယ်ကတိစာချုပ်ကို ဥပဒေနှင့်အညီ ပြီးဆုံးအောင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

ဦးဝေမြင့်အောင်
အမှတ် ၅၊ မိုးကောင်းဘုရားလမ်း၊ ရန်ကင်းမြို့နယ်၊
ဖုန်း–၀၉–၅၁၇၂၉၁၃

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ ဗိုလ်ထွန်းဇံရပ်ကွက်၊ ဗိုလ်တေဇလမ်း၊ အမှတ် (၈) B၊ ပထမထပ်၏ပိုင်ရှင် ဒေါ်သန္တာထွန်း ၁၂/ဒပန(နိုင်)၀၃၉၀၅၇ထံမှ ဒေါ်မြင့်မြင့်ကြည် ၁၂/ကတတ(နိုင်)၀၁၈၈၈၈ ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပါသည်။ ကန့်ကွက်လိုသူများရှိပါက ယနေ့မှစ၍ ခုနစ်ရက်အတွင်း စာချုပ်မူရင်းပြသ၍ ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားပါမည်။

ဒေါ်မြင့်မြင့်ကြည်
ဖုန်း–၀၉–၄၃၀၂၅၆၆၄

အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (စ)ရပ်ကွက်၊ ဝဇီယာ ၆ လမ်း၊ အမှတ် ၁၃၉၊ မြေပေအကျယ်(၄၀×၆၀)အနက်မှ (၁၀ပေ× ပေ၆၀)ခေါင်းရင်းခြမ်း၊ ဦးသိန်းလှိုင် နှစ်(၆၀) မြေငှားဂရန်အမည်ပေါက်ကို ကျွန်ုပ်၏မိတ်ဆွေ ဒေါ်သန်းသန်းဝင်း ၁၂/ဥကမ(နိုင်)၁၀၅၆၈၄က အပြီးအရောင်းအဝယ်စာချုပ်ချုပ်ဆိုပြီး ဝယ်ယူပိုင်ဆိုင်ခဲ့ပါသည်။ အဆိုပါမြေကွက်နှင့်ပတ်သက်၍ ဒေါ်သန်းသန်းဝင်း၏ ခွင့်ပြုချက်မရှိဘဲ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ အမည်ပြောင်းခြင်း၊ လွှဲပြောင်းခြင်းတစ်စုံတစ်ရာပြုလုပ်ခဲ့ပါက ဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ–

ဒေါ်ညိုညိုဆင့်
LL.B, D.B.L, D.M.L
အထက်တန်းရှေ့နေ(စဉ်–၃၁၃၀၈)
အမှတ် ၁၃၀၊ မင်းစေတီလမ်းသွယ် ၁၊ အင်းစိန်မြို့နယ်၊ ဖုန်း–၀၉–၄၂၁၁၅၂၄၃၅

ဒေါ်မြင့်မေနှင့်အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–၁၉/က၊ မြေကွက်အမှတ်–၅၇(အလျားပေ ၄၀× အနံပေ ၆၀)၊ မြေဧရိယာ ၀ ဒသမ ၀၅၅ဧကရှိ နှစ် ၆၀ ဂရန်မြေနှင့် ယင်းမြေပေါ်ရှိ နေအိမ်အဆောက်အအုံသည် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ရင်နု ၁၂/လမန(နိုင်)၀၄၄၃၁၆၏ အမည်ပေါက်ဖြစ်ပြီး ထိုအိမ်ခြံမြေကာလပေါက်ဈေးကျပ်သိန်း ၄၀၀တန်သည့်အချိန်က ဒဂုံတောင်၊ အမှတ်(၁၈)ရပ်ကွက်၊ (L)ဘလောက်၊ စည်ပင်လမ်းနေ ဒေါ်မြင့်မေထံ ငွေကျပ်သိန်း ၁၂၀အား ၅%အတိုးနှင့် အပေါင်ထားချေးယူခဲ့သဖြင့် အပေါင်ရွေးနုတ်ရန် နို့တစ်စာပေးပို့ခြင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးသို့ တရားဝင်စာတင်ခြင်းများပြုလုပ်ထားပြီးဖြစ်ပါ၍ အဆိုပါကျွန်ုပ်၏မိတ်ဆွေပိုင် အိမ်ခြံမြေအား ကျွန်ုပ်၏မိတ်ဆွေ သဘောတူခွင့်ပြုချက်မရှိဘဲ ဝင်ရောက်ကျူးကျော်နေထိုင်ခြင်း၊ တစ်ဆင့်ရောင်းချ၊ ပေါင်နှံ၊ ငှားရမ်း၊ ပေးကမ်း၊ လွှဲပြောင်း၊ လှူဒါန်းခွင့်မရှိကြောင်း သတိပေးကြေညာအပ်ပါသည်။ အကယ်၍ တားမြစ်ထားလျက်ဖောက်ဖျက်ကျူးလွန်ခဲ့ပါက ပြုလုပ်ကျူးလွန်သူနှင့် ပါဝင်ပတ်သက်သူများအပေါ် တည်ဆဲဥပဒေများနှင့်အညီ ပြစ်မှုကြောင်း၊ တရားမကြောင်းတို့အရ တရားစွဲဆိုဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဒေါ်မြင့်မေနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်ရင်နု၏လွှဲအပ်ညွှန်ကြားချက်အရ–

ဒေါ်သင်းသင်းစိုး LL.B
အထက်တန်းရှေ့နေ
အမှတ်(၆၉၃)၊ အောင်ဆုပန်လမ်း၊
(၈၇)ရပ်ကွက်၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊
ဖုန်း–၀၉–၄၃၀၇၈၀၁၂

ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ပြည်လမ်း၊ ပျဉ်းမပင်ကျေးရွာအုပ်စု၊ ရှမ်းစုကျေးရွာ၊ ကွင်းအမှတ် ၅၃၂/က၊ မှန်နီဇလုပ်အနောက်၊ ဦးပိုင်အမှတ် ၉/က၊ အကျယ်(၁၄၅×၁၉၅)ပေ+ပေ(၇၀×၁၀၀) မြေဧရိယာ ၃၅၂၇၅ စတုရန်းပေရှိမြေကွက်အား မူလပိုင်ရှင်ဖြစ်သူထံမှ ၂၆–၈–၂၀၁၂ ရက်တွင် ကျွန်ုပ်၏မိတ်ဆွေ ဒေါက်တာဒေါ်နွယ်နီဝင်းမှ လက်ရောက်ဝယ်ယူပိုင်ဆိုင်ခဲ့ပါသည်။ ယခုအခါ ကျွန်ုပ်၏မိတ်ဆွေမှ ဂရန်အမည်ပေါက် ပိုင်ဆိုင်မှုလျှောက်ထားမည်ဖြစ်ပါသဖြင့် ပိုင်ရေးဆိုင်ခွင့်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများအနေဖြင့် ကန့်ကွက်လိုပါက ကျွန်ုပ်၏မိတ်ဆွေ ဒေါက်တာဒေါ်နွယ်နီဝင်းထံသို့ဖြစ်စေ၊ ကျွန်ုပ်ထံသို့ဖြစ်စေကြေညာချက်ပါသည့်ရက်မှ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများနှင့်တကွ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ–

ဒေါ်သဇင်အောင် LL.B — **စဉ်–၃၉၀၇၀**
ဒေါ်ဇင်ဝေမိုး LL.B, DIL, DBL — **စဉ်–၃၉၀၀၄**

အထက်တန်းရှေ့နေများ

ဖုန်း–၀၉–၄၃၁၈၆၀၂၅၊ ၀၉–၄၂၁၁၀၇၅၄၇၊ ၀၉–၇၃၁၆၁၂၃၂

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်မြောက်ပိုင်း၊ (၃၉–B)ရပ်ကွက်၊ သမာဓိ(၃)လမ်း၊ အမှတ် ၅၄၇ ဟု ခေါ်တွင်သော အလျားပေ ၄၀×အနံပေ ၆၀ရှိ မြေကွက်သည် ဒေါ်နော်ဌေးဌေး ၁၂/မရက(နိုင်)၀၆၅၁၇၇ ဂရန်အမည်ပေါက်ဖြစ်ပြီး စာချုပ်စာတမ်းအဆက်အစပ်အရ မိမိတစ်ဦးတည်းပိုင်ဆိုင်၍ ရောင်းဝယ်လွှဲပြောင်းပိုင်ဆိုင်ခွင့်ရှိကြောင်း ဦးအိုက်ဆန်း ၁၃/တကန(နိုင်) ၁၄၄၅၇၇ ကိုင်ဆောင်သူမှ ကမ်းလှမ်းဝန်ခံချက်အရ အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေခဲ့ပြီးဖြစ်ပါသည်။

အထက်ပါမြေကွက်နှင့်ပတ်သက်၍ ပိုင်ရေးပိုင်ခွင့်ရှိသူများက ကန့်ကွက်ရန်အကြောင်းရှိပါက ခိုင်လုံသောသက်သေခံစာရွက်စာတမ်းမူရင်းများနှင့်တကွ အောက်ပါလိပ်စာသို့ ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ဆက်သွယ်၍ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်၍ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်ဝင်းဝင်းနိုင်
အမှတ် ၄၂၃၊ မန္တလေးလမ်း၊ (၂၃)ရပ်ကွက်၊ ဒဂုံ(တောင်)မြို့နယ်၊ ရန်ကုန်မြို့

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၁၇၊ ကုန်းဘောင်အိမ်ရာ၊ မြေကွက်အမှတ် ၁၃၀/၁၁၇ ဟုခေါ်တွင်သော အကျယ်အဝန်း (အလျား ၇၆ပေ၊ အနံ ပေ၉၀)ရှိသော နှစ် ၆၀ ဂရန်မြေကွက်၏ မူလအမည်ပေါက် ဦးဇော်ဝင်းထံမှ အရပ်စာချုပ်အဆက်ဖြင့် ဝယ်ယူပိုင်ဆိုင်လက်ဝယ်ရရှိထားသူ ကျွန်မ ဒေါ်စန်းစန်းဝင်း ၁၂/သဃက(နိုင်)၀၇၄၁၀၆ မှ တန်ဖိုးငွေပေးချေ၍ အပြီးအပိုင်ဝယ်ယူခဲ့ပါသည်။ ထိုအရောင်းအဝယ်ကို ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း ကျွန်မထံသို့ ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားများဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။

ဒေါ်စန်းစန်းဝင်း
ဖုန်း–၀၉–၇၃၁၁၃၂၆၇

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၁၇၊ ကုန်းဘောင်အိမ်ရာ၊ မြေကွက်အမှတ် ၁၁၂/၁၁၇ ဟုခေါ်တွင်သော အကျယ်အဝန်း (အလျားပေ ၈၀× အနံ ၉၉ပေ၊ ပေ ၁၀၀)ရှိသော နှစ် ၆၀ ဂရန်မြေကွက်၏ မူလအမည်ပေါက် ဦးမောင်မောင်ညွန့်ထံမှ အရပ်စာချုပ်အဆက်ဖြင့် ဝယ်ယူပိုင်ဆိုင်လက်ဝယ်ရရှိထားသူ ကျွန်မ ဒေါ်စန်းစန်းဝင်း ၁၂/သဃက(နိုင်)၀၇၄၁၀၆ မှ တန်ဖိုးငွေပေးချေ၍ အပြီးအပိုင်ဝယ်ယူခဲ့ပါသည်။ ထိုအရောင်းအဝယ်ကို ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်မထံသို့ ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားများဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။

ဒေါ်စန်းစန်းဝင်း
ဖုန်း–၀၉–၇၃၁၁၃၂၆၇

ကန့်ကွက်နိုင်ပါကြောင်း

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–၆/အနောက်၊ မြေကွက်အမှတ် ၂၆/ခ၊ မြေကွက်တည်နေရာအမှတ် ၂၆/ခ၊ ဇမ္ဗူသီရိအနောက် ၁ လမ်း၊ ၆ အနောက်ရပ်ကွက်၊ သာကေတမြို့နယ် (ဦးဝင်းနိုင်) အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား ဦးခင်မောင်မြင့်မှ ဦးဝင်းနိုင် (အမည်ပေါက်)အား သာကေတမြို့နယ်တရားရုံး၌ (၂၀၁၃)ခုနှစ် တရားမကြီးမှုအမှတ်(၃၇)ဖြင့် အရောင်းအဝယ်စာချုပ်ရန် တရားစွဲဆိုခဲ့ပြီး ရရှိသည့် အနိုင်ဒီကရီနှင့် ယင်းရုံး၏ဇာရီမှုအမှတ် (၃၄/၂၀၁၃)အမိန့်အရ တရားရုံးကိုယ်စား ဘိလစ် ဒေါ်တင်မေလွင် ၁၂/ဗဟန(နိုင်)၀၂၀၈၆၇မှ တရားရုံးအထောက်အထားများနှင့် ဂရန်မူရင်းတင်ပြ၍ အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများနှင့်အတူ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ဦးအောင်ဇေယျာ ၁၂/ဒဂမ(နိုင်)၀၀၇၄၅၈ နှင့် သက်ဆိုင်သူများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ကျောက်မြောင်းအထက်ရပ်ကွက်၊ ဒဂုံသီရိလမ်း၊ အမှတ် (၇၇)၊ (ငါးလွှာ)နေ မထက်ထက်ချို ၁၂/တမန(နိုင်)၀၉၅၅၉၆ (ဘ)ဦးသောင်းဝင်း၏လွှဲအပ်ညွှန်ကြားချက်အရ ကြေညာအပ်သည်မှာ–

၁။ ကျွန်ုပ်၏အမှုသည် မထက်ထက်ချိုနှင့် ဦးအောင်ဇေယျာ ၁၂/ဒဂမ(နိုင်)၀၀၇၄၅၈ (ဘ)ဦးချစ်လှိုင်တို့သည် ၂၀၁၀ခုနှစ် မေ ၉ရက်တွင် ဗုဒ္ဓဘာသာ မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့်အညီ တရားဝင်လက်ထပ်ပေါင်းသင်းခဲ့ကြကြောင်း သားဖြစ်သူ မောင်သန့်ထက်ဇေယျာ (၁)နှစ်နှင့် (၃)လအားမွေးဖွားခဲ့ကြောင်း၊ ဦးအောင်ဇေယျာသည် ၂၀၁၃ခုနှစ် အောက်တိုဘာလ ၂၄ရက်မှစ၍ ၎င်း၏သဘောဆန္ဒဖြင့် နေအိမ်မှဆင်းသွားခဲ့ကြောင်း၊ ထိုနေ့မှစ၍ ကျွန်ုပ်၏အမှုသည်မထက်ထက်ချိုနှင့်သားဖြစ်သူ မောင်သန့်ထက်ဇေယျာတို့အား တစ်စုံတစ်ရာဆက်သွယ်ထောက်ပံ့ကျွေးမွေးခြင်းမပြုကြောင်း ညွှန်ကြားပြောဆိုချက်အရ သိရှိရပါသည်။

၂။ ဦးအောင်ဇေယျာအနေဖြင့် ဇနီးမယားတစ်ဦးဖြစ်သူ မထက်ထက်ချိုနှင့်သားဖြစ်သူ မောင်သန့်ထက်ဇေယျာတို့အား စွန့်ပစ်ထားသည့်အပြင် နေအိမ်သို့ပြန်လည်လာရောက် နေထိုင်ခြင်းမရှိသည့်အတွက် မထက်ထက်ချိုအနေဖြင့် ဦးအောင်ဇေယျာအပေါ် လင်မယား ကွာရှင်းပြတ်စဲရန်အတွက် ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ဤကြော်ငြာသည့်အချိန်မှစ၍ ဦးအောင်ဇေယျာနှင့်ပတ်သက်၍ ကျွန်ုပ်၏အမှုသည် မထက်ထက်ချိုမှ မည်သည့်အကြောင်းအရာကိစ္စကိုမျှ တာဝန်ယူဖြေရှင်းဆောင်ရွက်ပေးမည်မဟုတ်ပါကြောင်း ဦးအောင်ဇေယျာနှင့် သက်ဆိုင်သူ အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ညွှန်ကြားချက်အရ–
ဦးချစ်ကိုကို
LL.B, H.G.P, Dip in Business Law, Dip in Applied Psychology, Dip in Maritime Law, WIPO (Switzerland)
တရားလွှတ်တော်ရှေ့နေကြီးနှင့်စီးပွားရေးလုပ်ငန်း ဥပဒေဆိုင်ရာအကြံပေးပုဂ္ဂိုလ်

ဦးအောင်မြင့်ထွန်း(LL.B)	**ဦးအောင်ပြည့်ဖြိုးလွင် (LL.B), WIPO (Switzerland)**	**ဦးရာဇာဝင်း(LL.B)**
တရားလွှတ်တော်ရှေ့နေ	**အထက်တန်းရှေ့နေ**	**အထက်တန်းရှေ့နေ**

အမှတ် ၆၀၊ မြေညီထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း–၂၅၂၉၂၄

စီးပွားရေးနှင့်လူမှုရေးကြော်ငြာ

ဇလွန်မြို့နယ်အသင်း(ရန်ကုန်)
နှစ် (၅၀)ပြည့် ရွှေရတုနှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေး ဖိတ်ကြားလွှာ

ဇလွန်မြို့နယ်အသင်း(ရန်ကုန်)၏ **နှစ်(၅၀)ပြည့် ရွှေရတုနှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုပေးပွဲနှင့် နိုင်ငံတော်အဆင့် ဆုတံဆိပ်ရသူများအား ဂုဏ်ပြုပွဲ**အခမ်းအနားကို ၂၃-၃-၂၀၁၄ရက် (တနင်္ဂနွေနေ့) နံနက် ၀၉:၀၀ နာရီတွင် ဗဟန်းမြို့နယ်၊ ကြားတောရလမ်း၊ ရန်ကုန်မြို့၊ **တိပိဋက ဓမ္မရက္ခိတ ဗိမာန်တော်ကြီး**၌ ကျင်းပမည်ဖြစ်ပါ၍ ဇလွန်နွယ်ဖွားများ အသင်းဝင်သည်ဖြစ်စေ၊ မဝင်သည်ဖြစ်စေ ကြွရောက်ကြပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

၂၀၁၂-၂၀၁၃ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်း ဂုဏ်ထူးဖြင့် အောင်မြင်သူ အသင်းဝင်သားသမီးများနှင့် ကန်တော့ခံဘိုးဘွားများ ၁၅-၃-၂၀၁၄ ရက်နောက်ဆုံးထား၍ အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်နိုင်ကြပါသည်။

ဦးကျော်စိုးဝင်း (ဒု-ဥက္ကဋ္ဌ) ဖုန်း-၀၉-၃၁၀၃၉၀၂၃
ဦးအေးကျော်(အတွင်းရေးမှူး) ဖုန်း-၀၉-၇၃၀၀၃၄၆၄
ဦးအေးစန်း(တွဲ-အတွင်းရေးမှူး) ဖုန်း-၀၉-၄၂၀၀၂၅၆၅၆
ဦးမောင်မောင်ဝင်း(တွဲ-အတွင်းရေးမှူး) ဖုန်း-၀၉-၅၀၀၃၃၁၆
(နံနက်စာဖြင့် ဧည့်ခံပါမည်။)

အထူးအစီအစဉ်
ဗလာမပါ ကံစမ်းမဲအစီအစဉ်ပါဝင်ပါသည်။

အမှုဆောင်အဖွဲ့
ဇလွန်မြို့နယ်အသင်း(ရန်ကုန်)

အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ လေးဒေါင့်ကန်ရပ်ကွက်၊ ရိပ်သာလမ်း၊ အမှတ် ၂၀၁၊ မြေညီ(ခြေရင်းခန်း)သည် ကျွန်ုပ်တို့၏မိတ်ဆွေ ဦးလှကြိုင် ၁၂/တမန(နိုင်)၀၇၃၄၆၆က ကန်ထရိုက်တာ ဦးခန့်စိန်ထံမှ ၃၀-၉-၂၀၁၂ ရက်က ဝယ်ယူပိုင်ဆိုင်သည့်တိုက်ခန်းဖြစ်ပါသည်။

ထိုတိုက်ခန်းကို ဦးသိန်းဝင်း ၁၂/တမန(နိုင်)၀၄၅၄၃၁ထံသို့ ၁၉-၃-၂၀၁၃ ရက်က သုံးလ စာချုပ်ချုပ်ပြီး ငှားရမ်းခဲ့ပါသည်။

သုံးလပြည့်သော ၁၉-၆-၂၀၁၃ ရက်တွင် ပြန်အပ်ရန်ဖြစ်သော်လည်း ယနေ့အထိ ဦးလှကြိုင်ထံ ပြန်မအပ်သေးပါ။

ထိုတိုက်ခန်းအား ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ပြန်အပ်ပါရန်နှင့် ထိုတိုက်ခန်းအား မည်သူမျှ ထပ်ဆင့်၊ လွှဲပြောင်း၊ ပေါင်နှံ၊ ရောင်းချ၊ ငှားရမ်းပေးကမ်းဝယ်ယူခြင်းများ မပြုလုပ်ရန် အများသိစေရန် ကြေညာအပ်ပါသည်။

ဦးလှကြိုင်(လွှဲအပ်သူ) (၁) ဦးအောင်ကျော်မိုး(၃၈၂၁)၊ (၂) ဒေါ်ဝင်းဝင်းသောင်း(၈၃၂၉)
တရားလွှတ်တော်ရှေ့နေများ
ဖုန်း-၀၉-၅၁၃၀၁၂၃၊ ၀၉-၄၃၁၈၁၈၁၆

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်၂၀၊ (ဝေဇယန္တာအိမ်ရာစီမံကိန်း) မြေကွက်အမှတ် ၃၀၊ ဧရိယာ ၀ဒသမ၀၆၃ ဧကရှိ နှစ်၆၀ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ် ၄၅/စီ၊ ဝေဇယန္တာအိမ်ရာ၊ ၈/တောင်ရပ်ကွက်၊ သင်္ဃန်းကျွန်းမြို့နယ်ဟု ခေါ်တွင်သည့် အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို အမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်ယဉ်ယဉ်မြင့် ၁၂/ရကန(နိုင်)၀၂၁၃၇၉ ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါပစ္စည်းနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများသည် ကျွန်ုပ်တို့ထံသို့ ခိုင်လုံသော စာချုပ်စာတမ်းအထောက်အထားများနှင့်တကွ ယခုကြော်ငြာသည့်ရက်မှ ခုနစ်ရက်အတွင်း လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။ ယင်းရက်ကျော်လွန်ပါက အထက်ပါပစ္စည်း၏ တရားဝင်အရောင်းအဝယ်ကိစ္စကို အပြီးအပြတ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးသက်ထွန်း(စဉ်-၃၅၅၇)	**ဒေါ်ကြည်ကြည်ဌေး(စဉ်-၂၃၆၇)**
B.A,(Law), LL.B	**B.A(Law),LL.B**

တရားလွှတ်တော်ရှေ့နေများ
အမှတ် ၆ စီ-၂၊ ရန်ကင်းစင်တာကွန်ဒို၊ ဆရာစံလမ်း၊ ရန်ကင်းမြို့နယ်၊
ရန်ကုန်မြို့၊ ဖုန်း-၅၅၆၈၁၂၊ ၀၉-၅၀၁၅၂၃၄၊ ၀၉-၅၀-၃၁၂၃၄

ကန့်ကွက်ကြေညာခြင်း

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်၃၅-ဒီ၊ မြေကွက်အမှတ် ၄၇-၃၉ / ၁၂.ဘီ မြေဧရိယာ ၁ ဒသမ ၃၅၈ မြေကွက်ကြီးအား ခွဲစိတ်အပိုင်ပေးခဲ့ရာတွင် အမွေရှင် ဦးနု ၁၂/ဗဟန(နိုင်)၀၇၂၁၃၂ သမီးသုံးဦးမိသားစုသဘောတူစာချုပ် ၂၂-၂-၁၉၉၃ စာချုပ်အရ အမွေပုံပစ္စည်းများကို အမွေဆိုင်လေးဦးစလုံး သဘောတူညီချက်မရှိဘဲ စီမံဆောင်ရွက်ခွင့် မရှိပါကြောင်းပါရှိပါသည်။ ၎င်းအပြင်၁၆-၅-၁၉၉၄ အပေးစာချုပ်တွင် အမွေခံ ဒေါ်သန်းသန်းနု အား အမွေပုံ(၅)အား ပေးအပ်ခဲ့ပြီး အမွေပုံ(၆)ခန့်မှန်းဧရိယာ ၀ ဒသမ၃၇၂ ဧကရှိ ရေကန်အား မြေဖို့ခွင့်လွှဲပြောင်းရောင်းချပေးကမ်းခြင်းမပြုရန် စည်းကမ်းသတ်မှတ်ကာ ပေးအပ်ခဲ့ပါသည်။

ယခုအခါ ဒေါ်သန်းသန်းနုသည် ၎င်းအားခွင့်ပြုထားသည့် အပိုင်ပေးစာချုပ်ပါ လမ်းမှ သွားလာခြင်းမရှိကြောင်း၊ အမွေပုံ(၆)ရေကန်အားလမ်းဖို့ကာ သွားလာခြင်း၊ ၎င်းလမ်းအား ၃-၁-၂၀၁၄ ရက်စွဲပါ မြန်မာ့အလင်းသတင်းစာ စာမျက်နှာ(၁၃)ပါ ကြော်ငြာအရ ရောင်းချခြင်း၊ ၎င်းနောက်လမ်းဟုဆိုကာ ရေကန်အား ထပ်မံဖို့ခြင်းများပြုလုပ်နေပါသဖြင့် ကန့်ကွက်ကြောင်းကြေညာအပ်ပါသည်။ ဆက်လက်ကျူးလွန်ပါက အမွေရှင်၏ဆန္ဒနှင့်အညီ တရားစွဲဆိုအရေးယူမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

အမွေခံဖြစ်သူ ဒေါ်အေးသက်တင်၏ ညွှန်ကြားချက်အရ-

ဦးကျော်ကျော်	**ဒေါ်နီလာဝင်း**	**ဒေါ်ထက်ထက်အောင်**
LL.B, D.B.L	**LL.B, D.B.L**	**LL.B**
တရားလွှတ်တော်ရှေ့နေ	**အထက်တန်းရှေ့နေ**	**အထက်တန်းရှေ့နေ**
စဉ်-၃၉၀၈	**စဉ်-၃၄၉၉၅**	**စဉ်-၃၁၇၆၅**

နန့်ဟေမာဝင်း ၁၄/ကမန(နိုင်)၁၁၉၀၁၂နှင့် အများသိစေရန်

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ ဘဝမြင့်ရပ်ကွက်၊မလိခအိမ်ရာ၊တိုက်(၁၈)၊အမှတ် (၅၁)နေ ဦးမင်းဇော် ၅/မရန(နိုင်)၁၃၉၃၅၀၏လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ တာမွေကြီး(ခ)ရပ်ကွက်၊ ကျိုက္ကဆံလမ်း၊ အမှတ်(၄၅၅)၊ မြေညီထပ်နေ နန့်ဟေမာဝင်းနှင့် ဦးမင်းဇော်တို့သည် ၂၀၀၄ခုနှစ်၊ မတ်၂၃ရက်တွင် ဧရာဝတီတိုင်းဒေသကြီး၊ ကျုံပျော်မြို့နယ်၊ လှည်းဆိပ်ကျေးရွာ၊ နှစ်ချင်းခရစ်ယာန်ဘာသာကျောင်းတွင် ခရစ်ယာန်ဘာသာဓလေ့ထုံးစံအရ လက်ထပ်ထိမ်းမြားခဲ့ပြီး သားမောင်ဟိန်းခန့်ဇော် (၆)နှစ်နှင့် သမီးမမြတ်စန္ဒာဇော်(၂)နှစ်သမီးတို့ မွေးဖွားခဲ့ပါသည်။ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ တာမွေကြီး(ခ)ရပ်ကွက်၊ ကျိုက္ကဆံလမ်း၊ အမှတ်(၄၅၅)၊ မြေညီထပ်တွင် Multi Max ဖုန်းနှင့်ဖုန်းအပိုပစ္စည်းရောင်းဝယ်ရေးလုပ်ငန်းအပါအဝင် တိုက်ခန်းသည် လင်မယားနှစ်ဦးပိုင်တိုက်ခန်းဖြစ်သဖြင့် ထိုတိုက်ခန်းနှင့်ပတ်သက်၍ ရောင်းချခြင်း၊ ငှားရမ်းခြင်း၊ တစ်ဆင့်လွှဲပြောင်းခြင်းတို့အား ဦးမင်းဇော်၏ သိရှိသဘောတူညီချက်မပါရှိဘဲ မပြုလုပ်ရန်နှင့် အကယ်၍ ပြုလုပ်ပါက ပြုလုပ်သူ၏ တာဝန်သာဖြစ်ကြောင်း နန့်ဟေမာဝင်းနှင့် အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်သင်းယုငြိမ်း	**ဦးငြိမ်းမောင်(ကုမ္ပဏီရှေ့နေ)**
(စဉ်-၄၂၀၇၇)	**FUTURE BRIGHT**
အထက်တန်းရှေ့နေ	**LAW DAVISES & GENERAL**
LL.B,DBL	**SRIVICES**

အမှတ်၃၃၊ လေးလွှာ(ညာ)၊ သင်္ဃန်းကျွန်းဈေးရှေ့၊ လေးဒေါင့်ကန်လမ်း၊ သင်္ဃန်းကျွန်းမြို့နယ်၊
ဖုန်း-၀၉-၅၁၈၅၄၁၈၊ ၀၉-၇၃၀၈၄၄၆၁၊ ၀၁-၅၆၅၂၂၁
gmail:nyeinlawfan@gmail.com

ဝမ်းနည်းကြေကွဲခြင်း

ဒေါက်တာဦးမျိုးမြင့် အသက်(၇၁)နှစ်
(ညွှန်ကြားရေးမှူးချုပ်-ငြိမ်း)
သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန၊ သာသနာရေးဝန်ကြီးဌာန
ဒေါ်တင်တင်ဝင်း အသက်(၇၁)နှစ်
(သမိုင်းပါမောက္ခ-ငြိမ်း)၊ အဝေးသင်တက္ကသိုလ်-ရန်ကုန်မြို့

ရန်ကုန်မြို့နေ ဒေါက်တာဦးမျိုးမြင့်သည် ၂၆-၂-၂၀၁၄ရက် စင်ကာပူစံတော်ချိန် ၁၂:၁၅နာရီတွင်(National University Hospital) နှင့်ဇနီး ဒေါ်တင်တင်ဝင်းသည် ၁-၃-၂၀၁၄ရက် စင်ကာပူစံတော်ချိန် ၂နာရီတွင် (Singapore General Hospital)၌ ကွယ်လွန်သွားကြသည့်အတွက် မုံရွာမြို့ ရွှေစည်းခုံစေတီတော်မြတ်ကြီး၏ ကြည်ညိုသပ္ပာယ်မှုအစုစုတို့အတွက် အကြံဉာဏ်များဖြင့် ကူညီဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ပါသော စေတနာကုသိုလ်တို့အတွက် မှတ်တမ်းတင်လျက် အထူးဝမ်းနည်းကြေကွဲရပါသည်။

ဦးဉာဏ်အောင်(ဥက္ကဋ္ဌ)
သဒ္ဓမ္မဇောတိကဓဇ(လူမှုထူးချွန်)
ရွှေစည်းခုံစေတီတော်မြတ်ကြီးဂေါပကအဖွဲ့
စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့

ငြင်းချက်ထုတ်ရန်သမ္မန်စာ
(တရားမကျင့်ထုံး ကိုဒဲ့ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
သာကေတမြို့နယ်တရားရုံးတော်၌
၂၀၁၄ ခုနှစ် တရားမကြီးမှုအမှတ်-၁၉

ဒေါ်နီနီခိုင် နှင့် ၁။ ဒေါ်တင်မြင့်(ခ)ခင်လေးနွယ်
၂။ ဦးဘိုစိန်

တရားလို **တရားပြိုင်များ**

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ (၃)ရပ်ကွက်၊ မာန်ပြေ ၁၂ လမ်း၊ အမှတ် ၅၁၆/ကနေ တရားပြိုင်များဖြစ်ကြသော ဒေါ်တင်မြင့်(ခ)ခင်လေးနွယ်နှင့် ဦးဘိုစိန် (ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်နီနီခိုင်က သီးခြားသက်သာခွင့်အက်ဥပဒေပုဒ်မ၁၂အရ ကတိပဋိညာဉ်အတိုင်း အိမ်နှင့်မြေအရောင်းအဝယ်မှတ်ပုံတင် စာချုပ်ချုပ်ဆို၍ ဂရန်အမည်ပေါက်သည်အထိ ဆောင်ရွက်ပေးစေလိုမှုပြုလုပ်ပေးရန် လျှောက်ထားစွဲဆိုထားသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၄ ခုနှစ်မတ်၁၇ရက် (၁၃၇၅ခုနှစ် တပေါင်းလပြည့်ကျော်၂ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့်စာချုပ်စာတမ်းများနှင့် သင်ကထုချေ တင်ပြအမှီပြုလိုက်သည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၄ ခုနှစ် ဖေဖော်ဝါရီ ၂၈ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ကျော်ကျော်ဝင်း
မြို့နယ်တရားသူကြီး
သာကေတမြို့နယ်တရားရုံး

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သင်္ဃန်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၆/၃၊ မြေကွက်အမှတ် ၄၂၁/က၊ မြေကွက်တည်နေရာအမှတ်၄၂၁/က၊ ဓမ္မာရုံလမ်း၊ ၁၆/၃ရပ်ကွက်၊ သင်္ဃန်းကျွန်း ဦးဘအောင်၊ ဒေါ်စိုး အမည်ပေါက် နှစ်၆၀ဂရန်မြေအား အမည်ပေါက်ဦးဘအောင်(ဖခင်)နှင့် ဒေါ်စိုး(မိခင်)တို့ ကွယ်လွန်သဖြင့် ဦးလှမင်းအောင် ၁၂/သဃက(နိုင်) ၀၂၃၁၆၀ ၊ ဦးကျော်မင်း အောင် ၁၂/သဃက(နိုင်)၀၂၃၁၆၃တို့က သားများတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် GP No. ၂၆၁၇၆၊ ၁၈-၁၂-၁၃ ရသူ ဒေါ်သန်းသန်းဦး ၇/မလန(နိုင်) ၀၆၄၅၈၂ မှ ပါဝါပေးသူ သက်ရှိထင်ရှားရှိကြောင်းနှင့် ပါဝါရုပ်သိမ်းခြင်း မရှိသေးကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ မြေပုံကူးလျှောက်ထားလာရာခိုင်လုံသော အထောက်အထားများဖြင့်၁၄ရက်အတွင်းကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၅၊ မြေကွက်အမှတ် ၁၁၁၇၊ မြေကွက်တည်နေရာအမှတ် ၁၁၁၇၊ (၄၅)ရပ်ကွက်၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ် ဒေါ်သီတာ MTTA-၀၀၅၈၈၄အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဒေါ်သီတာ ၈/ဂဂန(နိုင်) ၀၈၅၉၉၇ကိုယ်တိုင်မှ နှစ်၆၀ ဂရန်ပျောက်ဆုံးကြောင်း ရပ်ကွက်ထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်၊ ဌာနဝန်ခံချက်နှင့် တရားရုံးကျမ်းကျိန်လွှာတင်ပြ၍ နှစ်၆၀ မြေငှားစာချုပ်(ဂရန်)မိတ္တူ လျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေး
ကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၁၊ မြေကွက်အမှတ် ၉၅၉၊ မြေကွက်တည်နေရာအမှတ် ၉၅၉၊ (၄၁)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ဦးစောလွင် J/RGN-၀၂၂၁၁၉အမည်ပေါက် နှစ်၆၀ ဂရန်မြေအား အမည်ပေါက် ဦးစောလွင် ကွယ်လွန်သဖြင့် ဒေါ်တင်ရီ ၁၂/တမန(နိုင်)၀၅၉၃၇၈က တစ်ဦးတည်းသော ဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် ၂၆၁၃၈/၁၃ (၁၈-၁၂-၁၃)ဖြင့် ကိုယ်စားလှယ်ရရှိသူဒေါ်နုနုခင် ၂/ဖဆန(နိုင်)၀၀၂၈၁၈ မှ ပါဝါပေးသူသက်ရှိထင်ရှားရှိကြောင်းနှင့် ပါဝါ ပြန်လည်ရုပ်သိမ်းခြင်းမရှိကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန်၊ အရောင်းအဝယ်စာချုပ်ရန် မြေပုံကူး လျှောက်ထားလာရာ ခိုင်လုံသောအထောက် အထားများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေး
ကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄၁ ၊ မြေကွက်အမှတ် ၁၀၄၃(ခ)၊ ဒေါ်ဟာမူဒါဘီ(ခ)ကမူတာဘီ အမည်ပေါက် ပါမစ်မြေအား အမည်ပေါက် ဒေါ်ဟာမူဒါဘီ(ခ)မလှမြင့် ၁၂/တမန(နိုင်) ၀၈၈၄၃၉ကိုယ်တိုင်မှ ပါမစ်မူရင်းပျောက်ဆုံးကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးနှင့် ရဲစခန်းထောက်ခံစာ၊ တရားရုံးကျမ်းကျိန်လွှာတင်ပြ၍ ပါမစ်ပျောက်ဖြင့် နှစ် ၆၀မြေငှားစာချုပ်(ဂရန်) လျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေး
ကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံအရှေ့မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၃၃ ၊ မြေကွက်အမှတ်၈၁၈၊ မြေကွက်တည်နေရာအမှတ်-၈၁၈၊ ၁၃၃ ရပ်ကွက်၊ ဒဂုံအရှေ့မြို့နယ် ဦးစိုးမြင့် အမည်ပေါက် ပါမစ်မြေအား အမည်ပေါက် ဦးစိုးမြင့်ထံမှအရပ်စာချုပ်ဖြင့်ဝယ်ယူထားသူ ဦးမင်းသိန်း ၁၂/ရကန(နိုင်)၀၁၇၉၇၇က ပါမစ်နှင့် အရောင်းအဝယ်စာချုပ် ပျောက်ဆုံးကြောင်းကျမ်းကျိန်လွှာ၊ ရဲစခန်းနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူး ထောက်ခံချက်များတင်ပြ၍ပါမစ်ပျောက်ဖြင့် နှစ်၆၀ မြေငှားစာချုပ်(ဂရန်) လျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေး
ကော်မတီ

ကျေးဇူးအထူးတင်ရှိခြင်း
ဘဒ္ဒန္တပဏ္ဍိဝ မဟာထေရ်
သက်တော်(၈၆)နှစ်၊ သိက္ခာတော်(၆၆)ဝါ
ထန်းတပင်ကျောင်းတိုက် ဦးစီးပဓာန နာယကဆရာတော်
အမှတ်(၃)ရပ်ကွက်၊ လှည်းတန်း၊ ကမာရွတ်မြို့နယ်

၂၂-၂-၂၀၁၄ရက်(စနေနေ့)တွင် ဘဝနတ်ထံပျံလွန်တော်မူခဲ့သော ဆရာတော်ကြီးဘဒ္ဒန္တပဏ္ဍိဝ မဟာထေရ်၏ ရုပ်ကလာပ်တော်အား အပူဇော်ခံထားရှိသောကာလနှင့် ၂၈-၂-၂၀၁၄ရက် (သောကြာနေ့)တွင် ကျင်းပပြုလုပ်အပ်သော အန္တိမအဂ္ဂိစျာပန အခမ်းအနား၌ ရေဝေးသုသာန်သို့ ပို့ဆောင်ရာတွင် အဘက်ဘက်မှပါဝင်ကူညီဆောင်ရွက်ပေးတော်မူခဲ့ကြသော မြို့နယ်သံဃနာယက ဆရာတော်ကြီးများ၊ ကျောင်းတိုက်အသီးသီးမှ ဆရာတော်သံဃာတော်များ၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ခင်နှင့် ဇနီးဒေါ်မြင့်မြင့်သန်း၊ ကမာရွတ်မြို့နယ်မှ ဌာနဆိုင်ရာအကြီးအကဲများ၊ ရပ်ကွက်အဖွဲ့အစည်း အသီးသီးမှတာဝန်ရှိသူများ၊ မြောက်ဥက္ကလာပမြို့နယ် အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ နာရေးကူညီမှုအသင်း(ရန်ကုန်)နှင့် မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအသီးသီးတို့မှ လိုက်ပါပို့ဆောင်ပေးကြပါသော တပည့်ဒါယကာ၊ ဒါယိကာမများ၊ ဆွေတော်မျိုးတော်များနှင့် ဝတ်အသင်းများ၊ အနုပညာရှင်များ၊ လူငယ်မောင်မယ်များအားလုံးကို အထူးပင် ကျေးဇူးဥပကာရတင်ရှိပါ ကြောင်း။ (ဆရာတော်ကြီး နာမကျန်းဖြစ်စဉ်ကပင် လာရောက်ပြုစုပေးကြသော တော်ပြာကျေးရွာမှ တပည့်ဒါယကာ၊ ဒါယိကာမ အပေါင်းတို့အား အထူးသဖြင့် ကျေးဇူးတင်ရှိပါသည်။)

ဈာပနဖြစ်မြောက်ရေးကော်မတီ
လှည်းတန်း၊ ထန်းတပင်ကျောင်းတိုက်၊ အမှတ်(၃)ရပ်ကွက်၊ ကမာရွတ်မြို့နယ်

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ရေတွင်း၊ ရေတင်စက် ဒါယိကာမကြီး
ဒေါ်အုန်းကြည်(ဘုတလင်)
အသက်(၉၃)နှစ်

စစ်ကိုင်းတိုင်းဒေသကြီး၊ ဘုတလင်မြို့နေ (ဦးစံဖြိုး-ဒေါ်အေးမြ)တို့၏သမီး၊ (ဦးလှဖေ)၏ဇနီး၊ မန္တလေးမြို့၊ ရေပန်းတိုက်၊ သီရိဓဇဘုတလင်ကျောင်း ဆရာတော် ဦးသီရိဓမ္မ၊ မုံရွာမြို့၊ ဆူးလေကုန်းရပ်နေ ဦးလှဘော်(အောင်ရတနာရွှေဆိုင်)၊တောင်ဥက္ကလာပမြို့နယ်၊ သစ္စာလမ်းနေ ဒေါ်သန်းနုတို့၏အစ်မ၊ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၄/၁)ရပ်ကွက်၊ အမှတ် ၇၁/၁နေ ဦးအောင်ကြီး(မြဝတီဘဏ်ရုံးချုပ်)၊ ဒေါ်တင်ဦး(စာရင်းစစ်ချုပ်ရုံး၊ ငြိမ်း)၊ လမ်းမတော်မြို့နယ်၊ ဗဟိုစည်အိမ်ရာ၊ တိုက်အမှတ် ၂၇/၂၈/ဘီ၊ အခန်း ၆ နေ ပါမောက္ခ ဒေါက်တာစောဝင်း[ပါမောက္ခ/ဌာနမှူး(ငြိမ်း)၊ ကလေးကျန်းမာပညာဌာန၊ ဆေးတက္ကသိုလ်(၁)၊ ရန်ကုန်၊ အထွေထွေအတွင်းရေးမှူး၊ မြန်မာနိုင်ငံဆရာဝန်အသင်း]-ဒေါ်နန်းဖြူဖြူတို့၏ မိခင်ကြီး၊ ကိုဟန်ဇော်၊ ကိုမျိုးကျော်(String Music Studio)၊ မဆုလှိုင်ဦး(ခေတ္တ-ယူကေ)၊ မောင်ဌေးအောင်ဝင်း(ခေတ္တ-ယူအက်စ်အေ)တို့၏ အဘွားသည် ၂-၃-၂၀၁၄ရက် ညနေ ၇:၄၀နာရီတွင် ဗဟိုစည်နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၄-၃-၂၀၁၄ရက်(အင်္ဂါနေ့)မွန်းလွဲ ၁နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား သိစေအပ်ပါသည်။(လမ်းမတော်မြို့နယ် နေအိမ်မှ ကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး
ဦးထွန်းရွှေ (မိုးကုတ်ယောဂီ)
အသက်(၉၁)နှစ်

ဖျာပုံမြို့နယ်၊ (၆)ရပ်ကွက်၊ အမှတ် ၇ (ဒုတိယထပ်)နေ ဒေါ်မြိုင်၏ခင်ပွန်း၊ ဦးအေးထွန်း-ဒေါ်သန်းသန်းရှိန်တို့၏ဖခင်၊ ဗိုလ်ကြီးထက်နောင်ထွန်း(လ·န·စ)၊ မောင်ကောင်းဖြိုးရှိန်တို့၏အဘိုးသည် ၃-၃-၂၀၁၄ရက် နံနက် ၂:၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅-၃-၂၀၁၄ရက် မွန်းလွဲ ၁နာရီတွင် ဖျာပုံမြို့ လိပ်ဥကုန်းသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဒေါ်ခင်အေးကြည်
အသက်(၇၅)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၆)ရပ်ကွက်၊ ဗန္ဓုလလမ်း၊ အမှတ် ၆၆၀နေ (ရဲဝန် ထောက် ဦးကြည်မောင်-ဒေါ်ထားခင်)တို့၏သမီး၊ (ဦးဘိုးသာ-ဒေါ်စောရီ)တို့၏ချွေးမ၊(ဦးသိန်းဆင့်၊ လ/ထ ညွှန်မှူး၊ လဝက)၏ဇနီး၊ ဦးခင်မောင်သိန်း-ဒေါ်မာလာကျော် (Ever Nice Salt)၊ (ဦးမြင့်အုန်း)-ဒေါ်ခင်မာဆင့် (ဦးစီးမှူး၊ လဝက၊ နေပြည်တော်)၊ ဒေါ်သီဂီဆင့်၊ ဦးအောင်ကြည်သိန်း (၆၆၀ စတိုး)၊ ဦးမိုးကျော်ဦး-ဒေါ်မိုးစန္ဒာဆင့် (မိဘအရိပ်)၊ ဦးခင်လှိုင် (စွမ်းအင်၊ နေပြည်တော်)-ဒေါ်ကလျာဆင့် တို့၏မိခင်၊ မောင်ကျော်ဝင်းသိန်း (ဇေယျာသီရိမြို့နယ်၊ လဝက)နှင့် မြေး ရှစ်ယောက်တို့၏အဘွားသည် ၃-၃-၂၀၁၄ရက် (တနင်္လာနေ့) နံနက် ၉:၁၀နာရီတွင် အရှေ့အနောက်ပါရမီဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ၅-၃-၂၀၁၄ရက် ညနေ၅:၃၀နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ ညနေ ၄:၁၅နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း

ကာကွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သော်၏ဇနီး ဒေါ်တင်မေသိန်းသည် ၂၈-၂-၂၀၁၄ ရက် နံနက် ၉:၁၅နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

နီဦးခဲနှင့်ဇနီး

အထူးဝမ်းနည်းကြေကွဲခြင်း
ဦးရဲအောင်
အသက်(၄၅)နှစ်

ဦးရဲအောင် (MDEG Co.,Ltd.)(MD) အသက်(၄၅)နှစ်သည် ၁-၃-၂၀၁၄ ရက်တွင် ကွယ်လွန်ကြောင်းကြားသိရပါ၍ မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဦးအရှန်းကူးမား၊ ပြည်နယ်မန်နေဂျာနှင့်
မွန်ပြည်နယ်ဆက်သွယ်ရေးဝန်ထမ်းများ

အထူးဝမ်းနည်းကြေကွဲခြင်း
ဦးရဲအောင်
အသက်(၄၅)နှစ်

ကျေးဇူးရှင် ဆရာဦးရဲအောင် MDEG Co.,Ltd. (MD) အသက်(၄၅)နှစ်သည် ၁-၃-၂၀၁၄ရက်တွင် ကွယ်လွန်ကြောင်းကြားသိရပါ၍ မိသားစုနှင့်အတူ ဝမ်းနည်းကြေကွဲရပါကြောင်းနှင့် ဆရာ ကောင်းရာသုဂတိလားပါစေကြောင်း ဆုတောင်းပါသည်။

ဦးယဉ်ထွေး-ဒေါ်ဖြိုးဖြိုးစံ

ကြော်ငြာ

ဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

ဒေါ်ပိုသွင်

(တောင်ကုတ်-ရွာမ)

အသက်(၉၄)နှစ်

ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမြင့်လှိုင်၏မိခင် ဒေါ်ပိုသွင်သည် ၂-၃-၂၀၁၄ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

ဦးခင်အောင်မြင့်၊ ဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော်

ဝမ်းနည်းကြေကွဲခြင်း

ဒေါ်တင်မေသိန်း

အသက်(၆၄)နှစ်

ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သော်၏ဇနီး ဒေါ်တင်မေသိန်း အသက်(၆၄)နှစ်သည် ၂၈-၂-၂၀၁၄ရက် (သောကြာနေ့) နံနက် ၉း၄၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ပြည်ထောင်စုဝန်ကြီး ဦးခင်ရီ-ဇနီး ဒေါ်ခင်မေစိုး မိသားစု

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန

ဝမ်းနည်းကြေကွဲခြင်း

ဒေါက်တာမျိုးမြင့်

ညွှန်ကြားရေးမှူးချုပ်(ငြိမ်း)

သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန

သာသနာရေးဝန်ကြီးဌာန

အသက်(၇၁)နှစ်

